www.burmeseclassic.com

ငွေတမာန်

# ပြဿနာရှာမို့ တို့လာတယ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



■ ပထမအကြိမ်
၂၀၁၀-ခုနှစ်၊ မေလ
■ တန်ဖိုး ၁၃၀၀-ကျပ်
■ အုပ်ရေ ၅၀၀
■ စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၂၇၀၃၁၀
■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၃၉၀၃၁၀
■ ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
■ ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(၈၊၃-လွှာ)မြို့ပတ်လမ်း၊ပုသိမ်ညွှန့်စံပြရပ်ကွက်၊
ကျောက်မြောင်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
09-5073513
မှ
ဖြန့်ချိသည်

၈၉၅ .၈၃
နွေတမာန်
ပြည်သနှာရှာဖို့ တို့လာတယ် / နွေတမာန်။ -ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၁၆၉ - စာ၊ ၁၃ စင်တီ × ၂၁ စင်တီ။
(၁) ပြည်သနှာရှာဖို့ တို့လာတယ်



www.burmeseclassic.com

www.burmeseclassic.com




စီစဉ်သူ

ချော်ကလျာမိမိကျော်

# နွေတမာန်

## ပြဿနာရှာဖို့တို့လာတယ်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

BURMESE CLASSIC

မနေ့က ဆယ်တန်းအောင်စာရင်းထွက်သည်။

ယနေ့တွင် ဦးရေခုနစ်ယောက်ပါဝင်သော ဆယ်တန်းအောင် ကျောင်းသားကျောင်းသူများ ပြင်ဦးလွင်သို့ပျော်ပွဲစားခရီးထွက်လာကြသည်။

လူငယ်များသည် တက်ကြွ ပျော်ရွှင်စွာပင် ပြင်ဦးလွင်မြို့နှင့် အနီး ပတ်ဝန်းကျင်အနှံ့ကို လည်ပတ်ကြသည်။ သူတို့သည် ဆယ်တန်း အောင်ခါစ လူငယ်များဖြစ်သည့်အားလျော်စွာ ရွှင်ရည်ရွှင်ယ်များ၊ မျှော်လင့်ချက်များဖြင့် တက်ကြွလန်းဆန်းနေကြလေသည်။

သူတို့အားလုံး၏မိဘများမှာလည်း မန္တလေးမြို့တွင် အထိုက်အလျောက် ကြွယ်ဝချမ်းသာကာ သားသမီးများကို လိုလေသေးမရှိအောင်ပံ့ပိုးပေးနိုင်သော မိဘများဖြစ်ကြလေသည်။

ယနေ့ ပြင်ဦးလွင်ကို ထွက်လာသည်ကပင် သူတို့အုပ်စုထဲက အောင်မြင့်မြတ်မိဘများက သူတို့ပိုင် တောင်းအေ့စ်ကားကို ပေးလိုက်ခြင်းဖြစ်သည်။ ဆယ်တန်းအောင်ထားခါစဖြစ်၍ အားလုံးကို မိဘများကအလိုလိုက်ထားကြသည်။ သုံးစွဲရန်ငွေကြေးများလည်း လုံလောက်အောင် ပေးလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ခုနစ်ဦးအပြင် လူကြီးဆို၍ ကားမောင်းပို့သော အောင်မြင့်မြတ်တို့အိမ်က ဒရိုင်ဘာဦးလေးကြီး ဦးတင်လှတစ်ယောက်သာပါသည်။

သူတို့ အုပ်စုထဲတွင် မိန်းကလေးက သုံးယောက်။

အေးမြင့်ကြည်၊ သီသီမာနှင့် ဖြိုးအိသွယ်။

ယောက်ျားလေး လေးယောက်က…အောင်မြင့်မြတ်ရယ်၊ ကျော်ဇင်ထူးရယ်၊ စိုးရရယ်၊ အောင်အောင်ဦးရယ်။

အလာကတည်းက ကားပေါ်တွင် ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်ကို အားလုံးက စ,နောက်၍လာကြသည်။ တစ်အုပ်စုလုံးမှာ ၁၆-နှစ်ကျော် ၁၇-နှစ်အရွယ် ဆယ်တန်းအောင်ခါစလူငယ်လေးများသာဖြစ်သည်။ ဆယ်တန်းတွင် နှစ်ချင်းပေါက်အောင်ရန်၊ ဂုဏ်ထူးများများပါရန်နှင့် အမှတ်များများရရန်သာ အချိန်ပြည့်ကြိုးစားခဲ့ရသူများမို့ အချစ်ရေး ကိစ္စတွင် ကင်းရှင်းကြသည်။

ချစ်သူရည်းစားထားဖို့ အချိန်လည်း မရခဲ့ကြ။

သည်အထဲမှာ ထူးထူးချွန်ချွန် ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်တို့က ချစ်ကြိုးသွယ်မိကြသည်။ အသည်းချင်းဖလှယ်မိခဲ့ကြသည်။

ဆယ်တန်းဖြေအပြီး နွေရာသီကျောင်းပိတ်ရက်မှာ ချစ်သူရည်းစားများအဖြစ် ထင်ထင်ပေါ်ပေါ်ဖြစ်ခဲ့ကြပါသည်။

တက္ကသိုလ်မရောက်မီ ရည်းစားထားခဲ့ကြသော်လည်း နှစ်ယောက်စလုံး ကျောင်းစာမှာတော့ မလစ်ဟင်းခဲ့ပါ။ ဖြိုးအိသွယ်က ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်ထားသည်။ ကျော်ဇင်ထူးကတော့ ဂုဏ်ထူးလေးခုပါသည်။

ယခုလို လူငယ်တွေချည်းလွတ်လွတ်လပ်လပ် ပျော်ပွဲစားခရီးထွက်လာကြတော့ ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်တို့အတွဲသည်သာ ကျန်သူများအတွက် စ,စရာနောက်စရာဖြစ်နေရတော့သည်။

မန္တလေးမှကားစထွက်ကတည်းက သူတို့နှစ်ယောက်ကို ရှေ့ခန်း ခုံတန်းတွင် အတူထိုင်စေသည်။ ဖြိုးအိသွယ်က ရှက်နေပြီး အတူ မထိုင်။ မိန်းကလေးသူငယ်ချင်းနှစ်ယောက်ထိုင်နေသောခုံတန်းမှာ အလယ်ထဲက အတင်းဝင်တိုးထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွင် ကက်ဆက်နှင့်ဂစ်တာနှစ်လက်လည်း ယူလာကြရာ ကားပေါ်၌ ကက်ဆက်သံရော၊ ဂစ်တာသံများပါ ဆူညံနေတော့သည်။ ဒရိုင်ဘာကြီးဦးတင်လှပင် လူငယ်များနှင့်ရောပျော်ကာ တဟဲဟဲနှင့် သဘောကျမဆုံး ဖြစ်နေတော့၏။

ပြင်ဦးလွင်မြို့အနီးရောက်လည်တော့လည်း နေရာတိုင်းမှာ သူတို့အုပ်စုအသံကသာ အကျယ်ဆုံး။

နေ့လည်စာစားအပြီးတွင် ပိတ်ချင်းမြောင်ကိုရောက်သွားကြသည်။

အောင်မြင့်မြတ်က သူ့မှာပါလာသောကင်မရာလေးဖြင့် တစ်လမ်းလုံး ဓာတ်ပုံရိုက်လာ၏။ တစ်ဖွဲ့လုံးပုံများကို ကားပေါ်မှာကတည်းကရိုက်လာခြင်းဖြစ်သည်။ ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်ကို နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ပေးရန်ကြိုးစားသော်လည်း ဖြိုးအိသွယ်က ဆက်မခံ၍ မရိုက်ခဲ့ရပေ။

ရုက္ခဗေဒဉယျာဉ်၊ ဘို့အိုးရေတံခွန်စသည်များမှာ ဓာတ်ပုံရိုက်တော့လည်း အဖွဲ့လိုက်ပုံများ၊ တစ်ဦးချင်းပုံများသာရိုက်ဖြစ်ပြီး ကျော်ဇင်ထူးနှင့်တွဲ၍ဓာတ်ပုံရိုက်ပေးမည်ဆိုသည်ကို ဖြိုးအိသွယ်က ငြင်းနေ၍ မရိုက်ဖြစ်ခဲ့ပေ။

ပိတ်ချင်းမြောင်မှာတော့ သူတို့အုပ်စု အချိန်အတော်ကြာကြာ နားဖြစ်ခဲ့ပါသည်။

လိုဏ်ဂူထဲဝင်ရင်း နှစ်ယောက်တစ်တွဲစီ လူစုကွဲသွားကြသည်။ ကျော်ဇင်ထူးနှင့်နှစ်ယောက်တည်းတွဲသွားရမှာ ရှက်နေသောဖြိုးအိသွယ်လည်း ယခုမှပင် ကျော်ဇင်ထူးနှင့်နှစ်ယောက်တွဲကာ ပျောက်သွားကြသည်။

ဒရိုင်ဘာကြီးဦးတင်လှကတော့ လူငယ်များကိုစောင့်ရင်း စားသောက်ဆိုင်တွင် ဗိုင်တစ်ပုလင်းနှင့်ငြိမ့်နေ၏။

ညနေငါးနာရီထိုးတော့ အောင်မြင့်မြတ်က ပြန်ကြဖို့ခေါ်သည်။ သူငယ်ချင်းတွေကိုလိုက်ရှာတော့ ကျန်သူအားလုံးဆုံမိသော်လည်း ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်ကို ရှာမတွေ့ကြ။

အားလုံးပင် ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်နာမည်များကို အော်ခေါ်ရင်းလိုက်ရှာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရေတံခွန်ထိပ်မှာရောက်နေသောသူတို့ နှစ်ယောက်ကို ရှာလို့တွေ့သွားသည်။

"ဟေး…ငါတို့ဒီမှာကွ…"

သူတို့နာမည်များကိုအော်ခေါ်ရင်း လိုက်ရှာနေကြသည့်သူငယ်ချင်းများကို ကျော်ဇင်ထူးက တစ်ဖက်ကမ်းထိပ်မှလှမ်းအော်ရင်း အသံပေးလိုက်သည်။

ရေတံခွန်နှင့်လိုဏ်ဂူရှိသည့်ဘက်မှာ လှိုဏ်ကြီးတစ်ခုခြားနေသည်။ ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်က ချောက်ကမ်းပါးထိပ်တွင်ရပ်နေကြခြင်းဖြစ်သည်။ အောင်မြင့်မြတ်က ထိုမြင်ကွင်းကိုအလွတ်မခံဘဲ သည်ဘက်ကမ်းမှလှမ်း၍ဓာတ်ပုံရိုက်လိုက်လေသည်။

"အကောင်းဆုံးပုံပဲဟေ့"

အေးမြင့်ကြည်က အော်လိုက်သည်။

တကယ်လည်း ထိုပုံလေးမှာ သဘာဝကျစွာဖြင့်လှပနေမည် မလွဲပေ။ ချောက်ကမ်းပါးထိပ်မှာရပ်နေသောချစ်သူစုံတွဲ၊ နောက်ခံက ညနေရီတိမ်ရောင်စုံများနှင့်…။

"အေး…ဒါနောက်ဆုံးပုံပဲ၊ ဖလင်လဲ ကုန်သွားပြီဟေ့"

အောင်မြင့်မြတ်က ကင်မရာကိုသိမ်းရင်းပြောလိုက်သည်။

ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ် သည်ဘက်ကမ်းကိုပြန်ရောက်လာတော့ အောင်မြင့်မြတ်က မေးလိုက်သည်။

"မင်းတို့ ဘာသွားလုပ်ကြတာလဲ"

ကျော်ဇင်ထူးက ပြောဖို့ပြင်သည်ကို ဖြိုးအိသွယ်က ကျော်ဇင်ထူးလက်ကိုလှမ်းဆွဲကာ…

"ထူး…မပြောနဲ့၊ မဖြောလိုက်နဲ့"

ဟု ဟန့်တားလိုက်သည်။

"ဟုတ်တယ်၊ မပြောဘူး၊ မင်းတို့ကိုမပြောနိုင်ဘူး"

"မပြောရင်လည်း နေပေါ့ကွာ"

ရယ်သံများဖြင့် ဆူညံသွားကြသည်။

ပျော်နေသူများအဖို့ ဘာမဆိုရယ်စရာဖြစ်နေခြင်းပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာလည်း ပျော်ခဲ့ကြသည်။

ကားပေါ်မှာလည်း ဂစ်တာသံတညံညံ၊ သီချင်းသံတညံညံဖြင့် တစ်လမ်းလုံးပျော်လာခဲ့ကြသည်။

စိုးရနှင့်အောင်အောင်ဦးက ဝယ်လာသောဝိုင်ပုလင်းများကို ဖောက်သောက်ကြသည်။ ကားမောင်းနေသော ဦးတင်လှကိုလည်း ပုလင်းလိုက်ပါးစပ်တွင်တေ့ပေးကာ တိုက်လိုက်သေးသည်။

ယောက်ျားလေးအားလုံးက ဝိုင်များကိုသောက်လာကြ၏။

နေက ရာဖြည်းဖြည်းကျလာသည်။ မှောင်ရီသမ်းလာသည်။

သူတို့ကားက အနီးစခန်းကိုဖြတ်လာခဲ့သည်။ နှစ်ဆယ့်တစ်မိုင်စခန်းကိုကျော်လာခဲ့သည်။

ကားပေါ်မှာပါလာသောလူငယ်များအားလုံးသည်လည်း သီချင်းသံတညံညံဖြင့် ပျော်ရွှင်လျက်ရှိကြလေသည်။ သူတို့သည် မန္တလေးကစထွက်ကတည်းက ပျော်ခဲ့ကြသည်။ စာမေးပွဲအောင်ထား၍ပျော်ရသောအပျော်ကယခုထိမကုန်နိုင်သေး။ ရယ်စရာစကားများပြောကာ၊ တစ်ယောက်နှင့်တစ်ယောက်စ၊ကာ၊ နောက်ကာ၊ သီချင်းများအော်ဆိုကာ နည်းအမျိုးမျိုးဖြင့်လူငယ်ဘာဝ ပျော်ရွှင်နေခဲ့ကြပါသည်။

အပျော်ကျူးခြင်း၏နောက်ဝယ် အပျက်က ကပ်ပါလာသည်မှာ ထုံးစံဖြစ်ပါသည်။

မှောင်ရီပျိုးစအချိန်...

အဆင်းအတက်ကြမ်းသော အကောက်အကွေ့များသော တောင်ဆင်းလမ်းသို့အရောက်...

ကားလမ်းဘေးမှ ရုတ်တရက်တက်လာသောနွားနစ်ကောင်ကိုမြင်လိုက်ရသောဦးတင်လှသည် ကားကို ညာဘက်သို့တိမ်း၍ရှောင်လိုက်သည်။

ဝိုင်အရက်များ သောက်ထား၍ စဉ်းစားဉာဏ် ချွတ်ယွင်းသွားသလားမသိပါ။ ကျဉ်းမြောင်းသောအဆင်းလမ်းတွင် နွားနှစ်ကောင်ကိုဝိုက်၍ ကွေ့လိုက်မိခြင်းသည် ကြီးမားသော အမှားကြီးပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသည် ညာဘက်ခြမ်းမှ ချောက်ထဲသို့ထိုးကျသွားသည်။

သစ်ပင်ကြီးများခံနေ၍ အောက်ခြေအထိတော့ကျမသွား။

သို့သော်ကားသည် အရှိန်ပြင်းစွာလိမ့်ထွက်သွားကာ နှစ်ပတ်သုံးပတ်လည်၍ ချောက်ထဲသို့ကျသွားလေ၏။

■

အေးအေးလွင်သည် ရှေ့မှကားတစ်စီးချောက်ထဲသို့ လိမ့်ကျသွားပုံကိုမြင်လိုက်ကာ ရူးရူးဝါးဝါးအော်လိုက်မိသည်။ ခင်ပွန်းဖြစ်သူ ဒေါက်တာမြတ်သူ၏လက်မောင်းကိုလည်း ဆုပ်ကိုင်လိုက်မိလေသည်။

"မကြည့်နဲ့…, အေး၊ မကြည့်နဲ့…"

ဒေါက်တာမြတ်သူက ကိုယ်ဝန်ဆောင်ထားခါစ ဇနီးဖြစ်သူကို သတိပေးလိုက်သည်။ ကိုယ်တိုင်ကလည်း ကားကိုလမ်းဘေးထိုးရပ်ကာ ကားထိုးကျသွားသည့်နေရာကိုပြေးသွားမိသည်။

နောက်မှပါလာသောခရီးသည်တင်ကားတစ်စီးကလည်း ထိုးရပ်လိုက်သည်။

ဒေါက်တာမြတ်သူသည် ဆရာဝန်တစ်ယောက်ဖြစ်သည့်အား လျော်စွာ မှောက်သွားသောကားပေါ်မှလူနာများကို ရှေးဦးသူနာပြုနည်းဖြင့် ကူညီပေးနိုင်ခဲ့သည်။

ဒေါက်တာမြတ်သူကပင် ဖြတ်သွားသောကားများကိုအကူအညီ တောင်းကာ လူနာများကိုတင်ဆောင်စေပြီး မန္တလေးဆေးရုံကြီးသို့ ဆောင်လာခဲ့သည်။

ကံအားလျော်စွာဒေါက်တာမြတ်သူသည် မန္တလေးမြို့သူ ဆေး ရုံကြီး၏ အရေးပေါ်ဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်၍ ကား

အိမ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်မှတွင်ပါဝင်သူများအား ကိုယ်တိုင်ကြပ်မတ်ကုသပေးနိုင်ခဲ့ပါသည်။

သို့ရာတွင်ကားပေါ်၌ပါလာသူ (၈)ဦးအနက် (၄)ဦးမှာ အသက်ရှင်လွတ်ခဲ့ရလေသည်။

ဒရိုင်ဘာဦးတင်လှ၊ ကျော်ဇင်ထူးဆိုသောလူငယ်လေးတို့မှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ခြင်းဖြစ်သည်။ အောင်အောင်ဦးဆိုသူနှင့် သီသီမာဆိုသောမိန်းကလေးကတော့ ဆေးရုံသို့သယ်လာရာလမ်းမှာပင် အသက်ဆုံးပါးသွားခဲ့ရသည်။

ကျန်သူလေးဦး၏အသက်ကိုကယ်တင်နိုင်ခဲ့ပါသည်။

စိုးရနှင့်အေးမြင့်ကြည်တို့ကို အတွင်းလူနာအဖြစ် ကုသပေးထားရသည်။

ကံကောင်းသူများမှာ ဖြိုးအိသွယ်နှင့်အောင်မြင့်မြတ်တို့ဖြစ်သည်။

ကားတိမ်းမှောက်သွားရာတွင် အောင်မြင့်မြတ်က ကားရှေ့ခေါက်မှထွက်ကျခဲ့ကာ ဒဏ်ရာပင်မရပဲ သေဘေးမှလွတ်ခဲ့ရသည်။ သတိလစ်ဘဲ သူငယ်ချင်းများကို ကူညီပေးနိုင်ခဲ့သည်။

ဆေးရုံကြီးအရေးပေါ်ဌာနတွင်မူ သေဆုံးသူလူငယ်များ၏ ဆွေမျိုးအားချင်းတို့ အော်ဟစ်ငိုယိုသံများဖြင့် ငရဲပွက်သလိုဆူညံသွားခဲ့လေသည်။

ထိုအဖြစ်အပျက်မှာ ၁၉၈၉-ခုနှစ်၊ ဇူလိုင်လအတွင်းက ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



■

# အပိုင်း(၂)

■

ချမ်းအေးက နှင့် ချမ်းငြိမ်းခ တို့ကို ၁၉၉၀-ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။

ဒေါက်တာမြတ်သူနှင့်အေးအေးလွင်တို့၏ အမြွှာပူးသားများ အဖြစ် မွေးဖွားခဲ့ကြခြင်းဖြစ်သည်။ 'က'နှင့်'ခ'ကို မွေးဖွားသည့်အချိန်တွင် ဒေါက်တာမြတ်သူ ရန်ကုန်ဆေးရုံကြီး ကို ရောက်နေပါပြီ။

အမြွှာပူးသားလေးနှစ်ယောက်ကို နာမည်အတည်တကျ မမှည့် ခင် 'ကကြီး'နှင့်'ခခွေး'ဟု အလွယ်တကူခေါ်ဝေါ်ခဲ့ ကြသည်။ အကြီးလေးကို 'ကကြီး' အငယ်လေးကို 'ခခွေး' ဟု ခေါ်ခဲ့ကြ၏။ သားလေး နှစ်ယောက်မွေးဖွားချိန်မှာ မိနစ် ၂၀-ပဲ ကွာခြားပါသည်။

ဒေါက်တာမြတ်သူတို့ ကိုးကွယ်တဲ့ဘုန်းကြီးက နာမည်မှည့်ပေး ရာတွင် တနင်္လာသားလေးများဖြစ်၍ ချမ်းအေးနှင့်ချမ်းငြိမ်းဟု ပေးခဲ့ရာ မိဘများမှည့်ခေါ်ထားခဲ့သော 'က'နှင့်'ခ'စာလုံးများကို နာမည်နောက် တွင်ထည့်ကာ 'ချမ်းအေးက' 'ချမ်းငြိမ်းခ'ဟု တွင်လာကြတော့သည်။

အိမ်မှာတော့ ကလေးနှစ်ယောက်ကို 'က' 'ခ'ဟုသာ ခေါ်ဝေါ် နေခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနှင့်ခသည် အချင်းတစ်ခုတည်းမှမွေးဖွားလာသောအမြွှာများ ဖြစ်သည့်အားလျော်စွာ ရုပ်ရည်ချင်းခွဲမရအောင်တူလေသည်။ မည်မျှထိ တူသနည်းဆိုသော် ဖခင်ရင်းဖြစ်သူဒေါက်တာမြတ်သူကိုယ်တိုင်ပင် မခွဲခြား တတ်ခဲ့ပေ။ ကနှင့်ခကို ခွဲခြားတတ်သူဆို၍ မိခင်ရင်းဖြစ်သူဒေါ်အေးအေး လွင်တစ်ယောက်သာရှိပါသည်။

ကနှင့်ခတို့သည် အသက်သုံးနှစ်အရွယ်အထိ အခြားကလေး များနည်းတူကြီးပြင်းလာခဲ့ကြသည်။

အသက်သုံးနှစ်အရောက်တွင်···

ချမ်အေးက ခေါ် က,သည် ထူးဆန်းသောစကားများကိုပြော တတ်ခဲ့သည်။ အသက်သုံးနှစ်အရွယ်သည် စကားကိုရေရေလည်လည်ပြောတတ် ခါစအရွယ်ဖြစ်သည်။

"ကျွန်တော်က အရင်ဘဝတုန်းက ကားတိုက်လို့သေခဲ့တာ"

က,ပြောသောစကားကိုကြားသည့်အခါ မိခင်ဖြစ်သူအေးအေး လွင်မှာ အံ့ဩပင်တုန်လှုပ်သွားခဲ့လေသည်။

"အရင်ဘဝက ကျွန်တော့်နာမည်က ကျော်ဇင်ထူးတဲ့"

နာမည်နှင့်တကွ အတိအကျပြောလာသည့်အခါ မိဘများသည် ရှုမထားဘဲ နေလို့မရတော့ချေ။

"ဟုတ်ရဲ့လားသားရယ်···သားကဘယ်လိုမှတ်မိနေတာလဲ"

"မှတ်မိတာပေါ့မေမေ၊ သားတို့သူငယ်ချင်းတွေ ဆယ်တန်း အောင်လို့ ပြင်ဦးလွင်ကို ပျော်ပွဲစားထွက်လာကြတာလေ၊ အပြန်မှာ ကားမှောက်တယ်၊ သား သေတော့ မေမေ့ကိုတွေ့ပြီး မေမေ့နောက် လိုက်လာတာ"

"အို···"

လွန်ခဲ့သောလေးနှစ်ခန့် ဒေါက်တာမြတ်သူမန္တလေးဆေးရုံကြီး တွင်တာဝန်ထမ်းဆောင်စဉ်က ပြင်ဦးလွင်မှအပြန် ကားမှောက်မှုတစ်ခု နှင့်ကြုံခဲ့ရသည်ကို အေးအေးလွင်ပြန်ပြီးသတိရလိုက်သည်။

"သားသူငယ်ချင်းတွေ သားလိုပဲ သေကုန်ကြသလား၊ သိချင် လိုက်တာမေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားမှောက်မှုဖြစ်စဉ် အသေးစိတ်ကို ထိုစဉ်ကတည်းက အေးအေးလွင် မသိခဲ့ချေ။ အေးအေးလွင်က ခင်ပွန်းဖြစ်သူဒေါက်တာ မြတ်သူကို ပြန်မေးကြည့်ခဲ့သည်။ ဒေါက်တာမြတ်သူကိုယ်တိုင်လည်း ထိုအမှုတွင် ဘယ်နှစ်ယောက်သေ၍ ဘယ်နှစ်ယောက်သေတွင်းက လွတ်သွားသည်ကို မမှတ်မိတော့ပါ။

"က,ဟာ လူဝင်စားဆိုတာ ဟုတ်ရင်လဲ ဟုတ်မှာပေါ့ အေးရယ်၊ အဲဒီကားမှောက်မှုဖြစ်ခဲ့တာလဲ အမှန်ပဲ၊ ကားမှောက်တုန်းက အေး ကိုယ်တိုင်အနားမှာရှိနေခဲ့တာလဲ အမှန်ပဲလေ၊ က,ပြော သလိုဆိုရင် သူဟာ ကားမှောက်မှုမှာသေသွားတဲ့လူတစ်ယောက် ဖြစ်ရင်ဖြစ်နိုင်တာပေါ့၊ က, က သေပြီးပြီးချင်း အေးကိုတွေ့ပြီး အေး နောက်ကို လိုက်လာတယ်လို့ ပြောတာမဟုတ်လား"

"ဟုတ်တယ် ကို"

"အမှုဖြစ်စဉ်နဲ့တော့ ကိုက်နေတာပဲ၊ ပြီးတော့···အဲဒီတုန်းက အေးမှာ ကိုယ်ဝန်ရှိခါစလေ"

"ဟုတ်တယ်နော်ကို"

"ဒါပေမယ့်အေးရယ်···သားပြောတာတွေကို အေးက အလို လိုက်ပြီး နားထောင်မနေပါနဲ့ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ က,ဟာ လူဝင်စားဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ်တို့အတွက်က ဘာမျှမထူးခြားဘူးလေ၊ ကလေးကိုလဲ အရင်ဘဝကအဖြစ်တွေ ပြန်တွေးပြီး တမ်းတမနေစေချင်ဘူး၊ တကယ်တန်းကျ လူဝင်စားအမှန် ဖြစ်စေဦးတော့၊ ဟိုဘဝနဲ့ဒီဘဝ ဘာမျှမဆိုင်တော့ဘူး၊ သီးခြားလူတစ်ယောက် စီဖြစ်သွားပြီမဟုတ်လား၊ ကိုယ့်သားကို ဘဝဟောင်းကိုတမ်းတပြီး ကြီးပြင်းလာမှာမျိုး မဖြစ်စေချင်ဘူးအေး"

"ဟုတ်ပါတယ်ကို၊ အေးကလဲ က,ပြောတဲ့စကားတွေ ထူးခန်းလွန်းလို့စိတ်ဝင်စားမိတာပါ၊ သူ့ကိုအားပေးအားမြှောက်မလုပ်ပါဘူးကို၊ ပြီးတော့ အမြွှာနှစ်ယောက်မွေးလာတဲ့အထဲမှာ တစ်ယောက်က လူဝင်စား ဖြစ်နေတယ်၊ တစ်ယောက်ကတော့ လူဝင်စားမဟုတ်ဘူးဆိုတော့ ထူးခန်း သွားလားကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးရယ်...အေးလဲ ဘာသာရေးဆောင်းပါးတွေ ဖတ်ရှုသားပဲ၊ တကယ်တော့ သတ္တဝါတိုင်းဟာ ဘဝတွေတစ်ခုပြီးတစ်ခု ကျင်လည်နေရတာမဟုတ်လား၊ ကိုယ်တို့အေးတို့မှာလဲ အရင်ဘဝ ဆိုတာရှိမှာပဲ၊ ရှိနိုင်တာပဲလေ၊ မမှတ်မိလို့သာပဲမဟုတ်လား၊ ဇာတိဿရ ဉာဏ်ကောင်းတဲ့သူတွေက အရင်ဘဝကို မှတ်မိနိုင်တယ်တဲ့၊ က,ဟာ ဇာတိဿရဉာဏ်ကောင်းလို့ သူ့ဘဝဟောင်းကိုမှတ်မိနေတာပေါ့၊ ပြီးတော့ ဘဝဆက်ကလဲ နီးနေတယ်လေ၊ သေပြီးပြီးချင်း အေးဆီမှာဝင်စားလိုက်တော့ မကြာလှသေးတဲ့ဘဝကို မှတ်မိနေတဲ့သဘောပါ၊ အမြွာနှစ်ယောက်ထဲမှာ တစ်ယောက်တည်းက လူဝင်စားဖြစ်နေတယ်လို့ ပြောလို့ မရပါဘူး၊ ခ,ကတော့ သူ့ဘဝဟောင်းကိုမမှတ်မိတဲ့ ကိုယ်တို့လို သာမန်လူ ဖြစ်နေလို့ပေါ့အေးရယ်"

"ဟုတ်ပါတယ်ကို၊ က,က သူ့ဘဝဟောင်းအကြောင်းကို နာမည်နဲ့တကွပြောတတ်နေလို့ အေးက အံ့သြမိလို့ပါ"

ဒေါက်တာမြတ်သူ့ဆန္ဒအတိုင်း အေးအေးလွင်ကလည်း သားဖြစ်သူချမ်းအေးက,ကို အတိတ်ဘဝကို တမ်းတနေသူမျိုး မဖြစ်စေချင်ပါ။

သို့သော် က,က သူ့အတိတ်အကြောင်းကို အမည်နာမတွေနှင့်တစ်ကွပြောပြောနေသည့်အခါ အေးသည် မိန်းမသားပီပီ စိတ်ဝင်စားလာမိလေသည်။ အသေးစိတ်ကို မေးမြန်းစပ်စုမိလေသည်။

"သားနာမည်က အရင်ဘဝက ကျော်ခင်ထူး ဟုတ်လား၊ သားရဲ့မိဘတွေကရောကွယ်"

က,သည် မျက်မှောင်ကလေးကြုတ်ကာ စဉ်းစားနေခဲ့သည်။

"အဖေက ဦး...ဦးကျော်...အဲ...သားစဉ်းစားလို့ မရတော့ဘူး မေမေ၊ သားအမေနာမည်လဲ သားမေ့နေပြီ၊ ဒါပေမယ့် မေမေ့ နာမည်ထဲမှာ နှင်းပါတယ်ထင်တယ်၊ ဒေါ်နှင်း ..."

"တော်ပါတော့သားရယ်၊ မစဉ်းစားပါနဲ့တော့၊ သားခင်ပန်းပါတယ်"

"သားမှာချစ်သူရှိတယ်မေမေ၊ နာမည်က ပြုံးအိသွယ်တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါကျတော့ သားက မှတ်မိနေတယ်"

"ဟုတ်တယ်၊ သားသူငယ်ချင်းတွေ အေးမြင့်ကြည်ဆိုတာလဲရှိသေးတယ်၊ နောက်ပြီး အောင်အောင်…အောင်အောင်၊ ဘာပါလိမ့်…၊ သူနာမည်မှာ နောက်တစ်လုံးပါသေးတယ်၊ ပြီးတော့ စိုးစိုး…စိုးစိုးရာ"

"စိုးစိုးရာဆိုတာ မိန်းကလေးလား"

"မဟုတ်ဘူးမေမေ၊ ယောကျာ်းလေး၊ သူနာမည် စိုးစိုးရာလည်း မဟုတ်သေးပါဘူး၊ တစ်မျိုးပါ"

"စဉ်းစားမနေပါနဲ့တော့သားရယ်၊ သားပင်ပန်းပါတယ်၊ ဒါတွေကို မေ့လိုက်ပါတော့သားရယ်"

"သူတို့တွေ မန္တလေးမှာရှိကြသေးလား၊ သားသိချင်တယ် မေမေ သားလိုပဲ…သူတို့ရော သေသွားကြသလား၊ သားသိပ်သိချင်တယ်၊ ဖြိုးအိသွယ်…သူ…သူ…"

"တော်တော့သား၊ ဒီအကြောင်းတွေ သားဖေဖေရှေ့မှာ မပြောနဲ့နော်၊ ဖေဖေက မကြိုက်ဘူး၊ မေမေတို့ မန္တလေးကို နောက်တစ်ခါ သွားလည်ဖြစ်ရင် မေမေ စုံစမ်းပေးပါမယ်ကွယ်"

"မန္တလေးရောက်ရင် သား အားလုံးမှတ်မိမှာပါ"

အေးအေးလွင်က က,ကို အတိတ်ဘဝအကြောင်းတွေ တခြားသူတွေကိုမပြောဖို့ သတိပေးထားရသည်။

*အမြွှာညီအစ်ကိုဖြစ်၍ အမြဲတတွဲတွဲရှိနေသော ခ,ကတော့ က,ပြောသမျှအကြောင်းတွေကို အမြဲ ကြားသိနေရသည့်အတွက် အလွတ်ပင် ရနေပါပြီ။*

*က,ရဲ့အရင်ဘဝကနာမည်ဟာ ကျော်ဇေထူး ဆိုတာရော၊ က,ရဲ့အရင်ဘဝကချစ်သူဟာ ဖြိုးအိသွယ် ဆိုတာကိုပါ ခ,သည် ငယ်စဉ်ကတည်းက သိရှိမှတ်မိနေခဲ့လေသည်။*

■



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးအေးလွင်က 'က'ကို မန္တလေးလိုက်ပို့ပြီး စုံစမ်းပေးမယ်ဟု နှစ်သိမ့်ခဲ့သော်လည်း တကယ်တမ်းတွင် သူတို့ မန္တလေးသို့ မရောက်ဖြစ်ခဲ့ကြပါ။

'က'နှင့်'ခ'တို့ အသက်ခုနစ်နှစ်အရွယ်တွင် ဒေါက်တာ မြတ်သူ စင်ကာပူနိုင်ငံ၌အလုပ်သွားလုပ်သည်။ တစ်မိသားစုလုံး စင်ကာပူကို ပြောင်းခဲ့ကြသည်။ ကနှင့်ခလည်း စင်ကာပူနိုင်ငံမှာပင် ကျောင်းတက်ခဲ့ကြပါ၏။

'က'သည် သူ၏ယခင်ဘဝဟောင်းအကြောင်းကို ပြောဆဲပင်။

ဒေါ်အေးအေးလွင်က ဒေါက်တာမြတ်သူမှာထား၍ 'က'ဘဝဟောင်းအကြောင်းပြောသည့်အခါတိုင်း စကားထောက်မပေးတော့ပဲ စိတ်ဝင်စားသယောင်ပြု၍နေခဲ့သည်။ မိခင်ဖြစ်သူဒေါ်အေးအေးလွင်က မသိကျိုးကျွန်ပြု၍နေသည့်အခါ က,သည် ထိုအကြောင်းများအား အမြွှာ ညီအစ်ကိုဖြစ်သူ'ခ'ကို စိတ်လိုလက်ရ ပြောပြတတ်လေသည်။

ထို့ကြောင့် ခ,သည် က,၏ ဘဝဟောင်းက 'ကျော်ဇင်ထူး' အကြောင်းများကို ခရေစေ့တွင်းကျသိနေရလေသည်။ က,ပြောပါများ ၍ မှတ်မိနေရလေသည်။

*က,၏ဘဝဟောင်းကနာမည်မှာ* ***'ကျော်ဇင်ထူး'***။
*ကျော်ဇင်ထူး၏ရည်းစားက* ***'ဖြိုးအိသွယ်'***။ *သူငယ်ချင်းတွေက* ***'အေးမြင့်ကြည်' 'အောင်မြင့်မြတ်' 'အောင်အောင်ဦး'***။
*ဆိုသည်များကို ထိုသူများအား မမြင်ဖူးသည့်တိုင် နာမည်နှင့် အဖြစ်အပျက်တွေကိုတော့ အလွတ်ရ သိရှိနေခဲ့ပါလေသည်။*

ယင်းကဲ့သို့ သိရှိခဲ့ခြင်းသည်...

နောင်အခါတွင် 'က'နှင့်'ခ' တို့၏ဘဝ၌ ကြီးမားသော ပြဿနာကြီးတစ်ခုအဖြစ် တည်ရှိလာမည်ကို 'က'ရော 'ခ'ပါ မတွေးတတ်နိုင်ခဲ့ပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com



'က'နှင့်'ခ'တို့ အလယ်တန်းကျောင်းသားအရွယ်တွင် မိခင်ဖြစ်သူခေါ်အေးအေးလွင် စင်ကာပူနိုင်ငံ၌ပင် ကွယ်လွန်သွားခဲ့ပါသည်။

ဒေါက်တာမြတ်သူ၏မိဘများက ကနှင့်ခကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူလိုက်သည်။ ကနှင့်ခတို့ မြန်မာပြည်မှာပင် ကျောင်းများဆက်တက်ခဲ့ကြပါ၏။

ဒေါက်တာမြတ်သူလည်း စင်ကာပူ၌မနေတော့ပဲ ဥရောပနိုင်ငံတစ်ခုသို့ပြောင်းရွှေ့သွားခဲ့လေသည်။ ဒေါက်တာမြတ်သူက နိုင်ငံခြားမှာပင်ဘွဲ့လွန်သင်တန်းများဆက်တက်ခဲ့ကာ ပါရဂူဘွဲ့ရယူခဲ့သည်။ ဒေါက်တာမြတ်သူသည် နိုင်ငံခြားမှာပင် ပညာသင်အလုပ်လုပ်ဖြင့် ဘဝကိုနှစ်ပြီးနေထိုင်ခဲ့ရာ မြန်မာနိုင်ငံမှ မိဘများနှင့်ရော သားအမြွှာနှစ်ယောက်နှင့်ပါ ခုနစ်နှစ်ခန့် အဆက်ပြတ်ခွဲခွာနေခဲ့ရပါသည်။

ကနှင့်ခတို့ ဆယ်တန်းအောင်ချိန်တွင် ဒေါက်တာမြတ်သူ နောက်အိမ်ထောင်ပြုလိုက်လေသည်။ ဒေါက်တာမြတ်သူရှိသည့်နိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံမှ ဆရာဝန် ဒေါက်တာသက်သက်ခိုင်နှင့် နောက်အိမ်ထောင်ထူလိုက်ခြင်းဖြစ်သည်။

ဒေါက်တာသက်သက်ခိုင်မှာ အပျိုကြီးဆရာဝန်တစ်ဦးဖြစ်ပြီး မန္တလေးဆေးတက္ကသိုလ်ကျောင်းဆင်းဖြစ်သည်။ ဒေါက်တာမြတ်သူနှင့်နိုင်ငံခြားရောက်မှ ဆုံစည်းကြခြင်းဖြစ်၏။

ဆယ်တန်းအောင်ပြီးနောက် ကသည် စီးပွားရေးတက္ကသိုလ်တက်ခဲ့သည်။ ခ,က ကွန်ပျူတာတက္ကသိုလ်တက်သည်။ မွေးကတည်းက ဘဝချင်းတူညီစွာရှင်သန်လာခဲ့သော အမြွှာညီအစ်ကိုနှစ်ယောက် စတင်၍ ဘဝလမ်းကြောင်းကွဲပြားသွားခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



■

# အပိုင်း(၃)

■

ကနှင့်ခတို့အတွဲရပြီးချိန်တွင် ဒေါက်တာမြတ်သူ မြန်မာနိုင်ငံကို ပြန်လာခဲ့သည်။ ဖခင် ဒေါက်တာမြတ်သူရော၊ မိထွေးဖြစ်သူ ဒေါက်တာသက်သက်နိုင်ပါ မြန်မာပြည်သို့ အပြီးပြန်လာကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံမှာပင် ဆေးကုသခြင်းလုပ်ငန်းများကိုလုပ်ဆောင်ရန် ပါရဂူဘွဲ့ရ ဆရာဝန်ကြီးများအဖြစ် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ဒေါက်တာမြတ်သူအတွက် ခုနစ်နှစ်ကျော် ခွဲခွာနေခဲ့ရသည့် အမြွှာ သားနှစ်ယောက်၊ ၁၅-နှစ်မျှခွဲခွာခဲ့ရသော မိဘများနှင့် ပြန်လည် ဆုံတွေ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်နေ့က ရန်ကုန်လေဆိပ်သို့ [illegible]ရောက်ကြိုဆိုသော ကနှင့်ခတို့ အမြွှာညီအစ်ကိုကို ဒေါက်တာမြတ်သူ [illegible]တတ်ခဲ့ချေ။

ကနှင့်ခကလည်း အဝတ်အစားများကို ဆင်တူဝတ်ဆင်ထားခဲ့[illegible]သည်။

"ကိုယ့်သားနှစ်ယောက်ကို ကြည့်ပါဦး သက်၊ ဘယ်ဟာက [illegible]အေးကာ၊ ဘယ်ဟာက ချမ်းငြိမ်းခဆိုတာ ကိုယ်လည်းမခွဲတတ်တော့[illegible] အဲဒါလဲ သူတို့ငယ်ငယ်ကတည်းက မခွဲတတ်တာပဲ၊ အဲ…သား



www.burmeseclassic.com

www.burmeseclassic.com



တို့၊ ဟောဒါ သားတို့အန်တီ ဒေါက်တာသက်သက်ခိုင်ပဲ၊ သားတို့ ကိုယ်တိုင်ပဲ ဘယ်သူက ဘယ်သူဆိုတာ မိတ်ဆက်ပေးလိုက်ပါတော့ကွယ်"

လေယာဉ်ကွင်းမှာပင် သားနှစ်ယောက်နှင့် ဇနီးဖြစ်သူဒေါက်တာသက်သက်ခိုင်ကို မိတ်ဆက်ပေးပြီး ဒေါက်တာမြတ်သူက ပြောလိုက်လေသည်။

ကနှင့်ခ က နာမည်အသီးသီးပြောကာ ကိုယ်တိုင်မိတ်ဆက်ကြ၏။

"ကျွန်တော်က ချမ်းအေးက,ပါအန်တီ"

"ချမ်းငြိမ်းခဆိုတာတော့ ကျွန်တော်ပါပဲအန်တီ"

ဒေါက်တာသက်သက်ခိုင်သည် အမြွှာညီအစ်ကိုနှစ်ယောက်ကို ကြည့်ကာ မျက်လုံးပြူးနေ၏။

"အိုး...ဂေါ့ဒ်၊ ဆင်တူသွန်းထားတဲ့အရုပ်ကလေးနှစ်ရုပ်ပဲ၊ မင်းတို့နှစ်ယောက်ကို အန်တီ ခွဲမှခွဲတတ်ပါတော့မလား မသိဘူးကွယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့သက်၊ သက်ခွဲတတ်မှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဖေရင်းဖြစ်တဲ့ကိုယ်တောင်မှမခွဲတတ်တာတိုး"

"အိုး..."

တစ်လောကလုံးတွင် ကနှင့်ခကိုခွဲတတ်သူမှာ သူတို့မိခင် ဒေါ်အေးအေးလွင်တစ်ယောက်သာရှိကြောင်းကိုတော့ ဒေါက်တာမြတ်သူ ဆက်မပြောဖြစ်တော့ပါ။

သည်လိုနှင့် ကားကို ကနှကမောင်းကာ ဒေါက်တာမြတ်သူနှင့် ဒေါက်တာသက်သက်ခိုင်တို့ကို လေယာဉ်ကွင်းမှကြိုလာခဲ့ကြသည်။

အိမ်ရောက်တော့ ဒေါက်တာမြတ်သူနှင့် ဒေါက်တာ သက်သက်ခိုင်က ဒေါက်တာမြတ်သူမိဘများကို ကန်တော့သည်။ ကနှင့်ခ က ဒေါက်တာမြတ်သူနှင့် ဒေါက်တာသက်သက်ခိုင်ကို ကန်တော့ကြသည်။

ကန်တော့အပြီးတွင် ဒေါက်တာသက်သက်ခိုင်က ကနှင့်ခ တို့ ရုပ်ချင်းချွတ်စွပ်တူပုံကို စကားအစကောက်၍ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကန့်ခက သိပ်တူတာပဲနော်၊ အန်ကယ်နဲ့အန်တီရော သူတို့ နှစ်ယောက်ကို ခွဲတတ်ရဲ့လားဟင်"

"မခွဲတတ်ပါဘူးသက်ရယ်၊ ပြောရရင်တော့ လောကမှာ သူတို့ အမြွှာနှစ်ယောက်ကို ခွဲခြားပြီးပြောနိုင်တာဆိုလို့ သူတို့အမေတစ်ယောက် ပဲရှိတယ်"

"ဟုတ်တာပေါ့နော်၊ မွေးထားတဲ့အမေကတော့ ခွဲတတ်ဦးမှပေါ့၊ သက်တော့ အမြွှာတွေအများကြီးတွေ့ဖူးပေမယ့် ကန့်ခလို တူတဲ့ အမြွှာမျိုး တစ်ခါမှမတွေ့ဖူးသေးဘူး"

"သူတို့နှစ်ယောက်ကလည်း ရုပ်ချင်းခွဲမရအောင်တူတာကို အကြောင်းပြုပြီး လူတွေကိုပုံမှားရိုက်နေကျပဲသက်ရေ"

"ဟင်…ဟုတ်လား၊ ဘယ်လိုပုံမှားရိုက်တာလဲအန်တီ"

"အို…ပြောရင်တော့ မဆုံးနိုင်ဘူး၊ ငယ်ငယ်ကဆို တစ်ယောက်က အန်တီ့ဆီမှာမုန့်ဖိုးလာတောင်းတယ်၊ အန်တီက ပေးလိုက်တယ်၊ ဟဲ့…နင်ကဘယ်သူလဲဆိုတော့ က,တဲ့၊ ဟော…မကြာပါဘူး၊ နောက် တစ်ယောက်က မုန့်ဖိုးလာတောင်းပြန်တော့ အန်တီက ပေးလိုက်ပြန်ရော၊ ပထမတစ်ယောက်က သူ့ကိုယ်သူ က,လို့ပြော သွားတော့ နောက်တစ်ခါ လာတောင်းတဲ့သူဟာ ခ,ပဲလို့ အန်တီက ထင်လိုက်တာပေါ့လေ"

"ဟုတ်တာပေါ့အန်တီ"

"မုန့်ဖိုးနှစ်ခါပေးပြီးတဲ့နောက်မှာ တစ်ယောက်က တစ်ခါထပ် လာတောင်းပြန်တော့ ရှုပ်ကုန်တော့တာပေါ့"

"အို…"

"ဟဲ့ …က,ရော ခ,ရော၊ နှစ်ယောက် စလုံးကို ဘွားဘွား မုန့်ဖိုးပေးပြီးပြီလေ"

"သားကို မပေးရသေးပါဘူးဘွားဘွား၊ သားက ခ,လေ"

"ပထမတစ်ခါ က,က လာတောင်းတယ်၊ နောက်တစ်ခါ ထပ်လာတောင်းတာက ခ,မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ငါ့လက်ထဲက ပိုက်ဆံထွက်သွားတာ တော့ နှစ်ခါရှိပြီဟဲ့"

"ဒါဆို ...တ-လူလည်ကျပြီး နှစ်ခါ တောင်းတာဖြစ်မယ် ဘွားဘွား၊ နောက်တစ်ခါ ထပ်တောင်းတာ သားအယောင်ဆောင်ပြီး တောင်း သွားတာ၊ သူက မုန့်ဖိုးနှစ်ခါရသွားတာပေါ့၊ သား က မုန့်ဖိုးမရသေးဘူးလေ၊ သားကို ထပ်ပေးပါ"

"အို...ဒီလိုလုပ်လို့မရဘူးလေ၊ က, လူ လည်ကျပြီး နှစ်ခါယူလို့ဘယ်ရမလဲ၊ က,ကို ခေါ်စမ်း၊ ခေါ်စမ်း"

က,ရောက်လာသည့်အခါ ...

"က, ခင်းဘာလို့ မုန့်ဖိုးနှစ်ခါတောင်းရ တာလဲ၊ နောက်အစ်ခါထပ်တောင်းတဲ့ပိုက်ဆံ ခ, ကိုပေးလိုက်ပါ"

"ဟာ...ဘွားဘွားကလဲ၊ သား ဘွားဘွား ဆီက တစ်ခါပဲ ပိုက်ဆံတောင်းတာပါ၊ ဘွားဘွား အခန်းဝမှာလေ၊ ဟောဒီမှာ...ဘွားဘွားပေးတဲ့ နှစ် ရာတန်တစ်ရွက်၊ သားမှာ ဒါပဲရှိတယ်"

"ဟင်...ဒါဖြင့် နောက်တစ်ခါလာတောင်း တာက ဘယ်သူလဲ၊ ခ,ဆော့"

"ဟာ...ဘွားဘွားကလဲ၊ သားတစ်ခါမှ မ တောင်းရသေးပါဘူး၊ သားအိတ်ထဲမှာ ကြည့်၊ ပိုက်ဆံတစ်ကျပ်မှမရှိဘူး"

"မရဘူး မရဘူး၊ ငါထပ်မပေးနိုင်ဘူး၊ တစ်ယောက်ယောက် လက်ထဲမှာ ငွေလေးရာရှိရ မယ်၊ ကျောင်းကျရင် နှစ်ယောက်အတူတူ မုန့် ဝယ်စားကြ၊ ဒါပဲ"

"ဟင်...ဘွားဘွားမတရားဘူး၊ သားမှ ကြိ

www.burmeseclassic.com



ဆံ မရသေးပဲ၊ က,က သားကိုခွဲပေးမှာ မဟုတ်ဘူး၊ သား ဒီနေ့ မုန့်မစားရတော့ဘူးလား"

ပြောရင်း ခ,ငိုတော့သည်။

"ဟဲ့…ဒုက္ခပါပဲ၊ က– ဒါဖြင့်…နင်ငါ့ဆီက မုန့်ဖိုးနှစ်ခါ လာတောင်းတာပေါ့၊ ဟုတ်လား၊ အမှန်အတိုင်း ဝန်ခံစမ်း"

"သားတစ်ခါပဲတောင်းတာပါဘွားဘွား၊ ခ,က `မုန့်ဖိုးနှစ်ခါ ယူချင်လို့ မုရာမာယာများနေတာဘွားဘွား၊ ခ,ပြောတာ မယုံနဲ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သားတစ်ခါမှ မုန့်ဖိုးမရသေးဘူး၊ က– ဘွားဘွားဆီက မုန့်ဖိုး နှစ်ခါတောင်းသွားတာ"

"အောင်မယ်လေး…ငါ ဒီပြဿနာကို ဘယ်လိုရှင်းရပါ့မလဲ ဟဲ့"

မတတ်သာသည့်အဆုံးတွင် သူတို့အဘိုးကို ခေါ်၍တိုင်ပင်ရတော့သည်။

"အခုပြဿနာကတော့…ရှင်းလို့ရမှာ မဟုတ်တော့ဘူးမသိန်းရင်၊ ခ,လက်ထဲကို မုန့်ဖိုး နှစ်ရာသာ ပေးလိုက်ပေတော့၊ အေး… နောက် တစ်ခါ မုန့်ဖိုးပေးရင်တော့…က,ရော ခ,ရော နှစ်ယောက်စလုံး မင်းတို့အဘွားရှေ့မှာ တစ်ပြိုင် တည်းလာရပ်၊ မင်းကလည်း တစ်ယောက်ကို နှစ်ရာ နှစ်ယောက်စလုံး ရှေ့မှာ တစ်ပြိုင်တည်း ပေး၊ ခုတော့ …မင်း ညံ့လို့ ခံရတာ၊ နောက်ထပ် နှစ်ရာ အဆုံးခံလိုက်ပေတော့"

အဘိုးဖြစ်သူ ဦးခင်မြတ်က ဆုံးဖြတ်ပေး လိုက်လေသည်။

အိမ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ သက်ရေ…အန်တီ့မှာ ဘယ်သူက လှူလည်ကျ လိုက်မှန်း မသိဘူး၊ မုန့်ဖိုး သုံးခါပေးလိုက်ရတယ်လေ"

"ဟင်…ဒါဖြင့် တစ်ယောက်က ငွေလေးရာ ရသွားတာပေါ့ နော်"

"တစ်ယောက်က ငွေလေးရာရသွားပေမယ့် နှစ်ယောက်ပေါင်းတော့ ခြောက်ရာပေါ့ကွယ်၊ အမယ်လေး…သူတို့ညီအစ်ကိုအချင်းချင်းတော့ ညီကြပါရဲ့နော်၊ အဲဒီလိုနည်းနဲ့ တောင်းလို့ရသွားတဲ့ငွေခြောက်ရာကို အပြင်ရောက်တော့ တစ်ယောက်သုံးရာစီ ခွဲသုံးကြတာလေ"

"ဟယ်…ဒါဖြင့် အန်တီ့ကိုလှည့်စားပြီး ငွေခြောက်ရာ ရအောင် တမင်တောင်းတာပေါ့"

"ဒါပေါ့…သက်ရယ်"

ဒေါက်တာသက်သက်ခိုင်က ကနှင့်ခတို့ဘက် လှည့်ကြည့်လိုက်သည်။

"ကဲ- ကနဲ့ခ၊ အန်တီ့ကိုပြောစမ်း၊ မင်းတို့အဘွားဆီက နှစ်ခါဆက်တိုက် မုန့်ဖိုးတောင်းတာ ဘယ်သူလဲ၊ က,လား ခ,လား၊ ဒါမှမဟုတ် တစ်ယောက်စီ မုန့်ဖိုးတောင်းပြီးမှ ထပ်တောင်းတာလား"

ကနှင့်ခက ရယ်နေကြသည်။

ပြီးမှ…

"ဒါကတော့ လျှို့ဝှက်ချက်မို့ မပြောပါရစေနဲ့အန်တီ၊ ဟဲ…ဟဲ"

က,ကပြောသည်။

ခ,ကလည်း ဝင်ပြောလိုက်၏။

"နောက်ပြီး…ဒါဖြစ်ခဲ့တာက ကြာပြီလေအန်တီရဲ့၊ ဘွားဘွားကိုသားတို့ဘယ်လိုအကြောင်းရိုက်ခဲ့တယ်ဆိုတာ မှတ်တောင် မမှတ်မိတော့လို့ပါ အန်တီ၊ ဟီး…ဟီး…"

"ဗုဒ္ဓေါ…"

ဒေါက်တာသက်သက်ခိုင် ဘုရားတလိုက်သည်။

"သက်ရေ…အခုပြောပြတာ နမူနာပဲရှိသေးတယ်၊ ဒါမျိုး အကြောင်းရိုက်ခံရတာတွေမှ အများကြီး၊ အများကြီး၊ တို့တွေတွင် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျောင်းက ဆရာဆရာမတွေ၊ သူငယ်ချင်းတွေကိုလည်း သူတို့ ဒီလိုပဲ အကြောင်ရိုက်နေကျ"

"ဟင်…ဟုတ်လား၊ အန်တီ့ကိုတော့ ချမ်းသာပေးပါသားတို့ရယ်၊ အန်တီသာ ဒီလိုအကြောင်ရိုက်ခံရရင်တော့ ရူးသွားလိမ့်မယ် ထင်ပါရဲ့"

"အဲဒါကြောင့်…သူတို့နှစ်ယောက်ကို အဝတ်အစားဆင်တူ မဝတ်ကြပါနဲ့လို့ တောင်းပန်ထားရတယ်၊ အခု သူ့အဖေကိုနှစ်ယောက် ဆင်တူ ဝတ်ပြီး ကြိုချင်လို့ပါဆိုလို့ အန်ကယ်တို့က ခွင့်ပြုလိုက်တာ လေ"

ဦးခင်မြတ်က ဝင်ပြောသည်။

"သူတို့နှစ်ယောက်ကို လူမှားလွန်းလို့ အခန်းတစ်ခန်းတည်း အတူတူမထားရဲတော့ဘူး၊ တစ်ယောက်ကို အပေါ်ထပ်မှာ နေခိုင်းရတယ်၊ အပေါ်ထပ်မှာနေတာ က,ပေါ့၊ ခ,ကိုတော့ အောက်ထပ်မှာနေ ခိုင်း ထားတယ်၊ ဒါမှ…အပေါ်ကဆင်းလာရင် က၊ အောက်ကလူက ခ, ဆို ပြီး အန်ကယ်တို့က ခွဲခြားနိုင်အောင်လေ"

"အို …ဒီလောက်တောင်ပဲလား၊ အဲဒီလိုခွဲထားလိုက်တော့ရော သူတို့နှစ်ယောက်ကို ခွဲခြားဖို့ လွယ်သွားရောလား အန်ကယ်"

"မလွယ်ပါဘူးကွယ်၊ နှစ်ယောက်သဘောတူ အပေါ်နဲ့အောက် လဲပြီးနေကြလို့ အန်ကယ်တို့ အရူးဖြစ်ပေါင်းများပါရော"

"အို…"

"ဟား…ဟား…ဟား…ဟား"

အားလုံးပင် ဝိုင်းရယ်လိုက်မိကြ၏။

"ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ်တက်ကြမှ အတော် သက် သာသွားတယ်၊ က,က စီးပွားရေးတက္ကသိုလ်၊ ခ,က ကွန်ပျူတာ တက္ကသိုလ် တက်ကြတယ်လေ၊ တစ်ကျောင်းစီဖြစ်သွားကြတာပေါ့၊ တစ် ယောက်ကို ကားတစ်စီးစီ ဝယ်ပေးလိုက်တယ်၊ အမျိုးအစားမတူ၊ အရောင် မတူတဲ့ ကားနှစ်စီးပေါ့၊ သူတို့ကို ခွဲခြားရလွယ်အောင်လို့လေ"

"မသိန်းရင်…အဲဒါတောင် တစ်ခါတလေ ခင်းမြေး နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ကျောင်းချင်းလဲပြီး တက်တက်နေကြသေးတာကွ၊ အဲဒါကို မင်းသိရဲ့လား"

"ဟောတော့…"

"ဟင်…ဟုတ်လား"

"ငါ့သားတို့ရယ်…ကိုယ့်အိမ်သားတွေ၊ သူငယ်ချင်းတွေကို တော်ရုံစတာနောက်တာလောက်ပဲလုပ်ပါကွာ၊ မိန်းကလေးတစ်ယောက်တည်းကို နှစ်ယောက်ပြိုင်ချစ်ပြီး ပုံမှားရိုက်တာမျိုးတော့ မလုပ်လိုက်ကြပါနဲ့ သားတို့ရယ်၊ အဲဒီမိန်းကလေးအစား ဖေဖေကျောချမ်းလွန်းလို့ပါကွာ"

ဒေါက်တာမြတ်သူက ဝင်ပြောလိုက်လေသည်။

အားလုံးပင် ဝိုင်း၍ ရယ်မောလိုက်မိပြန်လေ၏။

■

ဒေါက်တာမြတ်သူနှင့် ဒေါက်တာသက်သက်ခိုင်တို့သည် ဒေါက်တာ မြတ်သူ၏မိဘများနေအိမ်၌ပင် က,ခတို့နှင့်အတူ နေထိုင်ခဲ့၏။

ဒေါက်တာသက်သက်ခိုင်မှာ မန္တလေးသူဖြစ်ပြီး မန္တလေး ဆေးတက္ကသိုလ်မှပင် ကျောင်းဆင်းခဲ့သူဖြစ်ပါသည်။ တစ်ဦးတည်းသော သမီးဖြစ်ပြီး မိဘများမရှိတော့ပါ။ မန္တလေးမှနေအိမ်ကြီးကို ဆွေမျိုးများကိုအပ်ထားရသည်။

ဒေါက်တာမြတ်သူတို့ပြန်ရောက်လာပြီး မကြာမီပင် ချမ်းအေးက ခေါ် က,သည် M.B.A စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာသွားခဲ့သည်။

မြန်မာနိုင်ငံပြန်ရောက်ပြီး တစ်နှစ်ကြာလောက်အထိ လင်မယား နှစ်ယောက် ရန်ကုန်ရှိ အထူးကုဆေးခန်းများတွင်သာ လှည့်ထိုင်၍ ဆေးကုသနေခဲ့သည်။

ထို့နောက်…ဒေါက်တာမြတ်သူက အပြည့်ပြည့်ဆိုင်ရာ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သောအဖွဲ့အစည်းတစ်ခုတွင် အဆင့်မြင့်အရာရှိကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာသက်သက်ခိုင်သည် မန္တလေးသို့အလည်အပတ် သွားရောက်ရင်းမှ စိတ်ကူးတစ်ခုရလာခဲ့သည်။ မန္တလေးမှ သူ့မအမွေ ရထားသောအိမ်နှင့်ခြံကြီးမှာ ကျယ်ဝန်းပြီး မြို့တွင်းနှင့်မလှမ်းမကမ်း အချက်အခြာကျသောနေရာမှာရှိသည်။

ပိုင်ဆိုင်မှုအရှုပ်အထွေးဖြစ်လာမှာစိုး၍ ခြံနှင့်အိမ်ကို အငှားမထားဘဲ ဆွေမျိုးများကိုအပ်ထားခဲ့ရာ ယခုအခါ ခြံကြီးမှာ ပြုပြင်မှုမဲ့နေသည်။ ဆွေမျိုးများက ယခုလိုဈေးကောင်းရသောအချိန်တွင် ရောင်းလိုက ရောင်းပစ်ရန်အကြံပေးကြ၏။

ဒေါက်တာသက်သက်ခိုင်က ဤမျှကြီးမားကျယ်ဝန်းသောခြံကြီးအတွင်း ကိုယ်ပိုင်ဆေးရုံဆောက်လုပ်ပြီးဖွင့်လှစ်လိုက်ပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာတွင်ရှိသည့်အတွက် အောင်မြင်မည်ကို မှန်းဆ မိသည်။

ခင်ပွန်းဖြစ်သူဒေါက်တာမြတ်သူ့ကို ပြောပြအကြံတောင်းခဲ့သည်။

"မောင်…သက်တို့ပိုင်တဲ့ ဒီခြံကြီးကို ဒီတိုင်းပစ်ထားမယ့် အတူတူ အထူးကုဆေးခန်းဖွင့်လိုက်ရင် မကောင်းဘူးလား မောင်"

"သက် မန္တလေးကို သွားနေနိုင်လို့လား"

"ဒီလိုပဲ ရန်ကုန်နဲ့မန္တလေး သွားလိုက်ပြန်လိုက်နေရမှာပေါ့ မောင်၊ ခြံကြီးကို မိဘအမွေမို့ ရောင်းလည်း ရောင်းမပစ်ချင်ဘူးလေ"

"သက် နိုင်မယ်ဆိုရင်တော့ စီစဉ်ကြည့်တာပေါ့၊ မောင်ကတော့ အလုပ်တစ်ဘက်နဲ့ သက်ကိုကူနိုင်မှာမဟုတ်ဘူးသက်"

"အကြံပဲပေးပါမောင်၊ မန္တလေးမှာ သက် ဆွေမျိုးတွေအများကြီးရှိတာပဲ၊ ဆွေမျိုးထဲမှာ ဆရာဝန်တွေလည်းရှိတယ်၊ ပြီးတော့…ခ,ကိုလည်း ဒီလုပ်ငန်းထဲမှာ အသုံးချရမှာပေါ့မောင်၊ က,ကတော့ နိုင်ငံခြားမှာကျောင်းသွားတက်နေလို့ ထားတော့၊ ခ,လည်း ဘွဲ့ရပြီး အားနေတာလေ၊ ခ,ကို မန်နေဂျာအနေနဲ့ဦးစီးခိုင်းရမှာပေါ့"

"ဆေးရုံကြီးတစ်ရုံရဲ့တာဝန်ကတော့ ကြီးတယ်နော်၊ လုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သက် သေချာစဉ်းစားပြီးမှဆုံးဖြတ်၊ အေးလေ...ကိုယ်တို့ မိတ်ဆွေအပေါင်းအသင်းဆရာဝန်တွေလည်း မန္တလေးမှာအများကြီး ရှိတာပဲ၊ သူတို့ဆီက အကူအညီလည်းယူရမှာပေါ့”

■

သည်လိုနှင့် ဒေါ်သက်သက်ခိုင်ပိုင် ခြံကြီးထဲတွင် ဆေးရုံဆောက်လုပ်ဖွင့်လှစ်ရန် စီစဉ်ခဲ့လေသည်။

ဆေးရုံအဆောက်အဦးပုံစံကို စိတ်ကြိုက်ဒီဇိုင်းအပ်နှံပြီး ဆောက်လုပ်ရန်အတွက် ကန်ထရိုက်ကိုပင် အပ်နှံလိုက်လေသည်။ အပြီးအစီး ဆောက်လုပ်ချိန်ကို ခြောက်လဟုသတ်မှတ်လိုက်၏။

ခြံထဲမှ ယခင်အိမ်ဟောင်းကိုဖျက်ပစ်ပြီး လေးထပ်အဆောက်အဦး ဆေးရုံကို ဆောက်လုပ်ခဲ့လေသည်။

သတ်မှတ်ကာလခြောက်လအတွင်းမှာပင် ပြီးစီးခဲ့ပါ၏။

ဒေါက်တာသက်သက်ခိုင်အတော်အလုပ်များသွားခဲ့လေသည်။

ဆေးရုံအတွက် လိုအပ်သော ဆေးပစ္စည်းကိရိယာများကို နိုင်ငံခြားမှ တစ်ချို့မှာယူတင်သွင်းရသည်။ ဆေးရုံအဆောက်အဦးအတွင်း လိုအပ်သောမွမ်းမံမှုများဖြင့် ဖြည့်ဆည်းရသည်။

ဒါတွေအားလုံးကို ကူညီဖို့ ချမ်းငြိမ်းခေါ် ခ,ကိုပင် တာဝန်ပေးရပါသည်။

သည်လိုနှင့် “သုခစံအိမ်”အမည်ရှိပုဂ္ဂလိကပိုင် အထူးကုဆေးရုံကြီးကို ဖွင့်လှစ်နိုင်ခဲ့ပါတော့သည်။

ဆေးရုံဖွင့်လှစ်ပြီးချိန်တွင်တော့...ချမ်းငြိမ်းခ(ခေါ်)ခသည် မိထွေးဖြစ်သူ ဒေါက်တာသက်သက်ခိုင်ပိုင် အထူးကုဆေးရုံကြီးတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက်သားဖြစ်နေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

■

# အပိုင်း(၄)

■

ဒေါက်တာအေးမြင့်ကြည်သည် "သုခစံအိမ်"ဆေးရုံ စတင်ဖွင့်လှစ်ကတည်းက ပါဝင်ခဲ့သော အထူးကုဆရာဝန်တစ်ဦးဖြစ်ပါ၏။

ဒေါက်တာအေးမြင့်ကြည်၏ခင်ပွန်း ဒေါက်တာ သာထွန်းဦးမှာ သုခစံအိမ်ဆေးရုံပိုင်ရှင် ဒေါက်တာဒေါ်သက်သက်ခိုင်၏ မောင်တစ်ဝမ်း ကွဲဖြစ်သည်။

ဒေါက်တာသက်သက်ခိုင်တောင်းဆိုမှုကြောင့် လင်မယား နှစ်ယောက်စလုံး သုခစံအိမ်ဆေးရုံမှာ အလုပ်ဝင်ဖြစ်ခဲ့၏။

သုခစံအိမ်ကိုစတင်ရောက်ရှိသည့်နေ့ကတည်းကပင် ဒေါက်တာအေးမြင့်ကြည်သည် "ခ"ခေါ် ချမ်းငြိမ်းခကို သတိပြုမိခဲ့သည်။ အံ့သြစွာဖြင့်ပင် သတိပြုမိခဲ့ခြင်းဖြစ်ပါသည်။ ချမ်းငြိမ်းခသည် သူတို့၏ ငယ်သူငယ်ချင်း ကျော်ဇင်ထူးနှင့် [illegible]ချွတ်စွပ်တူနေသောကြောင့်ပင်။

ကျော်ဇင်ထူး။ အေးမြင့်ကြည်တို့ဆယ်တန်းအောင်သည့်နှစ်က [illegible]လွင်သို့ပျော်ပွဲစားထွက်ကြရာ အပြန်တွင် ကားမှောက်ရာ၌ သေဆုံး[illegible]ခဲ့သည့်သူငယ်ချင်းကျော်ဇင်ထူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးမြင့်ကြည်သည် ချမ်းငြိမ်းခကိုမြင်ကတည်းက ပင်ကျော်စင်ထူးကိုသတိရခဲ့သည်။ ချမ်းငြိမ်းခမှာ ကျော်စင်ထူးကိုယ်ပွားလေလားထင်ရလောက်အောင် ကျော်စင်ထူးနှင့်တူလွန်းလှပါပေ၏။

"ကို့အစ်မရဲ့သား ချမ်းငြိမ်းခက အကြည်တို့ငယ်ငယ်က သူငယ်ချင်းနဲ့တူလိုက်တာကိုရယ်..."

"ချမ်းငြိမ်းခမှာ အမြွှာညီအစ်ကိုရှိသေးတယ်တဲ့ အေး"

"ဟင်...ဟုတ်လား"

"မမသက်ပြောပြတာပါ၊ အခု နိုင်ငံခြားမှာရောက်နေတယ်တဲ့"

"သြော်..."

"သူနဲ့တူတဲ့ အကြည်တို့သူငယ်ချင်းက ဘယ်သူလဲ"

"သေသွားပါပြီ၊ ကို မှတ်မိလား၊ အကြည် ဆေးကျောင်းတက်စနှစ်မှာ ကားမှောက်တုန်းက ဒဏ်ရာကြီးနဲ့လေ"

"မှတ်မိတယ်၊ အကြည့်ပါးမှာ အမာရွတ်ကြီးထင်နေတာ တစ်နှစ်လောက်ကြာမှပျောက်သွားတယ်လေ၊ အကြည်တို့ ပြင်ဦးလွင်ကအပြန်ကားမှောက်လို့ရတဲ့ဒဏ်ရာဆိုတာလည်း ကျောင်းမှာနာမည်ကြီးနေတာပဲ"

"အကြည်နဲ့ ကိုနဲ့ မန္တလေး တစ်မြို့တည်းနေပေမယ့် ဆေးကျောင်းရောက်မှဆုံကြတာလေ၊ အကြည်တို့ ဆယ်တန်းအောင်စာရင်းထွက်ပြီးနောက်နေ့မှာ အောင်တဲ့သူငယ်ချင်းတွေစုပြီး ပြင်ဦးလွင်ကိုသွားကြတာ၊ အပြန်မှာ ကားမှောက်လို့ သူငယ်ချင်းသုံးယောက် ဆုံးသွားကြတယ်"

"ဒါတွေ ကို ကြားဖူးတယ်လေ၊ ဓာတ်ပုံဆိုင်ဖွင့်ထားတဲ့ အကြည့်သူငယ်ချင်း ကိုအောင်မြင့်မြတ်လဲပါတယ်မဟုတ်လား၊ ပြီးတော့...ဖြိုး"

"ဟုတ်တယ်၊ သူငယ်ချင်းခုနစ်ယောက်သွားတာမှာ သုံးယောက်သေသွားတယ်၊ လေးယောက်ကျန်တယ်၊ အကြည်ရယ်၊ အောင်မြင့်မြတ်ရယ်၊ ဖြိုးရယ်...ပြီးတော့...စိုးရဲဆိုတာ တစ်ယောက်ရှိသေးတယ် ကိုး သူက တပ်ထဲဝင်သွားပြီး အခု ဗိုလ်မှူးဖြစ်နေတယ်၊ မြစ်ကြီးနားဘက်ရောက်နေတယ်၊ ကိုနဲ့စိုးရဲနဲ့ တစ်ခါမှမဆုံဘူးသေးဘူး"

"ချမ်းငြိမ်းခနဲ့တူတယ်ဆိုတဲ့ တစ်ယောက်က ...."



www.burmeseclassic.com

www.burmeseclassic.com



"သေသွားတဲ့အထဲကလေ၊ ကျော်ဇင်ထူးတဲ့၊ တူတာမှ ကျော်ဇင်ထူး သေရာကထလာသလားတောင် ထင်ရတယ်ကိုရယ်"

"ချမ်းငြိမ်းခက ကျော်ဇင်ထူး အမျိုးတွေဘာတွေများဖြစ်နေမလား"

"မဖြစ်နိုင်ဘူးကို၊ ကျော်ဇင်ထူးမိဘတွေရော ဆွေမျိုးတွေပါ မန္တလေးမှာ ခုထိရှိနေသေးတာပဲ၊ အားလုံး အကြည်နဲ့ အဆက်အသွယ်ရှိနေတာပဲ၊ တူတာတော့ တော်တော်အံ့ဩဖို့ကောင်းအောင်ကိုတူတယ်၊ အင်း...ခုတ်ပုံဟောင်းတွေပြန်ရှာပြီး ကို့ကို ကျော်ဇင်ထူးပုံပြရဦးမယ်၊ ဖြိုးကိုလဲ...ဖြိုးကိုလဲ ဒီအကြောင်း ပြောရဦးမယ်"

"ဘာဖြစ်လို့လဲအကြည်"

"ဘာဖြစ်လို့လဲဆိုတော့ သေသွားတဲ့ကျော်ဇင်ထူးနဲ့ဖြိုးနဲ့က ချစ်သူတွေလေ..."

■

ဒေါက်တာသာလွန်ဦးက ချမ်းငြိမ်းခနှင့်ဆုံမိသည့်အချိန်တွင် ထိုအကြောင်းကို ပြောပြမိသည်။

"ကိုယ့်အမျိုးသမီးက ကိုခကို သေသွားတဲ့သူ့သူငယ်ချင်းနဲ့ တူတယ်လို့ပြောနေတယ်"

"ဗျာ...သေသွားတဲ့သူငယ်ချင်း၊ ဟုတ်လား"

"ကြာပါပြီ၊ သူတို့ဆယ်တန်းအောင်တဲ့နှစ်ကပါ၊ ပြင်ဦးလွင်က အပြန်မှာ ကားတိုက်မှုဖြစ်ပြီးသေသွားတာတဲ့၊ အဲဒီလူ အခုရှိရင် အေးမြင့်ကြည်နဲ့ရွယ်တူ အသက်၃၈နှစ်တောင်ရှိပြီပေါ့"

"ဆရာ...ဆရာ...ဒေါက်တာအေးမြင့်ကြည်ရဲ့ သူငယ်ချင်း... သေသွားတယ်ဆိုတဲ့ သူငယ်ချင်းက...ကျော်ဇင်ထူး ဆိုတာများလား ဆရာ"

"ဟင်...ကိုခက သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကျွန်တော်သိပါပြီဆရာ၊ အဲ့ဒါကြောင့် ဒေါက်တာအေးမြင့်ကြည်ကိုတွေ့စကတည်းက ဒီနာမည် ကျွန်တော်ရင်းနှီးပါတယ်လို့ ထင်မိသား၊ ဒေါက်တာအေးမြင့်ကြည်က အဲဒီကားတိုက်မှုဖြစ်တုန်းက မသေဘဲ လွတ်သွားခဲ့တာကိုး"

"ကိုခ…ကိုခပြောနေပုံတွေက ဆန်းလိုက်တာဗျာ၊ ဒါတွေကို သိပြီးတဲ့ပုံမျိုးဖြစ်နေပါလား"

ချမ်းငြိမ်းခက ပြုံးလိုက်သည်။

တကယ်တော့ က,ပြောဖန်များ၍ က,၏ယခင်ဘဝ အကြောင်းများကို ခ,က မှတ်မိနေခြင်းဖြစ်ပါသည်။ ဒေါက်တာသာလွန်ဦးက အေးမြင့်ကြည်တို့ပြင်ဦးလွင်ကအပြန်မှာ ကားမှောက်မှုဖြစ်ပုံကို ပြောပြလိုက်ရာမှ ပြန်ပြီးသတိရလာခြင်းဖြစ်သည်။

ချမ်းအေးက ခေါ် ကသည် သူ၏အတိတ်ဘဝအကြောင်းကို မကြာမကြာပြောတတ်သည်မဟုတ်ပါလား။ က,ပြောလွန်း၍ က၏ယခင်ဘဝနာမည်မှာ ကျော်ဇင်ထူးဆိုတာရယ်၊ ဆယ်တန်းအောင်စာရင်းထွက်ပြီး နောက်တစ်နေ့ ပြင်ဦးလွင်ကိုပျော်ပွဲစားထွက်ရာမှအပြန် ကားမှောက်ရာမှ သူသေဆုံးခဲ့တယ်ဆိုတာတွေကို ပြန်ပြီးသတိရလာခြင်းသာဖြစ်ပါ၏။

က,အကြိမ်ကြိမ်ပြောခဲ့ဖူးသည့်စကားများထဲတွင် သူ့ယခင်ဘဝကသူငယ်ချင်းတွေနာမည်များလည်းပါသည်။ ဖြိုးအိသွယ်တဲ့၊ အေးမြင့်ကြည်တဲ့၊ အောင်မြင့်မြတ်တဲ့၊ အောင်အောင်ဦးတဲ့။ ဒီနာမည်တွေကို လည်း ခ,ရင်းနှီးနေခဲ့ပါသည်။

*"ငါနဲ့အတူတူ ပြင်ဦးလွင်ကိုသွားတဲ့လူတွေ ငါ့လိုပဲ အကုန်သေကုန်သလား၊ ဘယ်သူတွေကျန်သေးလဲ ဆိုတာငါသိပ်သိချင်တာပဲ ခ,ရာ…၊ ဖြိုး… ဖြိုးအိသွယ်ဆိုတာ…ငါ့ချစ်သူပေါ့၊ ဖြိုးရော…ရှိသေးသလား၊ သေသွားပြီလား၊ ငါသိပ်သိချင်တယ်ကွာ"*

က,အခါခါပြောခဲ့ဖူးသည့်စကားများထဲတွင် ဖြိုးအိသွယ်ဆိုသည့်အမည်နှင့် အေးမြင့်ကြည်ဆိုသည့်အမည် ခဏခဏ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဒေါက်တာသာလွန်ဦးကနေပြောလိုက်သည့်အခါ က‚ပြော ခဲ့ဖူးသည်များကို ပြန်လည်သတိရပြီး မေးလိုက်မိခြင်းဖြစ်ပါ၏။

"ကျွန်တော်သိတာပေါ့ဆရာ၊ ကျွန်တော်သိတာပေါ့၊ အဲဒီနေ့ က သူငယ်ချင်းတစ်စု ဆယ်တန်းအောင်လို့ဆိုပြီး ပြင်ဦးလွင်ကိုပျော်ပွဲ စားထွက်ကြတာလေ၊ ကျော်ဇင်ထူးနဲ့အတူတူ ဖြိုးအိသွယ်ရယ်၊ အေးမြင့် ကြည်ရယ်၊ အောင်အောင်ဦးရယ်၊ အောင်မြင့်မြတ်ရယ်၊ အဲဒီနာမည် တွေကိုတော့ မှတ်မိနေပါတယ်၊ ကျန်တဲ့လူတွေတော့ မသိတော့ဘူး"

"ဆန်းလိုက်တာကိုခ၊ ကိုခက ဘယ်လိုသိနေတာလဲဟင်"

"ဟဲ...ဟဲ...ဒီလိုပေါ့ဆရာ၊ လောကကြီးမှာ ဆန်းကြယ်တဲ့ ကိစ္စတွေ အများကြီးရှိပါတယ်ဆရာ"

"ကိုယ်က ကိုခအသက်အရွယ်နဲ့ လွန်ခဲ့တဲ့နှစ်၂၀ကျော်က အ ဖြစ်ကို သိနေလို့ အံ့သြတာပါ၊ အဲဒီတုန်းကဆို...ကိုခ မွေးတောင် မွေး ဦးမှာမဟုတ်ဘူးထင်တယ်"

"ဟုတ်ပါတယ်ဆရာ၊ အဲဒီအဖြစ် ဖြစ်ပြီးမှ ကျွန်တော်မွေး တာပါ"

ထိုအချိန်ထိ...ချမ်းငြိမ်းခသည် ချမ်းအေးကထံမှသိရသော အ ဖြစ်များကိုသာ ရိုးသားစွာပြန်ပြောပြနေမိခြင်းဖြစ်ပါ၏။

*သို့သော်...ဒေါက်တာသာလွန်ဦးနှင့် ဒေါက်တာ အေး မြင့်ကြည်တို့...ဆန္ဒစောစွာပြုမူလိုက်ကြပုံ ကြောင့် ရိုးသားစွာပြောပြနေသော ချမ်းငြိမ်းခ၏ ရည်ရွယ် ချက်များ ပြောင်းလဲသွားရလေသည်။*

"တဲ့ခဏလေး ကိုခ၊ အကြည် နားနေတယ်ထင်တယ်၊ အကြည့် ကို ကိုယ်သွားခေါ်လိုက်ဦးမယ်"

ဒေါက်တာသာလွန်ဦးက အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွား သည်။ အခန်းတစ်ခန်းထဲတွင်အနားယူနေသော ဇနီးဖြစ်သူဒေါက်တာ အေးမြင့်ကြည်ကို အဆင်သင့်ပင်တွေ့ရသည်။

ဒေါက်တာသာလွန်ဦးက ဒေါက်တာအေးမြင့်ကြည်ကို ချမ်းငြိမ်း ခပြောလိုက်သည့်စကားများအား ပြန်လည်ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုက အေးပြောတဲ့အတိုင်း ကိုခကို သေသွားတဲ့ အကြည့် သူငယ်ချင်းနဲ့တူတယ်လို့ ပြောရုံရှိသေးတယ်အကြည်၊ ကိုခ ့က အဲဒီလူ နာမည်က ကျော်ဇင်ထူးမဟုတ်လားတဲ့၊ အကြည်နဲ့ဖြိုးတို့နာမည်တွေလဲ ရွတ်ပြတယ်၊ ပြီးတော့...ကိုအောင်မြင့်မြတ်နာမည်လဲပြောတယ်၊ နောက်ပြီး တစ်ယောက်နာမည်ပြောသေးတယ်ကွ၊ အကြည်ပြောဖူးတဲ့ ကိုစိုးရ ဆိုတဲ့ နာမည်တော့ မဟုတ်ဘူး၊ ကိုခက အကုန်သိနေပါလား"

"ဟင်...မောင် ကိုခဟာ ကျော်ဇင်ထူးနဲ့ရုပ်ချင်းချွတ်စွပ် တူ တယ်လို့ အကြည်ပြောခဲ့ပါပကော၊ ဒီအတိုင်းဆိုရင် သူ...သူဟာ ကျော် ဇင်ထူးဝင်စားတဲ့လူများဖြစ်နေမလား"

"လူဝင်စားဆိုတာတော့ မောင်မတွေ့ဖူးလို့ မယုံဘူးအကြည်၊ ဒါပေမယ့်...ဖြိုးနာမည်ကို အပြည့်အစုံ ဖြိုးအိသွယ်လို့ပြောနိုင်နေတာ ကတော့ ထူးဆန်းတယ်၊ ကိုအောင်မြင့်မြတ်နာမည်လဲ သူပြောနိုင်တယ်၊ ဒီနာမည်တွေကို ကိုကမပြောခင် သူကကြိုပြောနေတာလေ"

"အခု...ကိုခ ဘယ်မှာလဲဟင်"

"သူ့ရုံးခန်းထဲမှာရှိတယ်၊ အကြည် မေးချင်မေးလို့ရအောင် ကို လာပြောတာ"

"လာ...ကို၊ ကိုခကို သွားတွေ့ရအောင်"

■

"မမကြည်...မမကြည်ဟာ လွန်ခဲ့တဲ့နှစ်၂၀ကျော်က ကျော် ဇင်ထူးနဲ့အတူ ကားမှောက်တဲ့နေရာမှာပါခဲ့တဲ့ အေးမြင့်ကြည်လို့ပါနော်၊ ဒေါက်တာအေးမြင့်ကြည်ဆိုပြီး တွေ့လိုက်ရတော့ မဆက်စပ်မိဘူး၊ ဆရာ ပြောပြမှ တဖြည်းဖြည်းပြန်သတိရလာတယ်ဗျာ၊ မမကြည် အဲဒီတုန်းက မသေခဲ့ပဲကိုး၊ ဖြိုး...ဖြိုးအိသွယ်ရော၊ သူရော ရှိသေးလား မမကြည်"

ဒေါက်တာသာလွန်ဦးနှင့်အတူ ဒေါက်တာအေးမြင့်ကြည် အခန်း ထဲဝင်လာသည်နှင့် ချမ်းငြိမ်းခက ပြောလိုက်ခြင်းဖြစ်လေသည်။

ချမ်းငြိမ်းခ၏စကားများကြောင့် ဒေါက်တာအေးမြင့်ကြည်သည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာပင် ကြက်သေသေ၍ရပ်နေမိသည်။ ဒေါက်တာအေးမြင့်ကြည်သည် အကြောများဆိုင်းသွားသလိုခံစားလိုက်ရလေသည်။ တွေ့ကတည်းက ကျော်ဇင်ထူးနဲ့တူလှချည်ရဲ့လို့ ထင်မှတ်ထားခဲ့သော ချမ်းငြိမ်းခသည် ကျော်ဇင်ထူးဝင်စားသူပါလားဟုလည်း ဒေါက်တာအေးမြင့်ကြည်စိတ်ထဲက မှတ်ချက်ချလိုက်မိလေတော့၏။

ဒေါက်တာအေးမြင့်ကြည်သည် ချမ်းငြိမ်းခရှေ့သို့ အပြေးရောက်လာကာ ခ၏ လက်နှစ်ဘက်ကိုကိုင်ဆုပ်၍ပြောလိုက်လေသည်။

"ကျော်ဇင်ထူး...ကျော်ဇင်ထူး၊ အို...ကိုခရယ်၊ အကြည်လေ ကိုခကို တွေ့ကတည်းက ကျော်ဇင်ထူးနဲ့တူလွန်းလို့ အံ့သြခဲ့ရတာပါ၊ အခု တော့ ကိုခဟာ ကျော်ဇင်ထူး ဝင်စားတဲ့လူ ဖြစ်နေပါလား၊ ကိုခ...ကိုခ မှတ်မိတာတွေက များလှချည်လားနော်၊ အကြည်တော့ လူဝင်စားဆိုတာ ဒီ တစ်ခါပဲ တွေ့ဖူးတယ်၊ ဒီတစ်ခါပဲ ယုံလိုက်ပြီ"

"မမကြည်...ကျွန်တော်..."

"ကိုခက အကြည့်ကို မသေဘဲကျန်နေတာအံ့သြနေတာပေါ့နော်၊ ကိုခနဲ့အတူ...အဲလေ...ကျော်ဇင်ထူးနဲ့အတူသေသွားတဲ့ သူငယ်ချင်းက သုံးယောက်ပါ ကိုခ၊ ဖြိုး...ဖြိုးလည်း မသေပါဘူး ကိုခရယ်၊ ဖြိုး ရှိပါ သေးတယ်"

"ဟင်...ဖြိုး...ဖြိုးအိသွယ်မသေဘူးလား"

"ဟုတ်တယ်ကိုခ၊ ဖြိုးဟာ အိမ်ထောင်လည်းမပြုပဲ ခုထိ အရိုး ပြိုင်ဘဝနဲ့ပဲ ရှိနေပါသေးတယ်ကိုခ၊ အို...အကြည့်မှာ ဖြိုးဓာတ်ပုံပါတယ်၊ ကိုခရေ...အကြည်တို့ Pearl Anniversary ပါးလ်အန်နီဗာဆရီတုန်းက ရိုက်ထားတဲ့ပုံတွေ အကြည့်အိတ်ထဲမှာရှိတယ်၊ သွားယူ ပေးပါလားဟင်"

ဒေါက်တာအေးမြင့်ကြည်က ဒေါက်တာသာလွန်ဦးကို တစ်ဆက် တည်းလှည့်ပြောလိုက်သည်။

"ဟုတ်လား၊ ကိုသွားယူလိုက်မယ်လေ"

ဒေါက်တာသာလွန်ဦးက ဓာတ်ပုံများယူရန် အခန်းထဲမှထွက် သွားလေသည်။

"ကိုခ...အက်ဆီးဒင့်ဖြစ်တုန်းက အကြည်ရယ်၊ ဖြိုးရယ်နဲ့ တူ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မြတ်နဲ့စိုးရတို့လည်း မသေဘဲကျန်ခဲ့တယ်လေ၊ အောင်မြင့်မြတ် နာမည်ကိုတော့ ကိုခမေးတယ်ဆို၊ စိုးရကိုရော ကိုခ မှတ်မိလား"

ချမ်းအေးက ပြောခဲ့သည့်နာမည်များထဲတွင် စိုးရအမည် မပါပါ။ အောင်အောင်ဦးဆိုသည့်အမည်ကိုမူ ခ မှတ်မိနေ၏။

"စိုးရဆိုတဲ့နာမည်တော့ မသိဘူး၊ အောင်အောင်ဦးဆိုတာကရော မမကြည်"

"အောင်အောင်ဦးက ကိုခနဲ့ ...အဲ ...ကျော်ဇင်ထူးနဲ့ အတူ သေသွားတာလေ၊ မန္တလေးဆေးရုံကြီးရောက်မှသေတာ၊ ကျော်ဇင်ထူးနဲ့အတူ သေတဲ့လူတွေက အောင်အောင်ဦးရယ်၊ သီသီမာ ရယ်ပေါ့၊ အောင်မြင့်မြတ်တို့ရဲ့ဒရိုင်ဘာကြီးကိုရော...ကိုခမှတ်မိသေး လား၊ ဦးတင်လှဆိုတာလေ၊ သူလဲ သေသွားခဲ့တယ်ကိုခ"

ဒေါက်တာအေးမြင့်ကြည်က နောက်ကြောင်းများကို ရေပက်မဝင် အောင်ပြောပြနေပေသည်။ ဒေါက်တာအေးမြင့်ကြည်သည် ချမ်းငြိမ်းခကိုပင် ကျော်ဇင်ထူးဝင်စားသူဟု ထင်နေလေပြီ။

ဒေါက်တာအေးမြင့်ကြည်က ခ လက်ကိုကိုင်ကာ အားရပါးရ ပြောပြနေဆဲဖြစ်ပါ၏။ ချမ်းငြိမ်းခက ရှင်းပြရန်ကြိုးစားလိုက်၏။

"ထိုင်ပါဦးမမကြည်၊ ကျွန်တော်ပြောပါရစေဦး"

**အမှန်တကယ်တော့ ကျော်ဇင်ထူးဝင်စားသူမှာ သူ မဟုတ်။ သူ့ရဲ့အမြွှာညီအစ်ကို ချမ်းအေးက (ခေါ်) က,သာ ဖြစ်ကြောင်း ရှင်းပြမည်ကြံဆဲတွင်**

အခန်းထဲသို့ ဒေါက်တာသာလွန်ဦးပြန်ဝင်လာသည်။ လက်ထဲ တွင် ဓာတ်ပုံအယ်လ်ဘမ်တစ်ခုပါလာသည်။

ဒေါက်တာအေးမြင့်ကြည်က ဒေါက်တာသာလွန်ဦးထံမှ အယ်လ် ဘမ်ကိုယူလိုက်ကာ ခ ရှေ့တွင်ဖြန့်ပြလိုက်သည်။

"ဟောဒီမှာကြည့်ပါဦး ကိုခရယ်၊ ကိုခရဲ့ ဖြိုးလေ၊ အပျိုကြီး ဆိုတော့ အသက်ကြီးသွားတယ်တောင် မထင်ရဘူး၊ ခုထိလှတုန်း..."

ဒေါက်တာအေးမြင့်ကြည်က အမျိုးသမီးတစ်ဦးတည်းရိုက်ထား သောဓာတ်ပုံကိုပြရင်းပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကိုအမြင်တွင် ခွ,ရင်တစ်ခုလုံးဖြောင်းဆန့်အောင် တုန်လှုပ်သွားလေ၏။

ဓာတ်ပုံက အခမ်းအနားတစ်ခုတွင်ရိုက်ထားသောပုံတစ်ပုံသာ ဖြစ်ပါ၏။

အလှရိုက်ဓာတ်ပုံမဟုတ်ပါ။ သို့သော် ဓာတ်ပုံထဲတွင် ထို အမျိုးသမီးသည် လှချင်တိုင်းလှနေပေသည်။

ဒေါက်တာအေးမြင့်ကြည်ပြောသလိုပင်။ သူမသည် ဒေါက်တာအေးမြင့်ကြည်နှင့်ရွယ်တူမိန်းမတစ်ယောက်ဟု မထင်ရအောင်ပင် နုပျိုစွာဖြင့် လှပနေပါ၏။

"ဒါ...ဒါ၊ ဖြိုး...ဖြိုးအိသွယ်"

"အဲဒါ...အကြည်တို့ ၁၅-နှစ်ပြည့်အထိမ်းအမှတ် ပုလဲရတုမင်္ဂလာပွဲလုပ်တုန်းက ရိုက်ထားတဲ့ပုံလေ၊ အိုရီယင်တယ်ဟော့တယ်မှာ ရိုက်ထားတဲ့ပုံပေါ့၊ လွန်ခဲ့တဲ့သုံးလက ရိုက်ထားတဲ့ပုံလေ၊ ကြည့်ပါဦးကိုခရယ်၊ ဖြိုးက မနုဘူးလားဟင်၊ အကြည်သာ အသက်၃၈-နှစ်ရှိလို့ အဘွားကြီးဖြစ်နေ—သိ၊ ဖြိုးကို အကြည်နဲ့ရွယ်တူလို့တောင်မထင်ရဘူး မဟုတ်လား"

"မမကြည် အဘွားကြီးမဖြစ်သေးပါဘူးလေ၊ ဒါပေမယ့်...ဖြိုးအိသွယ်က ရှိတဲ့အသက်ထက် အများကြီးနုနေတာတော့ အမှန်ပဲ မမကြည်"

"နုတာလည်း မပြောနဲ့လေကိုခရယ်၊ ဖြိုးတစ်သက်မှာ ပင်ပင်ပန်းပန်းလုပ်ရတာလို့ ဘာမှမှမရှိတာ၊ ဖြိုးက အခု သူ့မိဘတွေရဲ့ရွှေဆိုင်လုပ်ငန်းကိုပဲဆက်လုပ်နေတယ်လေ၊ တစ်ချိန်လုံး အအေးခန်းထဲမှာထိုင်ပြီး နုနုရွရွလေးနေရတော့လည်း နုချင်တိုင်း နုနေတော့တာပေါ့၊ အကြည်တို့သာ ဆရာဝန်သာဖြစ်နေတယ်၊ လူနာတွေနဲ့ နပန်းလုံးပြီး စိတ်ပင်ပန်း,လူပင်ပန်းဖြစ်နေရတာ"

ဒေါက်တာအေးမြင့်ကြည်သည် သူ့ကိုယ်သူ 'အကြည်, အကြည်' ဟု နာမ်စားသုံးရင် ခ,ကိုစကားများပြောနေပေသည်။ ယခင်က သူ့ကိုယ်သူ မမကြည်ဟုသုံးနှုန်းပြောဆိုခဲ့သောဒေါက်တာအေးမြင့်ကြည်မှာ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းခကို သူငယ်ချင်းကျော်ဇင်ထူးဝင်စားသူဟု တစ်ထစ် ချမှတ်ယူကာ 'သူငယ်ချင်းပြော' ပြောနေခြင်းပင်ဖြစ်ပါတော့၏။

"သြော်…အကြည်က ဆေးကျောင်းဆက်တက်ပြီး ဆရာဝန် ဖြစ်လာတယ်၊ ဖြိုးကတော့ မန္တလေးတက္ကသိုလ်မှာ ရိုးရိုးသိပ္ပံဘွဲ့ပဲယူလိုက်တယ်ကိုခ၊ အောင်မြင့်မြတ်လည်း သိပ္ပံဘွဲ့ပဲ၊ စိုးရကတော့ ဒီအက်စ်အေ ဆက်တက်တယ်လေ၊ အခု…ဗိုလ်မှူးဖြစ်နေပြီ၊ အင်း…ကိုခ သာ ကျော်ဇင်ထူးအနေနဲ့အသက်ဆက်ရှင်ခဲ့ရင် အကြည်နဲ့အတူတူ ဆရာဝန်ဖြစ်မှာနော်၊ အရင်ဘဝက ဆယ်တန်းအောင်တုန်းက ဂုဏ်ထူး လေးဘာသာပါတာ မှတ်မိသေးလားဟင်…ကိုခ"

ဒေါက်တာအေးမြင့်ကြည်ကတော့ သူ့ကိုပင် ကျော်ဇင်ထူး ဝင်စားသူအဖြစ် တစ်ထစ်ချမှတ်ယူယုံကြည်နေပေပြီ။

"မှတ်မိပါတယ်၊ ဒီဘဝမှာလည်း ကျွန်တော်ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးလေးဘာသာနဲ့ပါပဲမမကြည်၊ ဆေးကျောင်းအမှတ်လည်း မီပါတယ်၊ ဆရာဝန်လုပ်ရမှာဝါသနာမပါလို့ ဆေးကျောင်း မတက်တာပါ"

"ဟင်…ဟုတ်လား"

"ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လုံး ဆေးကျောင်းတက်ဖို့ အမှတ်မီတဲ့ကြားက ဝါသနာပါရာပဲ ဆက်တက်ခဲ့ကြတာပါ၊ ဖေဖေက လည်း ကိုယ်ကြိုက်သလိုဆုံးဖြတ်ဖို့ အခွင့်အရေးပေးခဲ့လို့ပါ"

"ဟုတ်သားပဲ…ကိုခမှာ အမြွှာညီအစ်ကိုရှိသေးတယ်နော်"

"သူက အခု…နိုင်ငံခြားမှာပါ၊ ဒါနဲ့…မမကြည်၊ ကျွန်တော်… ကျွန်တော် ဒေါ်ဖြိုးအိသွယ်နဲ့ တွေ့…တွေ့လို့ရမလား ဟင်"

ခသည် ဖြိုးအိသွယ်ဓာတ်ပုံကို ပြန်ကြည့်ရင်းမေးလိုက်၏။

"အို…ဘယ့်နှယ် ဒေါ်ဖြိုးအိသွယ်ရမှာလဲ ကိုခရယ်၊ ဖြိုး လို့ ပဲပြောစမ်းပါ၊ ဖြိုးဟာ ကျော်ဇင်ထူးအတွက် ထာဝရဖြိုးပါ"

"ကျော်ဇင်ထူးအတွက် ထာဝရဖြိုး"

"ဟုတ်တယ်…ဒါ ဖြိုးပြောနေကျစကားပဲ၊ ကျော်ဇင်ထူး သေ သွားပြီးနောက်မှာ သူ့အသည်းနှလုံးမှာ အစားထိုးစရာမရှိလို့ဆိုပြီး အချစ်သစ်



www.burmeseclassic.com

www.burmeseclassic.com



မရှာဘဲနေခဲ့တယ်၊ အိမ်ထောင်မပြုဘဲနေခဲ့တယ်၊ သူ့ရဲ့ ချစ်တတ်တဲ့ နှလုံးသားဟာ ကျော်ဇင်ထူးနဲ့အတူ ပါသွားပြီတဲ့၊ ဖြိုးကို ခေါ်တပ်ပြီး ခေါ်စရာ မလိုပါဘူး ကိုခ၊ ဖြိုးဟာ…ကိုခအတွက် ဖြိုးပါပဲ ကိုခရယ်"

"ဒါပေမယ့်…မမကြည်ရယ်၊ နှစ်တွေကကြာခဲ့ပြီမဟုတ်လား၊ သူ…ဖြိုး ကျွန်တော့်ကို ကျော်ဇင်ထူးအဖြစ်နဲ့ လက်ခံပါ့မလား မမကြည်"

ခ,က သွေးတိုးစမ်း၍ မေးကြည့်လိုက်သည်။

"ကိုခ,ကိုမြင့်တာနဲ့ ကျော်ဇင်ထူးဆိုပြီး လက်ခံမှာပါ ကိုခ၊ အို…အကြည်တော့ ဖြိုးကို ဒီအကြောင်းတွေသိစေချင်ပြီ၊ အခုပဲ ဖုန်းဆက်ပြောလိုက်မယ်လေ ကိုခ"

"နေ…နေပါဦးမမကြည်၊ ဖြိုးက ကျွန်တော့်ကို ကျော်ဇင်ထူးအဖြစ်နဲ့ လက်ခံမယ်ဆိုတာ သေချာပါတယ်နော်"

"သြော်…ဖြိုးတစ်ယောက်တည်းမဟုတ်ဘူး၊ အောင်မြင့်မြတ်တို့ စိုးရတို့ကပါ လက်ခံစေရမယ်၊ သူငယ်ချင်းမှန်သမျှက ကိုခ ကိုမြင့်တာနဲ့ ကျော်ဇင်ထူးပါဆိုတာ လက်ခံစေရမယ်ကိုခ"

"ကျွန်တော်ဟာ ဟိုဘဝကကျော်ဇင်ထူးနဲ့ ရုပ်ချင်း ဒါလောက်ဆောင်တူသလား မမကြည်"

"တူပါသော်ကောကိုခရယ်၊ အကြည်တော့ ကိုခနဲ့စကားပြောရင်း ကျော်ဇင်ထူးကိုပြန်တွေ့ရသလိုခံစားရတယ်၊ ဒါကြောင့်လည်း…အကြည့်ကိုယ်အကြည် အကြည်လို့ နာမ်စားသုံးပြီး ပြောနေမိတာပေါ့ ကိုခ"

"ဟုတ်ကဲ့…ကျွန်တော်ဟာ အရင်ဘဝ ကျော်ဇင်ထူးဖြစ်ခဲ့တာတော့ မှန်ပါတယ် မမကြည်၊ ဒါပေမယ့်…ကျော်ဇင်ထူးဘဝအစ အဆုံးကို အစေ့အစပ်တွင်းကျသိတယ်လို့တော့ ပြောလို့မရပါဘူး၊ တစ်ချို့ဟာတွေကို ကျွန်တော်မှတ်မိတယ်၊ ဥပမာ…မမကြည်ကိုတွေ့စက ကျွန်တော် သူငယ်ချင်းအဖြစ်နဲ့မမှတ်မိပေမယ့် မမကြည်ကို အရင်ကတည်းက မြင်ဖူးသလိုလို့ ထင်မိတယ်မမကြည်၊ နာမည်ကိုလည်း ရင်းနှီးနေတယ်၊ ခုနရောက်ပြီးမှ ကျွန်တော့်အသိတွေပြန်ပြီး ပွင့်သွား တာပါမမကြည် ဖြိုးကိုတော့ ဓာတ်ပုံမြင်တာနဲ့ ကျွန်တော်မှတ်မိလိုက်ပါပြီ၊ အောင်မြင့်မြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နာမည်မှတ်မိပေမယ့် လူတွေ့ရင်တော့ သိချင်မှ သိတော့မယ်၊ အဲဒီလိုပဲ လေ… အရာအားလုံးကိုတော့ ကျွန်တော် သိနေဖို့ မလွယ်ဘူးပေါ့ မမ ကြည်”

ထကယ်တော့ ခ,သည် ထိုစကားကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ပြောထားလိုက်ခြင်းဖြစ်ပါသည်။

“ဟုတ်တာပေါ့ကိုခ၊ လူဝင်စားပေမယ့် အစစအရာရာတော့ ဘယ်မှတ်မိနိုင်ပါ့မလဲ၊ ဘဝတစ်ခုလုံးခြားသွားပြီကိုး၊ ကိုခ ဒါလောက် မှတ်မိတာတောင် အံ့သြစရာကောင်းလှပြီ၊ သြော်…ကိုခ၊ ကျော်ဇင်ထူးရဲ့ မိဘတွေဟာ အခုအချိန်အထိ သက်ရှိထင်ရှားရှိပါသေးတယ် ကိုခ၊ ကိုခ ရဲ့အရင်ဘဝက မိဘတွေနဲ့ ညီမလေးကိုရော မှတ်မိသေးလားဟင် ကိုခ”

“ကျွန်တော့်အဖေနာမည်က ဦးကျော်…ဦးကျော်”

“ဦးကျော်ဇေယျလေ”

“ဟုတ်တယ်၊ အမေ့နာမည်တော့ မသိတော့ဘူး၊ ဒီလိုရှိပါတယ် မမကြည်၊ ကျွန်တော်ဟာ စကားပြောတတ်ခါစကတည်းက ကျွန် တော့်အရင်ဘဝအကြောင်းကို ပြောခဲ့တယ်တဲ့၊ သူငယ်ချင်းတွေ နာမည်၊ မိဘတွေနာမည်ရောပေါ့၊ ကျွန်တော် ကားတိုက်လို့သေခဲ့တဲ့ အကြောင်း ကိုလည်း ပြောခဲ့ပါတယ်မမကြည်၊ ဒါပေမယ့်…ဒီလို ပြောတာတွေကို ဖေဖေက မကြိုက်ဘူး၊ ဖေဖေမကြိုက်လို့ မပြောခဲ့ရဘူး မမကြည်၊ အဲဒါ နဲ့…ငယ်ငယ်ကမှတ်မိသလောက် အခုအချိန်မှာ မမှတ်မိတော့တာပါ”

“အင်းလေ…လူဝင်စားတွေဟာ အသက်ကြီးလာလေ အရင် ဘဝအကြောင်းတွေကို မေ့သွားလေပဲတဲ့၊ ကိုခ ဒါလောက်ထိ မှတ်မိနေတာ တော်တော်ထူးနေပါပြီ၊ တစ်ချို့အကြောင်းတွေလည်း ဖြည်းဖြည်းနဲ့ ပြန်ပြီးသိရင်သိလာမှာပေါ့နော်”

“ဟုတ်ကဲ့”

“အရေးအကြီးဆုံးကတော့ ဖြိုးပါပဲ၊ ဖြိုးကို ကိုခ ကောင်း ကောင်းမှတ်မိနေသားပဲ၊ ဖြိုး ဘက်ကတော့ ပြောစရာမလိုဘူး၊ ကိုခကို မြင်တာနဲ့ အံ့သြသွားမှာပဲ၊ ဖြိုးသိအောင် ပြောထားလိုက်တော့မယ်နော် ကိုခ”



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးမမကြည်၊ ဖြိုးက ဒီမန္တလေးမှာပဲရှိနေတာပဲ၊ ကြိုပြော မထားဘဲ ဖြိုးကိုတွေ့လိုက်ရရင် ပိုမကောင်းဘူးလားမမကြည်"

"အင်း…ကောင်းသားပဲ၊ ဟုတ်တယ်၊ ဖြိုး ကိုခကို တစ်ခါ တည်းတွေ့လိုက်တာပိုကောင်းမယ်၊ ဒီလိုလုပ်ပါလားကိုခ၊ အကြည် ညခုနစ်နာရီ ဂျူတီထွက်ရမှာလေ၊ ကိုခ တစ်ခါတည်းလိုက်ခဲ့ပါလား"

"ဖြိုးနဲ့တွေ့ဖို့…"

"ဟုတ်တယ်လေ၊ ဖြိုးတို့ အရင်အိမ်မှာပဲနေကြတယ်၊ အိမ်ကိုတော့ အသစ်ပြင်ဆောက်ထားတယ် ကိုခ"

"ဟင်…"

"ဖြိုးနေတဲ့နေရာကိုရော…ကိုခ မှတ်မိသေးလားဟင်"

"ကျွန်တော်…ကျွန်တော်…အဲဒါတော့…"

"ဒါပေါ့လေ…အသေးစိတ်တော့ ဘယ်မှတ်မိနိုင်မှာလဲ၊ ကိစ္စ မရှိပါဘူး၊ အကြည်လိုက်ပို့မှာပါ၊ ဪ…ဖြိုး…ဖြိုး… ကိုခကို တွေ့များ ဆွေ့ရင် ဘယ်လိုများခံစားသွားရမှာပါလိမ့်နော်"

"မမကြည် ကျွန်တော့်ကို ဒီဓာတ်ပုံလေး ပေးပါလားဟင်"

"ယူလိုက်လေကိုခ"

■

ဒေါက်တာအေးမြင့်ကြည်၏ဆန္ဒစောမှု၊ ဆုံးဖြတ်ချက်မြန်ဆန်မှု …ာ…ချမ်းငြိမ်းခ၏စိတ်ကို ပြောင်းလဲသွားစေခဲ့ပါသည်။

ခ,သည် ကျော်ဇင်ထူးဝင်စားသူမှာ သူ မဟုတ်ကြောင်း၊ ချမ်း …ာ,သာ ဖြစ်ကြောင်း ရိုးသားစွာဖွင့်ပြောဖို့ရည်ရွယ်ခဲ့သေးသည်။ ဒေါက် …အေးမြင့်ကြည်က ခ,နှင့်ကျော်ဇင်ထူး ရုပ်ချင်းခွဲမရအောင်တူသည် … အကြောင်းပြု၍ ခ,ကိုပင် ကျော်ဇင်ထူးဝင်စားသူဟု သူ့သဘောနှင့် … မှတ်ယူနေခဲ့ခြင်းဖြစ်ပါသည်။

ခသည်လည်း ဖြိုးအိသွယ်၏ဓာတ်ပုံကိုအမြင်တွင် ဒေါက်တာ

ဒိုးဓိဆည်းလည်း

www.burmeseclassic.com



အေးမြင့်ကြည်အထင်အမြင်မှားမှုများကို ငြင်းပယ်လိုစိတ်ကုန်ခန်းသွားရပါသည်။ ဖြိုးအိသွယ်ဓာတ်ပုံက ခ,ကိုဆွဲဆောင်ခဲ့သည်။

ခ ဖြိုးအိသွယ်ကို မြင်မြင်ချင်း ချစ်ခဲ့မိပါပြီ။

ကျော်ဇင်ထူးလူဝင်စားအဖြစ် ဟန်ဆောင်လိုက်ခြင်းတာ ဖြိုးအိသွယ်ကိုချဉ်းကပ်ဖို့ ပိုရှုပ်ထွေးလွယ်ကူသောလမ်းကြောင်းဖြစ်နေသည် မဟုတ်ပါလား။

*ငါ့ကိုခွင့်လွှတ်ပါ ကာ။*

*ဒီလိုလုပ်ဖို့...ငါ မရည်ရွယ်ခဲ့ပါဘူး။ ငါ ဖြိုးကိုချစ်မိပြီ။ မင်းရဲ့ တစ်ချိန်က ဖြိုးကို ငါ သိပ်ချစ်သွားပြီ ကာ။*

*အေးလေ...တကယ်တော့ မင်းဟာလည်း ဟိုဘဝက...ကျော်ဇင်ထူးဖြစ်ခဲ့ပေမယ့်... ခု ဘဝမှာ သီးခြားလူတစ်ယောက် ဖြစ်နေပါပြီ။ ဖြိုးနဲ့ ဘာမှမဆိုင်တော့ပါဘူး။*

*ငါ့မှာ ဖြိုးကိုချစ်ပိုင်ခွင့်ရှိပါတယ်။*

*ဘာပဲဖြစ်ဖြစ်...*

*မင်းနေရာမှာဝင်ပြီး ဟန်ဆောင်မိတာကိုတော့ ခွင့်လွှတ်ပါ ကာ,ရယ်...။*

■



www.burmeseclassic.com

www.burmeseclassic.com

■

# အပိုင်း(၅)

■

ဖြိုးအိသွယ်စိတ်တွေ သည်နေ့မှ ထူးထူးခြားခြား လှုပ်ရှားနေမိသည်။ သည်နေ့သည် ဆယ်တန်းအောင်စာရင်းထွက်သည့် နေ့ဖြစ်လေသည်။ ဆယ်တန်းအောင်စာရင်းထွက်သည့်အချိန်သို့ ရောက်တိုင်း ဖြိုး စိတ်တွေ ဒီလိုပဲ…လှုပ်ရှားရ၊ လွမ်းမောရ နွမ်းလျလျဖြစ်ရမြဲပါပဲ။

ဘယ်လောက်ပဲ မေ့ထားသည်ဆိုဆို မိမိတို့ ဆယ်တန်းအောင်တဲ့နှစ်က၊ အထူးသဲဖြင့် ဆယ်တန်းအောင်ပြီးနောက်တစ်နေ့ ပြင်ဦးလွင် ကို ပျော်ပွဲစားထွက်တဲ့နေ့က ကြုံခဲ့ရသည့် အဖြစ်ဆိုးကြီးက စိတ်အာရုံ ဝယ်ထင်ရှားလာစမြဲဖြစ်လေသည်။

ထို အဖြစ်ဆိုးအတွက်…ဖြိုး အသက်ရှိနေသရွေ့ ဒီလိုဒီအချိန် ရောက်တိုင်း ဖြိုးရင်မှာ ခံစားနေရတော့မှာပါပဲ။

သည်ကြားထဲ နေ့လယ်က ဆိုင်ကို အောင်မြင့်မြတ် ရောက်လာသေးသည်။ အောင်မြင့်မြတ်က အလှူတစ်ခုမှာ သူ့အဖွဲ့နှင့် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်အပြီး လမ်းကြုံ၍ ဖြိုးတို့ရွှေဆိုင်ကို ဝင်လာခဲ့ခြင်းဖြစ်ပါသည်။

သည်တော့လည်း…ဖြိုးအတွက် လွန်ခဲ့သောနှစ်နှစ်ဆယ်ကျော်က အဖြစ်ကို ပိုပြီးသတိရဖို့ဖြစ်လာခဲ့တော့သည်။ အောင်မြင့်မြတ်ကလည်း

www.burmeseclassic.com



ဖြိုးဆီရောက်ပြီးမှ ယနေ့ ဆယ်တန်းအောင်စာရင်းထွက်တဲ့ နေ့ဖြစ်နေတာကို သတိရကာ မျက်နှာပျက်နေရှာပါသည်။

သူငယ်ချင်းနှစ်ယောက်' ထိုအကြောင်းကိုမပြောဖြစ်သော်လည်း ရင်တွင်းကိုယ်စီမှာ အတိတ်ကအဖြစ်ဆိုးကြီးကို သတိရနေခဲ့ကြလေသည်။

အောင်မြင့်မြတ်က ဖြိုးကိုတွေ့လျှင် စ,နေ နောက်နေကျအတိုင်း…

"ဘယ်လိုလဲ အဖိုးကြီး၊ ဒီတစ်သက်ဒီအတိုင်းနေတော့မှာလား…

"နင့်အတွက် ခုထိ ဖူးစာရှင်မတွေ့သေးဘူးလား၊ ဒီအတိုင်းဆိုရင် နင့် အသုဘမှာ ငှက်ပျောတုံးထည့်ပေးရလိမ့်မယ်နော်"

စသည်ဖြင့် ရွတ်နောက်နောက်စကားများပင် မပြောတော့ပါ။ သူလည်း ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာပြီး အတိတ်ကိုသတိရကာ နှုတ်ဆိတ်နေလေသည်။ ဖြိုးဆိုင်မှာ ကြာကြာပင်မထိုင်ပဲ ပြန်သွားခဲ့လေ၏။

ဖြိုးသည် ဆိုင်ထဲမှထွက်သွားသောအောင်မြင့်မြတ်၏ကျောပြင်ကိုကြည့်ရင်း စိတ်မသက်မသာသက်ပြင်းချကျန်ခဲ့ရလေသည်။

ငယ်ငယ်တုန်းက သူငယ်ချင်းတွေ။ အခင်ဆုံးသူငယ်ချင်း ခုနစ်ယောက်။ ပြင်ဦးလွင်ကအပြန် ကားတိုက်မှုမှာ သုံးယောက်သေဆုံးသွားခဲ့သည်။ ဖြိုးနဲ့ချစ်ကျွမ်းဝင်စ ချစ်သူကျော်ဇင်ထူးနှင့် အောင်အောင်ဦးရယ်၊ သီသီမာရယ်…။

ဪ…ထူးရယ်…နှစ်ပေါင်းနှစ်ဆယ့်ကျော်လို့ သုံးနှစ်တောင် စွန်းခဲ့ပါပြီကော…

ယခုအချိန်မှာ…သက်ရှိထင်ရှားကျန်ရစ်သောသူငယ်ချင်း လေးယောက်သာ ရှိတော့သည်။

အောင်မြင့်မြတ်က မိဘလက်ထက်ကတည်းကဓာတ်ပုံဆိုင်ကို တိုးချဲ့ပြီး အောင်မြင်နေကာ ယခု ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းကိုပါ တွဲလုပ်နေသည်။ အေးမြင့်ကြည်ကတော့ ဆရာဝန်ဖြစ်ကာ နယ်တွေကို အတန်ကြာ လှည့်ပြောင်းလိုက်ရသေးသည်။ ခုတော့ အစိုးရအလုပ်ကထွက်လို့ အရှုံးကု ဆရာဝန်တစ်ယောက်အဖြစ် မန္တလေးမှာပဲရှိနေပါသည်။ စစ်ဗိုလ်ဖြစ်သွားတဲ့ စိုးရတစ်ယောက်သာ မန္တလေးနှင့်ဝေးကွာသောဒေသကို ရောက်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူငယ်ချင်းတွေက အိမ်ထောင်ကိုယ်စီနှင့် ဘဝကိုသီးခြားရပ်တည်ရှန်းကန်နေကြသော်လည်း…ဖြိုးကတော့ ယခုအချိန်အထိ တစ်ယောက်တည်းသာ။ တစ်ဦးတည်းသောသမီးဖြိုးအိသွယ်သည် မိဘလက်ငုတ်ရွှေဆိုင်ကိုဆက်လုပ်ရင်း မိဘများနှင့်အတူပင်ရှိနေဆဲဖြစ်ပါ၏။

နှစ်ကာလကြာညောင်း၍ အသက်အရွယ်ကြီးရင့်လာသော်လည်း ဖြိုးဘဝက ပြောင်းလဲမသွားပေ။ သည်မိဘများနှင့် သည်အိမ်ကြီးမှာ ဆက်နေနေဆဲ။ သည်နေရာမှာပင် ရွှေဆိုင်ဖွင့်ထားဆဲ။ ဖြိုး တစ်ယောက်တည်းကို ကွက်ပြီးကြည့်လျှင် အရာရာသည် ဘာမျှအပြောင်းအလဲမရှိဘူးဟုပင် ထင်ရလေသည်။ အသက်အရွယ်ပင်လျှင် ထူးထူးခြားခြား ကြီးရင့်သွားသည်မထင်ရပါ။

တစ်သက်လုံးအေးချမ်းငြိမ်သက်စွာနေခဲ့ရသော ဖြိုးအိ သွယ်သည် အသက်၃၈နှစ်ရှိသော်လည်း ၂၅-၃၀ ဝန်းကျင် အမျိုးသမီး တစ်ယောက်လို နုပျိုလှပနေဆဲပါပင်။

ဖြိုးသည် တီဗီရှေ့တွင်ထိုင်ကာ တီဗီကိုကြည့်နေသော်လည်း ရှေ့မှ မြင်ကွင်းများက အာရုံထဲသို့ဝင်မလာ။ စိတ်တွေထွေပြားနေမိသည်။

ထိုစဉ်…အိမ်ရှေ့မှကားဟွန်းသံကြားလိုက်ရသည်။

ဖြိုးက ထိုင်ရာမှထကာ အိမ်ရှေ့ဆီမျှော်ကြည့်လိုက်သည်။

ခြံစောင့်ကိုတင်စိုးက ခြံတံခါးကိုဖွင့်ပေးနေသည့်မြင်ကွင်းကို မြင်ရသည်။ ကိုတင်စိုး အလွယ်တကူတံခါးဖွင့်ပေးပုံထောက်တော့ လာနေကျအသိမိတ်ဆွေထဲကပဲဖြစ်ပုံရပါသည်။

ခြံထဲကိုဝင်လာသည့်ကားကိုကြည့်လိုက်တော့ ကားက အညိုရောင်ဆာ့ဖ်ကားတစ်စီးဖြစ်နေသည်။ ကားကတော့ ရင်းနှီးတဲ့မိတ်ဆွေတွေ့ကား မဟုတ်ဘူး။ ဘယ်သူများပါလိမ့်။

ဖြိုးက အိမ်တံခါးဝသို့ထွက်ရပ်ရင်း ကားပေါ်မှဆင်းလာမည့် ည့်သည်ကိုစောင့်ကြည့်နေမိ၏။

ကားတံခါးတစ်ချပ်ပွင့်လာကာ ကားပေါ်မှဆင်းလိုက်သည့် အေးမြင့်ကြည်ကိုမြင်လိုက်သည်။

အေးမြင့်ကြည်ပါလား။ အေးမြင့်ကြည်က သည့်အချိန်လာနေကျ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ၍ ဖြိုးအံ့အားတသင့် ငေးကြည့်နေမိဆဲ ဒရိုင်ဘာ ဘက်ခြမ်း တံခါးပေါက်မှ လူတစ်ယောက်ဆင်းလာလေသည်။

"ဟင်…"

ကားနှင့်တံခါးဝ အတန်လေးလှမ်းသည့်အတွက် ထိုသူကို မည်သူ မည်ဝါဟုသဲကွဲစွာမသိနိုင်သေးပါ။ အကြည့် ယောက်ျား ဒေါက်တာ သာလွန်ဦးမဟုတ်တာတော့ သေချာသည်။

"အို…"

ဖြိုးက တံခါးဘောင်ကိုလှမ်းကိုင်ကာ အသံထွက်ရေရွတ်လိုက်မိသည်။

"မဖြစ်နိုင်ပါဘူး၊ မဟုတ်ပါဘူး"

အကြည်နှင့်အတူလျှောက်လာသော ထိုသူ၏လမ်းလျှောက်ဟန်နှင့်ပုံပန်းသဏ္ဌာန်ကိုကြည့်ရင်းမှ ဖြိုး မင်သက်အံ့သြနေမိလေပြီ။

ဖြိုးက တံခါးဝတွင် ကျောက်ရုပ်လို မင်သက်ငေးကြည့်နေဆဲတွင် သူတို့နှစ်ယောက် အိမ်အဝသို့ရောက်လာကာ အေးမြင့်ကြည်က လှေကားထစ်များကိုကျော်တက်နင်းရင်း ဖြိုး လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

"ဖြိုး ကြည့်လိုက်စမ်း၊ သူ့ကိုကြည့်လိုက်စမ်းပါဖြိုး၊ သူ…သူ"

"သူ…ဘယ်သူလဲအကြည်"

အေးမြင့်ကြည်စကားဆုံးအောင်မစောင့်ပဲ ဖြိုးက အလျင်အမြန် မေးလိုက်လေသည်။

"အိမ်ထဲဝင်ရအောင်ဖြိုး၊ အိမ်ထဲရောက်မှပြောပြမယ်၊ လာ…ကိုခ အိမ်ထဲသွားရအောင်"

အေးမြင့်ကြည်က အိမ်ထဲဝင်ရန်ပြောလိုက်သော်လည်း ဖြိုးရော ကိုခပါ…နေရာ၌ပင် ရပ်နေမိကြသေးသည်။ တစ်ယောက်နှင့်တစ် ယောက် အတန်ကြာ စိုက်ငေးကြည့်နေမိကြသည်။

"ဖြိုး…ဖြိုးနော်…"

ကိုခအနေဖြင့် ဖြိုးကို လူကိုယ်တိုင်မြင်လိုက်ရချိန်တွင် ရင်ထဲ၌ ပို၍လှုပ်ရှားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြိုးကို ယခုမှမြင်ဖူးသော်လည်း ယခင် ဘဝကတည်းက သိရှိခဲ့ဖူးဟန်မျိုး ဆောင်ရပေတော့မည်။

ဖြိုးကတော့...ရှေ့တွင်ရပ်နေသောလူငယ်၏ရုပ်သွင်ကို ကြည့်ရင်း အသက်ရှူရန်ပင် မေ့လျော့နေမိလေပြီ။

"ထူး...ထူး..."

သူ့ကိုကြည့်ရင်း ဖြိုးနှုတ်မှထွက်ကျလာသော စကားလုံးများ ဖြစ်ပါသည်။

ထူး...ဆိုပါလား။

ကျော်ဇင်ထူးကို ထူးလို့ခေါ်ခဲ့ပုံရတယ်။ ကိုခ, က တွေးလိုက်မိသည်။

"ဖြိုး...ဖြိုးက အရင်အတိုင်းပဲနော်၊ ဘာမှ မပြောင်းလဲဘူး"

ကိုခက အရဲစွန့်၍ပြောလိုက်လေသည်။

"ဟင်..."

ကိုခ ပြောလိုက်သောစကားကြောင့် ဖြိုးသည် ယိုင်လဲမလိုဖြစ်သွားသည်။ အေးမြင့်ကြည်က ဖြိုးလက်မောင်းကိုကိုင်ကာ ထိန်းထားလိုက်ရ၏။

"လာကြပါ၊ အိမ်ထဲမှာထိုင်ကြပါဦး၊ အေးအေးဆေးဆေး ပြောပြပါရစေဖြိုးရယ်"

အေးမြင့်ကြည်က ဖြိုးလက်မောင်းကိုဆုပ်ကိုင်ထားရင်းမှပင် ဧည့်ခန်းဆက်တီဆီခေါ်သွားသည်။ ကိုခကိုလည်း "ဝင်ခဲ့ပါကိုခ" ဆိုကာ ဖိတ်ခေါ်လိုက်သည်။

အေးမြင့်ကြည်က ဖြိုးကို ခုံပေါ်တွင်ထိုင်စေပြီးမှ ပြောသည်။

"ဖြိုး...သူက အကြည်အခုလုပ်နေတဲ့ သုခစံအိမ်ဆေးတိုက်ပိုင်ရှင် ဒေါက်တာမြတ်သူရဲ့သားလေ၊ ဒေါက်တာမြတ်သူဆိုတာ ကိုသာ ရွှန်ဦး အစ်မဝမ်းကွဲ ဒေါက်တာသက်သက်ခိုင်နဲ့အိမ်ထောင်ကျနေတာ"

"ဒါတွေ ဖြိုးသိတယ်လေ"

"သူ့နာမည်က ချမ်းငြိမ်းခလို့ခေါ်တယ်ဖြိုး၊ သူက သုခစံအိမ်မှာ မန်နေဂျာလုပ်နေတယ်၊ ကိုခကိုတွေ့ကတည်းက ကျော်ဇင်ထူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွတယ်ဆိုပြီး…အကြည်လည်း စိတ်ဝင်စားနေတာ၊ ဒီနေ့မှ ကိုခက သူဟာ ကျော်စင်ထူးဝင်စားတဲ့သူဆိုတာ ပြောပြလို့သိရတာလေ”

“ဘာ…ဘာ…ဘာပြောတယ်၊ ထူး…ထူး ဝင်စားတယ်၊ ဟုတ်လား”

“ဟုတ်ပါတယ်ဖြိုး၊ ဟောဒီ ချမ်းငြိမ်းခဆိုတဲ့ ကိုခဟာ အကြည်တို့သူငယ်ချင်းကျော်စင်ထူး ဝင်စားတဲ့သူပါ ဖြိုး”

“အမယ်လေး…”

အေးမြင့်ကြည်အပြောကြောင့် ဖြိုးမျက်လုံးများပြာဝေသွားလေသည်။

“ဖြိုး…သတိထားမှပေါ့ဖြိုးရယ်”

“အကြည် ထူးကိုပြန်တွေ့ရသလိုလူကိုယ်တိုင်မြင်နေရတော့ ဖြိုးသိပ်စိတ်လှုပ်ရှားသွားတယ်ကွယ်၊ သူ သူကထူး ဝင်စားတယ်၊ဟုတ်လား”

“ဟုတ်ပါတယ်ဖြိုး…အဲ…မမဖြိုးလို့ခေါ်ရမှာပါ၊ ဒါပေမယ့်…အရင်ဘဝက ထူးခေါ်ခဲ့သလို ဖြိုးလို့ပဲခေါ်ပါရစေနော်”

“အို…”

“ကျွန်တော်ငယ်ငယ်က အရင်ဘဝဟောင်းအကြောင်းကို ခဏခဏပြောပြဖူးလို့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကိုလူဝင်စားဆိုတာ သိနေကြပါတယ်ဖြိုး”

“အရင်ဘဝအကြောင်းကိုပြောပြတယ်”

“ဟုတ်ပါတယ်ဖြိုး၊ အရင်ဘဝက ကျွန်တော် ပြင်ဦးလွင်က အပြန်ကားတိုက်မှုဖြစ်ပြီးသေခဲ့တာကို ကျွန်တော် ခုဘဝအထိမှတ်မိနေပါတယ်၊ အတူတူသွားခဲ့တဲ့သူငယ်ချင်းတွေထဲက တစ်ချို့ကိုလည်း မှတ်မိတယ်၊ အဲ …ဖြိုးရယ်၊ ဟောဒီက မမကြည်ရယ်၊ အောင်အောင်ဦး၊ အောင်မြင့်မြတ်ဆိုတဲ့နာမည်တွေကို မှတ်မိနေတာပါ”

“ဟင်…”

“ကျွန်တော့်အမေဝမ်းထဲမှာ ဘယ်လိုဝင်စားခဲ့တယ်ဆိုတာလည်း ကျွန်တော်သိနေခဲ့ပါတယ်၊ ကားတိုက်မှုဖြစ်လို့ ထူး သေပြီးပြီးချင်းပဲ ခုဘဝ ကျွန်တော့်အမေကိုတွေ့ပြီး အမေ့နောက်ကို လိုက်သွားခဲ့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အို…"
"ဟယ်…"

ကိုခပြောသောအကြောင်းအရာအသစ်မှာ ဒေါက်တာအေးမြင့်ကြည်ကိုမပြောရသေး၍ ဒေါက်တာအေးမြင့်ကြည်ပါ အံ့သြသွားရလေသည်။

"ဖြိုးနဲ့မကြည် မှတ်မိဦးမလားမသိဘူး၊ ကားတိုက်မှုဖြစ်ပြီးပြီးချင်း နောက်ကပါလာတဲ့ကားတွေက ကူညီဖို့ရောက်လာကြတယ်လေ၊ အဲဒီမှာ ဆရာဝန်တစ်ယောက်လည်း ပါတယ်"

"မှတ်မိပါတယ်ကိုခ၊ အဲဒီဆရာဝန်ကပဲ သေးကကားတွေကို အကူအညီတောင်းပြီး အကြည်တို့အားလုံးကို မန္တလေးဆေးရုံကြီး အရောက်သယ်ခဲ့တာလေ၊ ဖြိုးရော မှတ်မိလား"

ဒေါက်တာအေးမြင့်ကြည်က သူမှတ်မိကြောင်းပြောကာ ဖြိုး ကိုပါ လှည့်မေးလိုက်သည်။

"မှတ်မိတယ်အကြည်"

"အဲဒီတုန်းက ကူညီပေးခဲ့တဲ့ဆရာဝန်ဟာ ဒီဘဝကျွန်တော့်အဖေဖြစ်နေတဲ့ ဒေါက်တာမြတ်သူပါဗျာ"

"ဟင်…"

"ဩော်…"

ဖြိုးရော၊ ဒေါက်တာအေးမြင့်ကြည်ပါ မျက်လုံးများဝိုင်းစက်သွားကြလေသည်။

"ကျွန်တော့်အဖေဒေါက်တာမြတ်သူနဲ့ကျွန်တော့်အမေ ဒေါ်အေးအေးလွင်တို့က အဲဒီတုန်းက ပြင်ဦးလွင်ကိုသွားလည်ပြီးပြန်လာကြတာပါ၊ ကျွန်တော် အမေ့ကိုတွေ့ပြီး အမေတို့ကားနောက်ကနေလိုက်သွားတာကိုပဲ သတိရတော့တယ်၊ စကားပြောတတ်တဲ့အရွယ်ကျတော့ ကျွန်တော်နဲ့ အတူတူသွားတဲ့သူငယ်ချင်းတွေနာမည်ပြောပြပြီး၊ သူတို့ရှိ သေးသလား သေသွားသလားလို့ မေးခဲ့တယ်တဲ့၊ အဲဒီအချိန်မှာ ဖေဖေက နေ့ကုန် မြန်ပြောင်းရပါပြီ၊ ကျွန်တော့်ကို ရန်ကုန်မှာမွေးတာပါ"

"ဩော်…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ငယ်ငယ်က အမေ့ကို အဲဒီအကြောင်းတွေ ခဏ ခဏပြောဖူးလို့ ကျွန်တော့်ကိုလူဝင်စားဆိုတာ အသိအမှတ်ပြုခဲ့ကြတာပါ၊ မေမေက မန္တလေးပြန်လာပြီးစုံစမ်းပေးဖို့စီစဉ်ခဲ့ဖူးပေမယ့် ကျွန်တော်တို့ နိုင်ငံခြားကိုပြောင်းသွားလို့ မလာဖြစ်တော့တာပါ၊ မြန်မာပြည်ပြန် ရောက်တော့လည်း မေမေဆုံးသွားလို့ ဒီဇာတ်ကြောင်းကို မဆက်ဖြစ်တော့ ဘူးလေ"

"ဒါဖြင့်…ကိုခ ဒီ့အရင်က မန္တလေးကိုမရောက်ဖူးဘူးပေါ့"

"အန်တီသက် ဆေးခန်းဖွင့်လို့ ရောက်လာရတာပါမမကြည်"

"ကိုခတစ်ယောက်တည်းသဘောနဲ့ရော မန္တလေးကို ခပ်စော စောကတည်းက ဘာလို့မလာခဲ့တာလဲဟင်"

ဒေါက်တာအေးမြင့်ကြည်မေးခွန်းက မေးသင့်သောမေးခွန်း ဖြစ်ပါသည်။ လူဝင်စားအဖြစ် ယခင်ဘဝကိုထင်ထင်ရှားရှားမှတ်မိနေ သူတစ်ဦးက မဝေးကွာလှသော ကိုယ့်နိုင်ငံထဲက မြို့ကြီးတစ်မြို့ကို အလွယ် တကူလာနိုင်သည်မဟုတ်ပါလား။

"ဒီလိုရှိပါတယ်မမကြည်၊ လူဝင်စားဆိုတာ ကျွန်တော်ကသာ မှတ်မိလို့ပြောပြနေတာ၊ မေမေမရှိတော့တဲ့နောက်ပိုင်း ကျွန်တော့်စကား တွေကို အသိအမှတ်ပြုတဲ့လူ မရှိတော့ပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း ဘဝခြားပြီးသားအဖြစ်တွေကို ကြာလေ မေ့သလိုလိုဖြစ်လာတယ်လေ၊ ပြီးတော့…အတိတ်ကအဖြစ်တွေဟာ တကယ်မှဟုတ်ရဲ့လားလို့ သံသယ ဖြစ်လာတာလည်း ပါတယ်"

"ဒါပေါ့လေ…လူဝင်စားဆိုတာ အသက်ကြီးလေ အရင်ဘဝ အကြောင်းတွေ မေ့သွားလေပဲလို့ ဆိုကြတာကိုး"

"အခုတော့…မမကြည်နဲ့စကားစပ်မိမှ ကျွန်တော့် အတိတ်ဘဝ ကို တစ်ခါပြန်ပြီးမှတ်မိလာတာပါမမကြည်၊ ခုလို ဘဝဟောင်းကလူ တွေနဲ့ပြန်ဆုံရလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်မထားမိတော့ပါဘူးဗျာ"

"ဟုတ်တာပေါ့လေ"

သူတို့စကားပြောနေစဉ် အတွင်းခန်းထဲမှ ဖြူးအိသွယ်၏ခင်ကြီး ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဘယ်သူများလဲလို့၊ အကြည်ရောက်နေတာကိုး၊ ဆေးခန်းကပြန်ခဲ့ပြီလား"

"ဟုတ်ကဲ့အန်တီ၊ အန်တီ…ဟောဒီမှာ ဘယ်သူလဲ ကြည့်ပါဦး၊ သူ့ကို အန်တီမှတ်မိလားဟင်"

အဘွားကြီးက ရှေ့သို့တိုးလာကာ ကိုခကိုကြည့်လိုက်သည်။ မျက်စိမှုန်သူဖြစ်၍ ကိုယ်ကိုကိုင်းကာကြည့်လိုက်၏။

"အို…ဒီသူငယ်က…"

"အဲဒါ…ထူး၊ သမီးတို့သူငယ်ချင်း ကျော်ဇင်ထူး ဝင်စားတာလေ"

"အလို…ဘုရားရေ"

"ကျော်ဇင်ထူးနဲ့မတူဘူးလားအန်တီ"

"တူလိုက်တာအေ"

"သူက အကြည်တို့ဆေးတိုက်ပိုင်ရှင်ရဲ့သားပါအန်တီ"

ဒေါက်တာအေးမြင့်ကြည်က ဖြိုးမိခင်ကို ကိုခလူဝင်စားဖြစ်ပုံအား ပြောပြနေလေသည်။

အေးမြင့်ကြည်ပြောပြသည်များကိုနားထောင်ရင်း ဖြိုးက ဝင်ပြောလိုက်သည်။

"ဟုတ်တယ်အကြည်…ဖြိုးမှတ်မိလာပြီ၊ ဖြိုးတို့ ကားတိုက်မှုဖြစ်တုန်းက ကူညီခဲ့တဲ့ဆရာဝန်နာမည်က ဒေါက်တာမြတ်သူတဲ့၊ အဲဒီတုန်းက ဒေါက်တာမြတ်သူက ဆေးရုံကြီးရှေ့က ဆရာဝန်တွေနေတဲ့တိုက်ခန်းမှာနေတာလေ၊ သူ့အမျိုးသမီးက အသားဖြူဖြူ၊ ပါးမှာ မှဲ့နဲ့"

"ဟုတ်ပါတယ်ဖြိုး၊ ကျွန်တော့်အမေဒေါ်အေးအေးလွင်က ပါးမှာ မှဲ့ပါ"

ဖြိုးမိခင်ကြီးက ရင်ဗတ်ကိုဖိရင်း…

"ဩော်…ထူးဆန်းလိုက်တာကွယ်၊ သံသရာကြီးများ ရှည်လျားလိုက်တာနော်၊ ဒါဖြင့် သူငယ်က အရင်ဘဝက မိဘများရော သွားတွေ့တော့ဘူးလားကွယ်"

"ကျွန်တော်…ကျွန်တော် သွားတွေ့မှာပါအန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ထူးမိဘတွေအိမ်လည်း လိုက်ပို့ပေးမယ်၊ ကြိုပြီးလည်း ပြောပြထားမယ်၊ ပြီးတော့…အောင်မြင့်မြတ်နဲ့လည်း တွေ့ပေးရဦးမယ်လေ၊ သူငယ်ချင်းတွေထဲမှာ စိုးရကတော့ အဝေးကိုရောက်နေလို့ မတွေ့နိုင်သေးဘူးပေါ့"

ဒေါက်တာအေးမြင့်ကြည်က ပြောလိုက်သည်။

"ကိုချမ်းငြိမ်းခ အတိတ်ကိုမှတ်မိတယ်ဆိုတာ အသေးစိတ်မှတ်မိတာပဲလားဟင်"

ဖြိုးက ကိုခကို မေးလိုက်သည်။

"အသေးစိတ်…ကျွန်တော်မှတ်မိတာတွေဟာ အသေးစိတ်တော့ မဖြစ်နိုင်ဘူးထင်ပါတယ် ဖြိုး…မမဖြိုး"

"အိုအေ…ဘဝတစ်ခုလုံးခြားသွားပြီဥစ္စာ၊ ဘယ် အသေးစိတ်တော့ မှတ်မိနိုင်ပါ့မလဲ၊ ခုလောက်မှတ်မိတာတောင် ကုသိုလ်ထူးလွန်းလို့ပဲ"

ဖြိုးမိခင်ကြီးက ထိုင်ရာမှထရင်းပြောလိုက်သည်။

"ကဲ…စကားပြောကြဦး၊ အန်တီပုတီးစိတ်လိုက်ဦးမယ်"

ဖြိုးမိခင်က အိမ်ထဲသို့ပြန်ဝင်သွားသည်။

ကိုခ,က သက်ပြင်းချလိုက်သည်။ သူ့အနေနှင့် ဘဝဟောင်းကိုအသေးစိတ်မမှတ်မိပါလို့ စကားခံထားတာ ပိုကောင်းပေမည်။ သူ့ကိုတောျဝင်ထူးဝင်စားသူဟုလက်ခံနေကြသောပတ်ဝန်းကျင်တွင် နောက်ပိုင်းကိုသင့်သလိုကြည့်နေရမည်ဖြစ်သည်။ မီးစင်ကြည့် က,ရပေတော့ မည်။

"မမဖြိုး"

"ပြော…ပြောပါ ကိုခ"

"ကျွန်တော်…ကျွန်တော် မမဖြိုးဆီကို ဝင်လွှက်ပါရစေ၊ မမဖြိုးနဲ့ အရင်ဘဝကလိုပဲ ဆက်ဆံပါရစေမမဖြိုး"

"ဖြိုးဆီကို လာနိုင်ပါတယ်ကိုခ"

အရင်ဘဝကလိုဆက်ဆံပါရစေဆိုတဲ့ သူ့စကားကိုတော့ ဖြိုး က လက်မခံနိုင်သေးပါ။ သူကတော့ ဘာသဘောနဲ့ပြောတယ်မသိ။ သူဟာ ထူးဝင်စားသူဖြစ်သော်လည်း သီးခြားလူတစ်ယောက်ဖြစ်နေပါပြီ။ ပြီးတော့ သူနှင့်ဖြိုးတို့ အသက်ချင်း အများကြီးကွာခြားသွားပြီ။ သူ့ကို ထူး အစစ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ လက်ခံဖို့ကတော့ ဖြိုးမှာ အားမွေးရပါဦးမည်။ စဉ်းစားရပါဦးမည်။

"အို…ကိုခကလဲ၊ ကိုခက ကျော်ဇင်ထူးရဲ့ကိုယ်ပွားပဲ၊ အရင်ဘဝကသူငယ်ချင်းတွေကို အရင်လိုပဲဆက်ဆံရမှာပေါ့၊ ဖြိုးနဲ့တွင် မဟုတ်ဘူး၊ အောင်မြင့်မြတ်နဲ့ရော…ကျော်ဇင်ထူးမိဘအသိုင်းအဝိုင်းနဲ့ပါ ရင်းနှီးအောင် အကြည်လိုက်ပို့ပေးပါမယ်ကိုခ၊ အကြည်တို့ကလည်း ကိုခကို ကျော်ဇင်ထူးအသက်ပြန်ရှင်လာတယ်လို့ပဲ မှတ်ပါတယ်"

အေးမြင့်ကြည်ကတော့ အားတက်သရောပြောနေပေသည်။

"ဟုတ်တယ်မဟုတ်လားဖြိုးရယ်…အကြည်တို့အတွက် ကိုခဟာ လူသစ် မဟုတ်ပါဘူး၊ သူငယ်ချင်းဟောင်းတစ်ယောက်ပါနော်၊ ဩော်…ဖြိုး၊ ကိုခမှာ အမြွာညီအစ်ကိုရှိသေးတယ်တဲ့ကွ"

"ဟင်…အမြွာညီအစ်ကို"

"ဟုတ်တယ်၊ ကိုက,တဲ့၊ သူ့နာမည်အပြည့်အစုံက ဘယ်လို"

ဒေါက်တာအေးမြင့်ကြည်က ကိုခ,ကိုလှည့်မေးလိုက်သည်။

"ချမ်းအေးက,ပါ၊ သူက ယိုးဒယားမှာကျောင်းဆက်တက်နေပါတယ်"

"အမြွာမွေးပြီး…တစ်ယောက်က လူဝင်စားဖြစ်နေတယ်တဲ့လား"

ဖြိုးက အံ့သြစွာရွတ်ဆိုလိုက်လေသည်။

■

နောက်တစ်နေ့တွင်…ဖြိုးထိုင်သော ဈေးချိုမှရှေ့ဆိုင်သို့ ကိုခရောက်လာလေသည်။

"မမဖြိုး"

"ဩော်…ကိုခ၊ လာပါကိုခ၊ ကောင်တာထဲကိုဝင်ခဲ့ပါ"

ဖြိုးက ကိုခကို ကောင်တာအတွင်းသို့ဖိတ်ခေါ်လိုက်သည်။

ထိုနေ့က ကိုခသည် ဖြိုးကိုစကားအတော်များများပြောသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခပြောသွားသောစကားများကို အနှစ်ချုပ်လိုက်လျှင်တော့ သူ့ကို ယခင်ဘဝကအတိုင်း သဘောထားနိုင်သလားဟု ဆိုလိုခြင်းပင် ဖြစ်ပါတော့၏။

"ကိုခဟာ ထူးဝင်စားခဲ့တယ်ဆိုပေမယ့် ထူးမဟုတ်တော့ဘူးလေ၊ သီးခြားဘဝတစ်ခုနဲ့ သီးခြားလူတစ်ယောက်ဖြစ်နေပါပြီကိုခ၊ ပြီးတော့ ကိုခနဲ့ဖြိုးနဲ့အသက်အရွယ်ချင်းက သိပ်ကွာသွားပါပြီ၊ အဓိက ကတော့ အသက်အရွယ်ပါပဲကိုခရယ်၊ ဖြိုး ကိုခကို ထူးဝင်စားသူဆိုတာ လက်ခံနိုင်ပေမယ့် ထူးလိုချစ်သူတစ်ယောက်အဖြစ် လက်ခံဖို့တော့ မဖြစ်နိုင်ပါဘူးကိုခ"

"မမဖြိုးရယ်…ကျွန်တော်နဲ့မမဖြိုး အရင်ဘဝကတည်းက ချစ်သူတွေပါ၊ ကျွန်တော်ဘဝပြောင်းသွားပေမယ့် မမဖြိုးက ဒီဘဝ အတိုင်းပဲရှိနေသေးတာပါ၊ ဘဝတစ်ခုပြောင်းသွားတဲ့ကျွန်တော်ကတောင် အရင်က အတိုင်း ချစ်နေနိုင်သေးရင် မမဖြိုးက ဘာလို့ မချစ်နိုင်ရမှာလဲဟင်"

"ကိုခစကားအတိုင်းပြန်ပြောရရင်တော့ ကိုခဟာ ထူးမဟုတ်တော့ပဲ ချမ်းငြိမ်းခအဖြစ် ဘဝပြောင်းသွားလို့ပါပဲကိုခ"

"ဟာ…မမဖြိုးရယ် ရက်စက်လိုက်တာဗျာ"

ကိုခက သနားစဖွယ်ညည်းညူလိုက်လေသည်။

ဖြိုးသည် ချမ်းငြိမ်းခကို ငေးကြည့်နေမိ၏။ ဖြိုးနှုတ်မှပြတ်သားသောစကားကိုဆိုမိရခြင်းမှာ ဖြိုးသည် မိမိရှေ့မှလူငယ်ကို ကျော်ဇင်ထူးအစစ်အဖြစ် လက်မခံနိုင်သောကြောင့်ဖြစ်ပါသည်။ သူသည် လူဝင်စားဖြစ်သော်လည်း ဖြိုးချစ်ခဲ့ရသည့်ထူးမဟုတ်တော့ပါ။ ခန္ဓာအသစ်နှင့် ဘဝအသစ်ကိုရထားသော သီးခြားလူတစ်ယောက်သာဖြစ်ပါသည်။

ဖြိုးရင်ထဲမှာ သူ့ကို ဖြိုးချစ်ခဲ့ရသော ထူးအဖြစ် လက်ခံလို့မရသောကြောင့်ဖြစ်ပါ၏။

"ရက်စက်လိုက်တာ မမဖြိုးရယ်"

"ကိုခ…ကိုခဟာ ထူးဖြစ်နေရက်နဲ့ ဘာဖြစ်လို့ ဖြိုးတစ်ယောက်တည်းကိုပဲ စိတ်ဝင်စားနေရတာလဲဟင်"

"ဗျာ…မမဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...ကိုခဟာ ထူးဝင်စားနေတဲ့ လူတစ်ယောက်ပဲ၊ ထူးဘဝမှာ ဖြိုးတစ်ယောက်ပဲ ရှိတာမဟုတ်ဘူးလေ၊ သူငယ်ချင်းတွေက ထားပါတော့၊ ထူးရဲ့မိဘအရင်းတွေ ဆွေမျိုးသားချင်းတွေဟာ ဒီမန္တလေးမှာပဲ အခုထိရှိနေတုန်းပါကိုခ၊ ထူးအဖြစ်နဲ့ ဖြိုးဆိုတာ ဒုတိယဦးစားပေး နေရာမှာပဲရှိခဲ့တာပါ၊ ဟိုတုန်းက ထူးနဲ့ဖြိုးဟာ ကျောင်းသားဘဝပဲရှိ သေးတာလေ၊ ထူးနဲ့ဖြိုး ချစ်သူဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားရုံ စိတ်ကစားရုံပဲ ရှိခဲ့ကြတာပါ။ ဒါတွေကို ကိုခ မှတ်မိတယ် မဟုတ်လားဟင်"

"မှတ်...မှတ်မိပါတယ် မမဖြိုး"

"ထူးက ဖြိုးကိုချစ်စကားပြောတော့ ဖြိုးက ဆယ်တန်းအောင်ပြီးမှ အဖြေပေးပါရစေလို့ ပြန်ပြောခဲ့တယ်လေ ထူးပူဆာလွန်းလို့ အောင်စာရင်းမထွက်ခင် နွေရာသီမှာ အဖြေပေးခဲ့တာ၊ သင်္ကြန်တွင်းကြီးမှာပေါ့၊ မှတ်မိလား ထူး"

"ဟုတ်...ဟုတ်ပါတယ်"

"အောင်စာရင်းထွက်ပြီးနောက်တစ်နေ့ ပြင်ဦးလွင်ကို ပျော်ပွဲစားထွက်ပြီးအပြန်မှာ ထူး ကွယ်လွန်သွားခဲ့တာလေ"

"မမဖြိုး...မမဖြိုးရယ်...ဘာပဲဖြစ်ဖြစ် ထူးက ဖြိုးကို ချစ်တယ်ဆိုတာ မမဖြိုးသိပြီးသားပဲ၊ ခုဘဝအထိ ကျွန်တော့်အချစ်က ရှိနေသေးတယ်ဆိုတာ ယုံပါမမဖြိုးရယ်"

"ယုံပါတယ်လေ၊ ဖြိုးဆိုလိုတာက လူဝင်စားချမ်းငြိမ်းခအဖြစ် ခန္ဓာလေးပြန်ရောက်လာတဲ့ကိုခအတွက် ဖြိုးတစ်ယောက်တည်း စိတ်ဝင်စားစရာမဟုတ်ပါဘူးလို့၊ ထူးဘဝကမိဘတွေရှိပါသေးတယ်လို့ ပြောတာပါ၊ ကိုခအနေနဲ့ ဖြိုးဆီကိုရောက်မလာခင်ကတည်းက အရင်ဘဝက ထိုယ့်မိဘတွေဆီကို သွားသင့်တယ်ကိုခ၊ ဖြိုးကို အခုပြောနေတဲ့စကားတွေက နောက်မှပြောလည်း ရပါတယ်လေ၊ ဖြိုး ဘက်ကလည်း စဉ်းစားဦးမှာပါ၊ ကိုခအနေနဲ့ မိဘဟောင်းတွေကို သွားတွေ့ဖို့က ပိုအရေးကြီးတယ်ထင်လို့ပါ"

ဖြိုးစကားကြောင့် ချမ်းငြိမ်းခ ငိုင်တွေသွားလေ၏။

အိမ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



"သွားမှာပါ…ကျွန်တော် သူတို့ကိုလဲ သွားတွေ့မှာပါ မမဖြိုး"

"သူတို့သားကို လူဝင်စားအနေနဲ့ ပြန်တွေ့လိုက်ရင် ထူးမိဘတွေ ဘယ်လောက်များ ဝမ်းသာလိုက်မလဲကိုခရယ်၊ အဲဒါက ဖြိုးကိစ္စထက် ပိုအရေးကြီးပါတယ်၊ ကိုခကို ဖြိုးကိုယ်တိုင် လိုက်ပို့ပေးမယ်လေ"

ကိုခက သက်ပြင်းချလိုက်သည်။

"ဘဝဟောင်းက မိဘတွေကို မတွေ့ချင်ဘူးလားကိုခရယ်"

"တွေ့ချင်ပါတယ်၊ ကျွန်တော်သွားမှာပါ၊ အဲ…မမဖြိုးလိုက်ပို့ရင် ပိုကောင်းတာပေါ့"

"ပို့မှာပေါ့ကိုခ၊ မနက်ဖြန် ဥပုသ်နေ့လေ၊ ဈေးပိတ်တယ်၊ ဖြိုးဆိုင်လည်း ပိတ်တယ်၊ ကိုခကို ထူးမိဘတွေအိမ် လိုက်ပို့ပေးပါမယ်၊ ဖြိုးလာခေါ်ရမလား၊ ကိုခ ဖြိုးဆီလာမလား"

"ကျွန်တော်လာခဲ့ပါမယ်မမဖြိုး၊ ကျွန်တော့်ကားနဲ့ပဲ သွားကြတာပေါ့"

"ဒါဆို မနက်စောစောပဲ လာလိုက်လေ၊ ကိုခကို အောင်မြင့်မြတ်ဆီလည်း ပို့ပေးရဦးမယ်၊ ပြီးတော့…အမှတ်တရ ဖြိုးတို့တက်ခဲ့တဲ့ ၁၆-ကျောင်းကိုလည်း သွားကြည့်ကြတာပေါ့၊ နော် …ကိုခ"

"ဟုတ်ကဲ့"

■

ကျော်ဇင်ထူး၏မိဘများအိမ်ဖြစ်သော …ဦးကျော်ဇေယျ၊ ဒေါ်နှင်းဆီတို့အိမ်သွားသည့်လမ်းတွင် ဖြိုးအိသွယ်ကသာ တစ်လမ်းလုံး လမ်းညွှန်လာခဲ့ရသည်။

"ထူးဘဝတုန်းက နေခဲ့တဲ့အိမ်ကို မမှတ်မိဘူးလား ကိုခရယ်"

"ကျွန်တော့်စိတ်ထဲမှာ တချို့အချက်အလက်တွေကို ဇဝေဇဝါ ဖြစ်နေတယ်မမဖြိုး"

"အင်းပေါ့လေ…နှစ်ပေါင်းကလည်း နှစ်ဆယ်ကျော်ကြာပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



နှစ် ၂၀ ဆိုတဲ့ကာလအပိုင်းအခြားထက် ဘဝတစ်ခုဆိုတဲ့ အပိုင်းအခြားက ပိုပြီးကြီးမားတာပေါ့လေ"

"ဟုတ်ပါတယ်မမဖြိုးရယ်၊ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့် အသိထဲမှာ ဘဝဟောင်းကအဖြစ်တွေနဲ့ပတ်သက်လို့ အထင်ရှားဆုံးနဲ့ အစွဲလမ်းဆုံးမှတ်မိနေတာက မမဖြိုးပါဗျာ"

ချမ်းငြိမ်းခက အခွင့်သင့်တုန်း စကားထည့်လိုက်သည်။

"တချို့အချက်အလက်တွေ ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေလို့ ဟိုအိမ်ကိုရောက်ရင် ကျွန်တော့်ကို နည်းနည်းပါးပါးကူညီပေးပါဦးမမဖြိုး"

"ဟင်...ဘာရယ်..."

"ဒီလိုလေ မမဖြိုး...အခုသွားမှာက ဘဝဟောင်းက ကျွန်တော့်မိဘရင်းတွေအိမ် မဟုတ်လား၊ သူတို့နဲ့ပတ်သက်ပြီး ကျွန်တော် မမှတ်မိတာမျိုးကြုံခဲ့ရင် သူတို့စိတ်မကောင်းဖြစ်သွားမှာစိုးလို့ပါ၊ ကျွန်တော် သတိလစ်နေတာမျိုးရှိရင် မမဖြိုးက စကားထောက်ပေးဖို့ပါ"

"ရပါတယ်လေ၊ ဒါပေမယ့်...ဖြိုးပြောရဲပါတယ်၊ ကိုယ့်မိဘအိမ် ပြန်ရောက်မှတော့ မေ့နေတာတွေလဲ ကိုခပြန်ပြီးသတိရလာမှာပါလေ"

ကိုခက သက်ပြင်းချလိုက်သည်။ ကျော်ဇင်ထူးဝင်စားသူအဖြစ် ဆန်ဆောင်ရခြင်းမှာလည်း ထင်သလောက်မလွယ်ကူလှပါလား။ ယခုသည်း ကျော်ဇင်ထူးမိဘများအိမ်ကိုရောက်လျှင် ဘယ်လိုတွေကြုံရဦးမည်မသိ။

"ဟော ...ပြောရင်းဆိုရင်း ကိုခမပြီ၊ ရောက်ပြီလေကိုခရဲ့၊ ဒီလမ်းထဲဝင်လာမှ ပြောစရာမလိုတော့ဘူးထင်လို့ ဖြိုးကမပြောတော့တာ၊ နည်းနည်းတောင် ကျော်လာပြီ၊ ကားကိုပြန်ပြီး ဘက်ဆုတ်လိုက် ကိုခ၊ ဟိုခတို့အိမ်က ဟိုမှာလေ..."

ဖြိုးက နောက်တွင်ကျန်ခဲ့သောတိုက်တစ်လုံးကိုလက်ညှိုးထိုးပြ၍ ပြောလိုက်သည်။ ကားက ခြံတစ်ခြံကျော်လွန်သည်အထိ ရောက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟုတ်သားပဲ၊ ကျွန်တော် အတွေးလွန်သွားတာ မမ ဖြိုးရေ"

ဖြိုးလက်ညှိုးထိုးပြသောအိမ်ကိုလှည့်ကြည့်ရင်း ရောချကာ ဟန် ဆောင်လိုက်ရပြန်သည်။ ကားကိုဘက်ဆုတ်ပြီး ထိုတိုက်အိမ်ရှေ့တွင် ရပ် လိုက်သည်နှင့် အိမ်ထဲမှအဘွားကြီးတစ်ဦးထွက်လာလေသည်။

အဘွားကြီးက ကိုခကိုမြင်သည်နှင့် ...

"အလိုလေး..သား...သား ကျော်ဇင်ထူး၊ ဘုရား...ဘုရား... တကယ်ပါလား၊ တကယ်ပါလား၊ အေးမြင့်ကြည်ဖုန်းဆက် ပြောတုန်းက ဒီလောက်တူမယ်မထင်မိဘူး၊ သားရေ..မင်းဟာ အမေ့ သားပေါ့နော်"

အဘွားကြီးက ကိုခကိုပွေးဖက်ကာ ပြောလိုက်လေ၏။

ဤအဘွားကြီးကား ကျော်ဇင်ထူးမိခင်ဒေါ်နှင်းဆီဖြစ်ရပေမည် မလွဲပါ။

"မေမေ...မေမေ ကျွန်တော့်ကိုမှတ်မိတယ်နော်"

ကိုခက ဒေါ်နှင်းဆီကိုပွေ့ပိုက်ရင်း ပြန်မေးလိုက်၏။

ဒေါ်နှင်းဆီဘာမျှပြန်မပြောနိုင်တော့။ ကိုခကိုမော့်ကြည့်ရင်း မျက်ရည်များကျကာ ငိုရှိုက်နေလေပြီ။

"အိမ်ထဲကိုဝင်ကြပါ၊ မနှင်းဆီ အိမ်ထဲမှာအေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဖြိုးအိသွယ် လိုက်ပို့တာကိုး"

အိမ်ထဲမှထွက်လာသော လူကြီးတစ်ဦးက ပြောလိုက်လေသည်။

"ဖေဖေ..."

ကိုခက ထိုလူကြီးကိုလှမ်းခေါ်နှုတ်ဆက်လိုက်လေ၏။

"ဟင်..."

"အို..."

ဖြိုးနှင့်အတူ အားလုံးပင်အံ့အားသင့်သွားရလေသည်။

"သား...အဲဒါ မင်းအဖေမဟုတ်ဘူး၊ မင်းဘကြီးလေကွယ် မင်းအဖေရဲ့အစ်ကို မင်းဘကြီး ဦးစက်ပိုင်ပါကွဲ့"

သွားပြီ။ စ,ဝင်ကတည်းက မှားတာပါလား။ သတိထားမှဖြစ် တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း...တစ်ဘဝခြားသွားပြီဆိုတော့လည်း အားလုံး ဘယ်မှတ်မိတော့မလဲလေ၊ ကိုစက်ပိုင်ရုပ်နဲ့ ကိုကျော်ဇေယျရုပ်ကလည်း တူတာကိုး။ သားအဖေက အိမ်ထဲမှာကွယ်၊ လမ်းမလျှောက်နိုင်တော့ဘူးလေ၊ လာ...လာ..သား၊ အိမ်ထဲဝင်ကြစို့"

တော်ပါသေးသည်။ သူ့အမှားကို သာမန်မျှသာသဘောထားလိုက်လို့။ တကယ်တော့ အဖေတစ်ယောက်လုံးကိုတော့ မမှားသင့်ဘူးမဟုတ်လား။ ထိုလူကြီးမှာ ကျော်ဇင်ထူးအဖေဦးကျော်ဇေယျ၏အစ်ကိုဖြစ်ပြီး ရုပ်ချင်းလည်းတူတယ်ဆို၍သူ့အမှားအတွက် ခံသာသွားပါသေးသည်။

ဖြိုးက ကိုခကို အံ့ဩသောမျက်နှာဖြင့်လှည့်ကြည့်ရင်း အိမ်ထဲတို လိုက်လာသည်။

ဧည့်ခန်းထဲရောက်သည်နှင့် ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသော အဘိုးကြီးတစ်ဦးကိုတွေ့လိုက်ရသည်။ ဒါကတော့ ကျော်ဇင်ထူးအဖေဖြစ်မှာသေချာပါသည်။ သို့သော်...ကိုခ နှုတ်မဆက်ရဲတော့ချေ။

ထိုအဘိုးကြီးကပင် ကိုခကိုလှမ်းခေါ်နှုတ်ဆက်လိုက်ပါ၏။

"သား...သား...မောင်ထူးလေး"

အဘိုးကြီး၏စကားသံက ဗလုံးဗထွေးဖြစ်နေသည်။

အဘိုးကြီး၏လက်တစ်ဘက်က တဖြည်းဖြည်းမြှောက်တက်လာသေးသည်။ သို့သော်...လမ်းခုလတ်မှာပင် အောက်ကိုပြန်ကျသွားသည်။

ကိုခက အဘိုးကြီးရှိရာ ခပ်မြန်မြန်လှမ်းသွားလိုက်၏။ အားယူမြှောက်လိုက်သောလက်တစ်ဖက်ကိုဆုပ်ကိုင်လိုက်သည်။

"ဖေဖေ...ဖေဖေ"

"ပြန်လာပြီ...ငါ့သားပြန်လာပြီ...သား...သား"

"ဖေဖေရယ်..."

ကိုခက ဦးကျော်ဇေယျဝေဒနာခံစားနေရပုံကို တကယ်ပင် သနားသွားမိပါသည်။

"မေမေ...ဖေဖေက ဘာဖြစ်တာလဲဟင်"

ဒေါ်နှင်းဆီကိုလှည့်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဖြတ်တာ သား…ငါးနှစ်ရှိသွားပြီ၊ လေဖြတ်သွားလို့ အသက်မပြည့်သေးပဲ အလုပ်ကနေ ပင်စင်ယူလိုက်ရတယ်"

"သြော်…ဖြစ်ရလေဖေဖေရယ်"

ဒါထက် ဆက်ပြီး သူမမေးရဲတော့ပါ။ ဒေါ်နှင်းဆီအပြောအရ ဦးကျော်ဇေယျသည် အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပုံရသည်။ ဘယ်ဌာနမှာ လုပ်ခဲ့တယ်ဆိုတာ သူမမသိ။

"အေးကွ…ဘကြီးလည်း အခုပဲ ဒီအိမ်ရောက်တာ၊ အေးမြင့်ကြည်ကဖုန်းဆက်ပြီး မောင်ထူးဝင်းစားတဲ့ကလေးရောက်နေတယ် ဆိုတဲ့အကြောင်းပြောတယ်လို့…မနှင်းဆီက ဘကြီးကို ခုပဲပြောပြနေတာ၊ စကားမဆုံးခင် မင်းတို့ရောက်လာတာပဲ၊ အံ့သြစရာပဲကွယ်၊ အင်း…သံသရာကြီးများ ရှည်လျားလိုက်တာနော်၊ ဘာပဲဖြစ်ဖြစ် မောင်ထူးဝင်းစားတဲ့သူကို ခုလို ပြည့်စုံချမ်းသာတဲ့ဘဝနဲ့မြင်ရလို့ ဝမ်းသာတယ်ကွယ်"

ဦးစက်ပိုင်က ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ဘကြီး"

"ဒါပေမယ့်…မင်း ဘကြီးကိုတော့ မှတ်မိပုံမရဘူး"

"ခွင့်လွှတ်ပါဘကြီး၊ ကျွန်တော်အားလုံးကိုမမှတ်မိပါဘူး၊ အရင်ဘဝကအကြောင်းတွေ တစ်ချို့တစ်ဝက်ကိုပဲ…"

"ဒါပေါ့လေ…ခုလောက်မှတ်မိတာ…ပြန်ပြောနိုင်တာပဲ ကုသိုလ်ထူးလှပါပြီငါ့တူရယ်"

သူတို့စကားပြောနေစဉ် အိမ်ထဲမှအမျိုးသမီးတစ်ဦးထွက်လာသည်။

ရင်ခွင်ထဲတွင် ကလေးတစ်ယောက်ကိုချီထားသည်။ အသက်သုံးဆယ့်ငါးနှစ်အရွယ်ခန့်၊ ရုပ်ရည်က ဒေါ်နှင်းဆီနှင့်တူသည့်အတွက် ထိုအမျိုးသမီးသည် ကျော်ဇင်ထူးညီမဆိုသူဖြစ်နိုင်ပါသည်။

အမျိုးသမီးက ကလေးကိုပွေ့လျက် ဧည့်ခန်းထဲဝင်လာပြီး ဆက်တီတွင်ထိုင်ချလိုက်သည်။ သူမမျက်လုံးများက ကိုခကိုပင် မခွာတမ်းကြည့်နေသည်။

"မေမေ…မေမေ…ဒါ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သမီး၊ သမီးကိုကိုဝင်စားတယ်ဆိုတာ ဒီသူငယ်ပဲ။ သား…သားညီမလေး ဥမ္မာကျော်ကိုရော မှတ်မိရဲ့လားဟင်"

ဒေါ်နှင်းဆီက ညီမနာမည်ကိုပါထည့်ပြောလိုက်၍ ကိုခ ဝမ်းသာသွားရလေသည်။

"မှတ်…မှတ်မိပါတယ်၊ ဒါပေမယ့်…ညီမလေးက လူကြီးဖြစ်နေတော့…"

"ဟုတ်တာပေါ့၊ ၂၃နှစ်ဆိုတာ နည်းတဲ့ကာလမှမဟုတ်တာကိုး။ သားသေသွားတာ ဒီလ ၁၇-ရက်နေ့ဆို ၂၃-နှစ်ပြည့်ပြီလေ၊ ဥမ္မာကျော်က သားဆယ်တန်းအောင်တဲ့နှစ်က ခုနစ်တန်းရှိသေးတာကိုး ခုတော့ အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်ရနေပြီလေ၊ အကြီးလေးက သုံးတန်း၊ ကျူရှင်သွားနေတယ်၊ သူ့ယောကျ်ားက မလေးရှားကိုအလုပ်သွားလုပ်နေတယ်ကွယ့်"

"မေမေရယ်…ကိုကိုဆိုပေမယ့် ကိုကို့ကို သမီးထက် အသက်အများကြီးငယ်တဲ့လူတစ်ယောက်အနေနဲ့ပြန်တွေ့ရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲမေမေ"

"ဟဲ့…ဥမ္မာကျော်၊ လူဝင်စားပါဆိုမှ အသက်ငယ်မှာပေါ့ဟဲ့"

"ဘာလဲ…နင်က ကိုယ့်ထက်ငယ်တဲ့လူကို ကိုကိုလို့ ခေါ်မထွက်လို့ ပြောနေတာမဟုတ်လား ဥမ္မာ"

"ဟုတ်တယ်ဘကြီး"

"ဒီတော့လည်း သူ့နာမည်ပဲခေါ်ပေါ့ဟာ"

"ဟုတ်ပါရဲ့သားရယ်…အေးမြင့်ကြည်ဖုန်းဆက်ပြောလို့သာ အမေတို့သိရတာ၊ သား အကြောင်းတွေပြောပါဦး၊ အေးမြင့်ကြည် ကတော့ နာမည်ပြောပါရဲ့၊ ဘာတဲ့…"

"သားနာမည် ချမ်းငြိမ်းခပါ မေမေ"

ကိုခက သူ့အကြောင်းများကိုပြောပြလိုက်သည်။ ယခင်ဘဝက သေပြီးပြီးချင်း ယခုဘဝမိခင်ဖြစ်လာမည့် ဒေါ်အေးအေးလွင် နောက်သို့ လိုက်သွားပုံကိုပြောပြရာ အားလုံးပင် အံ့အားသင့်နေကြလေသည်။

"ကျွန်တော့်အမေဆုံးသွားပါပြီ၊ ဖေဖေက ဒေါက်တာသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်နဲ့နောက်အိမ်ထောင်ပြုလိုက်ပါတယ်၊ မန္တလေးမှာဖွင့်ထားတဲ့ သုခစံအိမ်ဆေးရုံက ဒေါက်တာသက်သက်ခိုင်ရဲ့ဆေးရုံပါ၊ ကျွန်တော် က မန်နေဂျာအနေနဲ့တာဝန်ယူရင်း မန္တလေးကိုရောက်လာတာပါ"

"ဒါနဲ့များသားရယ်…အရင်ဘဝအကြောင်းတွေ ဒါလောက်တောင် မှတ်မိနေရက်နဲ့များ စောစောကတည်းက မေမေတို့ဆီလာခဲ့ပါတော့လားကွယ်"

"ကျွန်တော့်ကို မန္တလေးအသိုင်းအဝိုင်းက အခုလိုလက်ခံလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူးမေမေ၊ ပြီးတော့…ကျွန်တော်လူဝင်စား ဆိုတာကို ကျွန်တော့်အိမ်က အားမပေးကြဘူး၊ အသိအမှတ်မပြုကြဘူး မေမေ၊ ဘွဲ့ရပြီးလို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရင် မန္တလေးကို တစ်ခေါက်လာပြီး ဘဝဟောင်းကနေရာတွေကိုလာကြည့်မယ်လို့တော့ အားခဲထားပါတယ်၊ ခုလည်း…အမှတ်မထင် မန္တလေးကိုရောက်လာရတာပါပဲလေ"

"ဟုတ်ပါတယ်လေ၊ မေမေတို့နဲ့ပြန်တွေ့ဖို့ ကံကြမ္မာက ပို့ပေးလိုက်တာပေါ့"

"အန်တီ…ချမ်းငြိမ်းခမှာ အမြွှာညီအစ်ကိုရှိပါသေးတယ် အန်တီ"

ကိုခပြောပြသည့်အကြောင်းများထဲတွင် သူ့၌အမြွှာညီအစ်ကိုရှိကြောင်းမပါဝင်သဖြင့် ဖြိုးက မနေနိုင်ပဲဝင်ပြောလိုက်လေသည်။

"ဟင်…ဘယ်လို"

"ချမ်းငြိမ်းခက အမြွှာမွေးပါ၊ သူနဲ့အမြွှာမွေးတဲ့ညီအစ်ကိုတစ်ယောက်က အခု နိုင်ငံခြားမှာကျောင်းတက်နေတယ်တဲ့အန်တီ"

"ဟုတ်ပါတယ်မေမေ၊ ကျွန်တော့်ထက်မိနစ် ၂၀ စောမွေးတဲ့ အမြွှာအစ်ကိုနာမည်က ချမ်းအေးက,ပါ၊ သူ ထိုင်းနိုင်ငံမှာ အမ်ဘီအေဆက်တက်နေပါတယ်"

"အို…အမြွှာမွေးတဲ့အထဲမှာ တစ်ယောက်က သား မောင်ထူးဝင်စားတဲ့သူဖြစ်နေတယ်၊ နို့…အဲဒီတစ်ယောက်ကရော လူဝင်စားပဲလား"

"မဟုတ်ပါဘူး မေမေ"

"ဪ…ဆန်းလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"သား…သား…"

ဦးကျော်ဇေယျက ဘီးတပ်ကုလားထိုင်ပေါ်မှနေ၍ ဗလုံးဗထွေး လှမ်းအော်လိုက်သည်။

"ဖေဖေ…ပြောပါဖေဖေ"

"လာခဲ့…လာခဲ့နော်၊ ဒီအိမ်ကို ခဏခဏလာခဲ့"

ဦးကျော်ဇေယျက အိမ်ကိုမကြာခဏဝင်ထွက်ရန် သနားစဖွယ် အားယူ၍ပြောနေခြင်းဖြစ်ပါ၏။

"ဟုတ်ကဲ့၊ သား လာပါ့မယ်ဖေဖေ"

"သားကိုမမျှော်လင့်ပဲ ပြန်တွေ့လိုက်ရတော့ သူသိပ်ဝမ်းသာနေရှာတယ်သား၊ ဟုတ်ပါတယ်၊ မေမေတို့အိမ်ကို လာလည်ပါ၊ ဝင်ထွက်ပါသားရယ်၊ မေမေမင်းကို မေမွေးခဲ့တဲ့သားကျော်ဇင်ထူးလို့ပဲ စိတ်ထဲကထင်မိတယ်၊ မောင်ထူးနဲ့ရုပ်ချင်းကလည်း တစ်ထေရာတည်းပဲ"

ဒေါ်နှင်းဆီက ပြောရင်းငိုရှိုက်နေပြန်၏။

"မငိုပါနဲ့မေမေ၊ ကျွန်တော်နဲ့ပြန်တွေ့နေရပြီပဲ၊ ကျွန်တော် မေမေတို့ဆီမကြာမကြာလာမှာပါမေမေရယ်"

■

ဦးကျော်ဇေယျ၊ ဒေါ်နှင်းဆီတို့အိမ်တွင် တစ်နာရီခန့်နေခဲ့ပြီး ပြန်လာခဲ့ကြသည်။

ကားပေါ်အရောက်တွင် ဖြိုးအိသွယ်က…

"အောင်မြင့်မြတ်ဆီသွားကြမယ်လေ၊ အောင်မြင့်မြတ်ဆိုင်က လမ်း ၃၀ မှာ…"

"မမဖြိုး…အောင်မြင့်မြတ်ဆီကို နောက်တော့မှ သွားကြတာပေါ့ဗျာ၊ ကျွန်တော်ခံနိုင်ရည်မရှိတော့ဘူး"

"ဟင်…"

"ဟုတ်တယ်မမဖြိုး၊ ဖေဖေနဲ့မေမေရယ်၊ ညီမလေးရယ်ကို ပြန်တွေ့လိုက်ရတာ ကျွန်တော်စိတ်တွေတော်တော်မောသွားတယ်၊ အရင်



www.burmeseclassic.com

www.burmeseclassic.com



ဘဝကပတ်သက်ခဲ့တဲ့လူတွေကို ထပ်ပြီးမတွေ့ရဲသေးဘူး၊ ကျွန်တော် ရင်မောလွန်းလို့ ခံနိုင်ရည်မရှိလို့ပါ မမဖြိုး”

ကိုခက အမှန်စကားကိုပြောလိုက်ခြင်းဖြစ်ပါသည်။ ဦးကျော်ဇေယျအိမ်တွင် ဦးကျော်ဇေယျမိသားစုနှင့်တွေ့ဆုံလိုက်ရ၍ စိတ်မော ရင်ပန်း တကယ်ပင်ဖြစ်သွားရပါသည်။ အလိုက်သင့်ဟန်ဆောင်ဆက်ဆံ ရတာ ဝင်ပန်းလှပေ၏။

အောင်မြင့်မြတ်ဆိုသူနှင့် နောက်တစ်ခါတွေ့ဆုံပြီး ဟန်မဆောင် ချင်တော့ပါ။ စိတ်မောတဲ့ဒဏ်ကို မခံနိုင်တော့ပါ။

ဖြိုးအိသွယ်ကလည်း သူ့စကားကိုယုံကြည်သွားလေသည်။

“ဟုတ်ပါတယ်လေ၊ ကိုခ သိပ်စိတ်လှုပ်ရှားသွားပြီ၊ အောင်မြင့်မြတ်နဲ့ နောက်တော့မှတွေ့တာပေါ့”

“အိမ်ကိုတော့ မပြန်ပါနဲ့ဦးမမဖြိုး၊ ကျွန်တော်တို့တစ်နေရာရာကို သွားကြတာပေါ့”

“ကိုခက ဘယ်ကိုသွားချင်လို့လဲ”

“မန္တလေးတောင်ပေါ်သွားရအောင်၊ ကျွန်တော်တစ်ခါမှမရောက်သေးဘူး”

“ဟင်…မန္တလေးတောင်ကိုမရောက်သေးဘူး၊ ဪ… ခုဘဝမှာမရောက်သေးတာကိုပြောတာလား”

“ဟုတ်ပါတယ်မမဖြိုး”

“ဒါဖြင့်…သွားလေ၊ မှတ်မိသေးလားကိုခ၊ ဖြိုးတို့ ခြေလျင်တောင်တက်အသင်းဝင်ပြီး မန္တလေးတောင်ကို တောလမ်းကနေ တက်ကြတာလေ”

“ဟင်…”

“ခုတော့…တောင်ပေါ်အထိ ကားလမ်းပေါက်နေပါပြီ၊ တောင်ပေါ်ရောက်တဲ့အထိ ကားနဲ့ပဲတက်ကြတာပေါ့၊ ဟိုရောက်ရင် အရင်ဘဝက တောင်ပေါ်ကို တောလမ်းကခြေလျင်တက်ခဲ့တာတွေ ကိုခ မှတ်မိအောင် ပါလိမ့်မယ်”

ချမ်းငြိမ်းခ သက်ပြင်းချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီလမ်းတည့်တည့်ပဲမောင်းကိုခ၊ ချိုးရမယ့်နေရာကျ ဖြိုးပြောမယ်၊ ဖြိုးတို့တက်ခဲ့တဲ့ အမှတ်-၁၆ ကျောင်းရှေ့ကဖြတ်သွားမယ် လေ၊ ကျောင်းကြီးကိုလည်း ကိုခ အမှတ်တရကြည့်ရတာပေါ့"

ကိုခသည် သက်ပြင်းမောကြီးကို နောက်တစ်ခါ ချလိုက်မိပြန်ပါ တော့၏။

■

ညပိုင်းတွင် ဖြိုးဆီသို့ အကြည့်ဆီက ဖုန်းဝင်လာသည်။

"ဘယ်လိုလဲဖြိုး…ကျော်ဇင်ထူးအိမ်လည်းရောက်ပြီးပြီ၊ တောင် ပေါ်အထိလည်း သွားလည်ပြီးပြီဆို၊ တော်တော်ပျော်ခဲ့ရဲ့လား"

"မပျော်ပါဘူးအကြည့်ရယ်…ကိုခက တော်တော်များများ အချက်တွေကို မမှတ်မိဘူး အကြည့်"

"မမှတ်မိတာ ဘာဆန်းသလဲကွ၊ တစ်ဘဝခြားသွားပြီပဲ၊ မင်း တို့ကိုယ်တို့ကိုမှတ်မိရင် ပြီးတာပဲမဟုတ်လား"

"ဖြိုးဆိုလိုတာက အရင်ဘဝကအကြောင်းလေးတွေ ယေဘူယျ သဘောအဖြစ် ပြန်ပြောစေချင်တာပါကွာ၊ ထူးတို့အိမ်ရောက်တော့ ထူး အကြီးကို ထူးအဖေနဲ့လူမှားနေသေးတယ်၊ တောင်ပေါ်တက်တော့လည်း ကိုယ်တိုင်ယင်ယင်က တောလမ်းအတိုင်းခြေလျင်တက်တဲ့အကြောင်းတွေ ပြန်ပြောပြတော့ သူဘာမှမမှတ်မိဘူးအကြည့်"

"ဖြိုးကလဲကွာ…အဲဒီတော့ဘာဖြစ်လဲ၊ လူဝင်စားဆိုပေမယ့် အသေးစိတ်ဘယ်မှတ်မိမှာလဲ၊ ကိုခကလည်း အဲဒီအကြောင်းတွေပြန် ပြောနေတယ်၊ သူနဲ့ရင်းနှီးတဲ့လူတချို့ကိုပဲ သူသိတော့တယ်တဲ့၊ ကျောင်း ရှေ့ရောက်တော့တောင် ကျောင်းရဲ့သိပ်မမှတ်မိချင်ဘူးတဲ့"

"ဩော်…ကိုခက ပြန်ပြောသလား"

"ဟုတ်တယ်ဖြိုး သူက ကိုယ့်ဆီမှာယင်ယင်ကတော်ပုံတွေရှိ နိုင် ပြပါလို့ပြောနေတယ်ကွ"

"ဟင်…"

www.burmeseclassic.com



"အကြည်လည်း မနက်ဖြန်မှယူခဲ့မယ်လို့ပြောလိုက်တယ်၊ ဖြိုး ပြောမှသတိရတယ်၊ ကိုယ်တို့တောင်ပေါ်တက်တုန်းက ရိုက်ထားတဲ့ပုံ တွေရှိသေးတာပဲနော်၊ ဖြိုးဆီမှာရှိတဲ့ဓာတ်ပုံတွေလည်းပြလိုက်ဦးလေ"

"ဓာတ်ပုံတွေကတော့ အောင်မြင့်မြတ်ဆီမှာ အများဆုံးရှိမှာပေါ့၊ သူက ငယ်ငယ်ကတည်းက ကင်မရာကိုင်လာတာပဲ"

"အောင်မြင့်မြတ်နဲ့လည်း မတွေ့ရသေးဘူးဆို"

"အင်း…ထူးတို့အိမ်ရောက်တာ သူတော်တော်စိတ်လှုပ်ရှား သွားတယ်အကြည်၊ အဲဒါကြောင့် ဖြိုးလည်း အောင်မြင့်မြတ်ဆီလိုက် မပို့ဖြစ်တော့တာ"

"အေး…အရေးကြီးဆုံးက မင်း ကိုခကို အရင်ဘဝက ထူးကို ဆက်ဆံသလိုဆက်ဆံဖို့ပဲ၊ ကိုခက ငါ့ကို အခုပဲရင်ဖွင့်သွားလို့"

"ဘာ…ဘယ်လို"

"မင်းက သူ့ကို စိမ်းသလိုပဲတဲ့၊ သူကတော့ အရင်ဘဝက အတိုင်း မပြောင်းမလဲပဲချစ်နေတုန်းပါတဲ့၊ မမကြည်သူငယ်ချင်းကို သူ့ အပေါ်မှာ အရင်လိုစိတ်မျိုးထားဖို့ ပြောပေးပါဦးတဲ့"

"ဟာကွာ…ဒါ အကြည့်ကိုပြောစရာစကားလား၊ ဖြိုးစိတ်ထဲ မှာ သူ့ကို ထူးအစစ်လို့မှလက်ခံလို့မရသေးတာ၊ အရင်လိုဖြစ်ဖို့ဆိုတာ တော့ စဉ်းစားရဦးမယ် အကြည်၊ အကြည့်ကိုအကူအညီတောင်းလို့ အ ကြည်တိုက်တွန်းတာနဲ့ ဖြိုးက သူ့ကိုပြန်ချစ်မယ်ထင်နေရင် သူ မှားတာပဲ အကြည်လည်း ဖြိုးကိုအထင်သေးတာပဲ အကြည်"

"ဟယ်…ဖြိုးရယ်၊ တို့တွေကြားမှာ ဒီလိုစကားမျိုးပြောစ လား၊ အကြည်က ဖြိုးကို ဘာလို့အထင်သေးရမှာလဲ၊ ကိုခဆိုတာ ဖြိုး ရင်ထူးဘဝက လာတဲ့လူမို့လို့ မင်းတို့ဇာတ်လမ်းကိုပြန်ဆက်ဖို့ အကြည် က တိုက်တွန်းတာပါ"

"လူဝင်စားဆိုပေမယ့် သီးခြားမိဘတွေနဲ့ မွေးလာတဲ့လူ ယောက်ပါ၊ ကြီးပြင်းလာရပုံချင်းလည်း မတူတော့ပါဘူးအကြည်၊ စိတ်ထဲမှာ သူ့ကို ထူးအစစ်လို့လက်ခံလို့ရမှ သူ့အချစ်ကိုတုံ့ပြန် မဟုတ်လား၊ အရေးကြီးဆုံးက သူနဲ့ဖြိုးနဲ့ အသက်ချင်းကွာခြားနေတာ



www.burmeseclassic.com

www.burmeseclassic.com



၁၆–နှစ်ကျော် ၁၇–နှစ်လောက် အသက်ကွာတဲ့ယောကျ်ားတစ်ယောက်ကိုပြန်ချစ်ဖို့…ဖြိုး သတ္တိမွေးရပါဦးမယ် အကြည်ရယ်"

"ဩော်…ဖြိုး…ဖြိုး၊ အကြည်သာဆို ကိုယ့် ချစ်သူကို လူဝင်စားအနေနဲ့ပြန်တွေ့ရရင် ဘာမှစဉ်းစားမနေဘူး၊ လက်ခံလိုက်မှာပဲ"

"ဒါကတော့…အကြည် မကြုံသေးဘူးကိုး၊ ဘယ်တော့မှလည်း ဒါမျိုးကြုံရတော့မှာမဟုတ်ဘူးလေ၊ အကြည်ရေ…အရေးအကြီးဆုံးကတော့ အသည်းနှလုံးကွ၊ အသည်းနှလုံး…သိရဲ့လား၊ တခြားဟာတွေကို လှည့်စားလို့ရချင်ရမယ်၊ အသည်းနှလုံးကိုတော့ လှည့်စားလို့ မရဘူး၊ ဖြိုး အသည်းနှလုံးကမှ သူ့ကို ထူးအစစ်လို့လက်ခံလို့မရတာ၊ ဘယ်လိုပြန်ချစ်လို့ရမှာလဲ အကြည်ရယ်"

"ဒါဖြင့်…မင်းရဲ့အချစ်ကိုရဖို့ ကိုယ်တိုင်ပဲကြိုးစားပေတော့လို့ ကိုခကိုပြောလိုက်တော့မယ်နော်"

ဒေါက်တာအေးမြင့်ကြည်ယူလာသောဓာတ်ပုံများက ကိုခ အတွက် များစွာအထောက်အကူပြုခဲ့လေသည်။ ဒေါက်တာအေးမြင့်ကြည်ဆီမှာ သူတို့ငါးတန်းနှစ်လောက်မှစပြီးရိုက်ထားတဲ့ဓာတ်ပုံတွေရှိနေသည်။

ကျော်ဇင်ထူးသည်လည်း ကျောင်းတွင်အတော်ဆုံးကျောင်းသားတစ်ယောက်ဖြစ်သလို၊ အေးမြင့်ကြည်သည်လည်း အတော်ဆုံးစာရင်းဝင်ကျောင်းသူတစ်ယောက်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဆယ်တန်းအောင်တော့ နှစ်ယောက်စလုံးလေးဘာသာဂုဏ်ထူးများဖြင့် အောင်မြင်ကြခြင်းဖြစ်သည်။ အတန်းစဉ် စာတော်လာသူများဖြစ်သည့်အားလျော်စွာ အတန်းတိုင်းမှာ ကျော်ဇင်ထူးနှင့်အေးမြင့်ကြည်တို့ ပထမ၊ ဒုတိယ၊ တတိယနေရာများကို အလဲအလှယ်နှင့်ဆုရခဲ့ကြသည်။

ဒေါက်တာအေးမြင့်ကြည်ဆီတွင် သူတို့ငယ်စဉ်က မိဘဆရာ

www.burmeseclassic.com



အသင်း၊ နှစ်ပတ်လည်ဆုပေးပွဲများ၌ ရိုက်ထားသောဓာတ်ပုံများ ရှိနေသည်။ ထိုပုံများထဲတွင် ဆုရသူများတန်းစီရိုက်ထားသောပုံတွေထဲ၌ ကျော်ခင်ထူး ပုံ နှစ်တိုင်းပါသည်။

ပြီးတော့…သူငယ်ချင်းတွေစုဝေးရိုက်ထားသည့်ဓာတ်ပုံများထဲ၌ အောင်မြင့်မြတ်၊ စိုးရဆိုသူများကို တွေ့လိုက်ရသည်။ သေဆုံးသွားသည့် သီသီမာနှင့်အောင်အောင်ဦးတို့ပုံကိုလည်း တွေ့ရသည်။ ဖြိုးအိသွယ်ပြောသော မန္တလေးတောင်ပေါ်ကို တောလမ်းခရီးမှခြေလျင်တက်စဉ်က ရိုက်ထားသည့်ဓာတ်ပုံများလည်းပါသည်။

ပြင်ပမှာရိုက်ထားသည့်ဓာတ်ပုံများအားလုံးမှာ အောင်မြင့်မြတ် လက်ရာများချည်းဖြစ်ပါသည်။ အောင်မြင့်မြတ်တို့က ဓာတ်ပုံဆိုင်ထောင်ထား၍ ကျောင်းသားဘဝကတည်းကပင် ကင်မရာတစ်လုံးကိုင်ကာ ဓာတ်ပုံရိုက်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာ အေးမြင့်ကြည်ညွှန်ပြ၍ အောင်မြင့်မြတ်ရုပ်ရည်ကို ကိုခ မှတ်သားနိုင်ခဲ့ပါသည်။ ဓာတ်ပုံများတောင်းကြည့်ရခြင်းရည်ရွယ်ချက်မှာလည်း အောင်မြင့်မြတ်ကိုကြိုတင်မြင်ဖူးထားချင်၍ဖြစ်ပါသည်။ အောင်မြင့်မြတ်နှင့်တွေ့ဖို့ကို ရှောင်လွှဲနေမိခြင်းမှာ လူချင်းတွေ့လျှင် ကသောင်းကနင်းဖြစ်မှာစိုးလို့ပဲဖြစ်သည်။

ခုတော့…အောင်မြင့်မြတ်ဆိုသူနှင့်တွေ့ဖို့ ကိုခ သိပ်ပြီး မစိုးရိမ်တော့ပါ။ ဒေါက်တာအေးမြင့်ကြည်က ရှေးဟောင်းနှောင်းဖြစ်များကို သဘောရိုးနှင့်ပြောပြခဲ့၍ သူတို့သူငယ်ချင်းများနှင့်ပတ်သက်သော အချက်တော်တော်များများကို ကိုခသိလိုက်ရပါသည်။ ဒီအထဲက တချို့ အချက်အလက်တွေကို နည်းနည်းပါးပါးပြန်ပြောရုံနှင့် သူ့ကို ကျော်ခင်ထူး ဝင်စားသူဟု ဗိုပြီးယုံကြည်သွားနိုင်ပါသည်။

တကယ်တမ်းကျတော့ အောင်မြင့်မြတ်ဆိုသူကို သူကိုယ်တိုင်သွားတွေ့စရာပင်မလိုခဲ့။ တစ်ခုသောညနေခင်းတွင် အောင်မြင့်မြတ် ကိုယ်တိုင် သုခစံအိမ်ဆေးတိုက်သို့ရောက်လာလေသည်။

အောင်မြင့်မြတ်ရောက်လာချိန်၌ ဒေါက်တာအေးမြင့်ကြည် လူနာများကိုကြည့်နေသည်။ ဒေါက်တာသာလွန်ဦးက ဂျူတီချိန်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



၍ ဆေးခန်း၌ရှိမနေ။ အောင်မြင့်မြတ်ကိုယ်တိုင် မန်နေဂျာဦးချမ်းငြိမ်းခ အခန်းကိုမေးကာ ရောက်လာခဲ့ခြင်းဖြစ်သည်။

သူ့ရုံးခန်းထဲသို့ဝင်လာသောသူကိုမြင်မြင်ချင်း ကိုခက အောင်မြင့်မြတ်ဆိုတာကိုသိလိုက်ပါသည်။ အောင်မြင့်မြတ်ရုပ်က ငယ်စဉ်က ဓာတ်ပုံများထဲကအတိုင်း မပြောင်းလဲသေး။

"အောင်...အောင်မြင့်မြတ်"

ကိုခက ထိုင်ရာမှထကာ ရေရွတ်နှုတ်ဆက်လိုက်သည်။

အောင်မြင့်မြတ်က ကိုခထက်ပင် ပို၍အံ့ဩနေကာ ချက်ချင်း စကားမပြန်နိုင်ပဲရှိနေလေသည်။ သူသည် ချမ်းငြိမ်းခ၏ ကျော်ဇင်ထူး နှင့်ခွဲမရအောင်တူသောရုပ်ရည်ကိုကြည့်ကာ အံ့အားသင့်နေခြင်းဖြစ်သည်။

"ဟုတ်ပါတယ်နော်၊ အောင်မြင့်မြတ်...ဦးအောင်မြင့်မြတ် မဟုတ်လား၊ ထိုင်ပါခင်ဗျာ"

"ဟုတ်ပါတယ်၊ ငါ အောင်မြင့်မြတ်ပါကျော်ဇင်ထူး၊ ငါ့ကို ဦး တပ်ပြီးခေါ်စရာမလိုပါဘူးကွာ"

"ဒါပေမယ့်...ဦးနဲ့...အဲ...ကိုအောင်မြင့်မြတ်နဲ့ ကျွန်တော်နဲ့က အသက်ချင်းသိပ်ကွာသွားပါပြီ၊ ဦးထည့်မခေါ်ရင် ကျွန်တော် ရိုင်းရာကျမှာပေါ့"

"ငါ့အနေနဲ့တော့ မင်းကိုဒီအသက်အရွယ်နဲ့တွေ့လိုက်ရတော့ ငါတို့ဆယ်တန်းနှစ်ကိုပြန်ရောက်သွားသလိုခံစားရတယ်ကွာ၊ ကိုယ့်ကို ကိုယ် အသက်ကြီးတာတောင်မေ့သွားတယ်ကျော်ဇင်ထူး၊ အကြည်ပြောတုန်းက မင်း ရုပ်ရည်ဟာ အရင်ဘဝနဲ့ဒါလောက်တူလိမ့်မယ်လို့ မထင်မိဘူး"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ဒီလိုအသိအမှတ်ပြုလို့ကျေးဇူးတင်ပါတယ်၊ နောက်ကြောင်းတွေကို ကျွန်တော်မှတ်မိပေမယ့် ဘဝဟောင်းက လူတွေက အသိအမှတ်ပြုမယ်လို့မထင်မိဘူးဗျာ၊ ပြီးတော့...ကျွန်တော့် ရုပ်ရည်ဟာ အရင်ဘဝကျော်ဇင်ထူးနဲ့ဒါလောက်တူတယ်ဆိုတာ မသိခဲ့ ဘူးလေ၊ ဒီလိုမှန်းသိရင် တော်တော်စောစောကတည်းက ကျွန်တော် မွေးလေးကိုလာပြီးဆက်သွယ်ခဲ့ပါတယ်"

ချမ်းငြိမ်းခ,က ရဲရဲတင်းတင်းပင် ပြောလိုက်လေသည်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထူးအကြောင်းများကို ဒေါက်တာအေးမြင့်ကြည်ဆီကတစ်ဆင့် တော်တော်များများသိထားပြီမို့ အောင်မြင့်မြတ်ကို ရဲတင်းစွာဆက်ဆံနေနိုင်ခြင်းဖြစ်ပါသည်။

"ဖြိုးလည်း ဝမ်းသာမှာပဲ၊ တို့သူငယ်ချင်းတွေထဲမှာ ဖြိုးတစ်ယောက်ပဲ အိမ်ထောင်မကျပဲ အပျိုကြီးဖြစ်ကျန်နေတာလေ၊ မင်းသေ သွားအဲ…ကျော်ဇင်ထူးသေသွားကတည်းက အချစ်သစ်မရှာဘဲ နေခဲ့တာ ဆိုပါတော့"

"ဟုတ်ပါ့မလားကိုအောင်မြင့်မြတ်ရယ်၊ မမဖြိုးက ကျွန်တော့်ကိုဆက်ဆံပုံ စိမ်းတယ်လို့ထင်မိတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

ချမ်းငြိမ်းခက ဖြိုးက သူ့ကို ကျော်ဇင်ထူးအဖြစ်လက်မခံနိုင်သလိုဖြစ်နေပုံများအား ပြောပြလိုက်လေ၏။

"ဒါကတော့ …ဖြိုးက အပျိုကြီးပီပီ ဓိဓာကြောင်တာပါကွာ။ ပြီးတော့…မှုတာလည်းပါတာပေါ့၊ မင်းကို အရင်ဘဝကတည်းက ချစ်ပြီးသားပဲ"

"ကိုအောင်မြင့်မြတ်တို့လည်း ဝိုင်းကူပြောပေးပါဦးဗျာ"

"ဟား…ဟား…ဟား…မင်းက အခု သူ့ထက် အသက်အများကြီး ပိုငယ်နေတော့ ခေါင်းရှုပ်ပြီးချွဲရမှာကွ၊ ဒါဆို…အပျိုကြီး နေနိုင်မှာမဟုတ်ဘူး၊ ငါတို့ကူစရာတောင်မလိုပါဘူးကွာ၊ မင်းက တို့ထက်ငယ်တဲ့ ခေတ်လူငယ်ဖြစ်နေပြီပဲ၊ အပျိုကြီးကို ရှာန်လှောသွားအောင် ချွဲလိုက်စမ်းပါကွာ၊ ဟား…ဟား…"

"ဒါနဲ့…ကိုအောင်မြင့်မြတ် မူမူအောင်နဲ့ပဲ အိမ်ထောင်ကျတယ်ဆိုစမ်းသာပါတယ်ဗျာ၊ ဆယ်တန်းတုံးက မူမူအောင်ကိုလိုက်တာ မူမူအောင်က ခါးခါးသီးသီးငြင်းလို့ ကိုအောင်မြင့်မြတ်အရက်တွေသောက်တာ မှတ်မိပါသေးတယ်၊ နောက်ဆုံးတော့လည်း အဆင်ပြေသွားတာပေါ့နော်"

အောင်မြင့်မြတ်က ကိုခစကားများကိုနားထောင်ကာ ပါးစပ်ကြီးအံ့ဟောင်းသားဖြင့် အံ့သြနေလေသည်။

"ဒါတွေကို မင်းမှတ်မိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေနဲ့ပတ်သက်တဲ့အကြောင်း တော်တော်များများတော့ မှတ်မိနေပါသေးတယ်၊ မူမူအောင်က အဲဒီတုန်းက ဘီခန်းက လေ၊ ကျွန်တော်တို့အုပ်စုက အေခန်းက"

ချမ်းငြိမ်းခသည် ဒေါက်တာအေးမြင့်ကြည်ပြောစကားများကို မှတ်သားကာ အတည်ပေါက်နှင့်ဖြီးနေခြင်းဖြစ်ပါ၏။ အောင်မြင့်မြတ်အဖို့တော့ ချမ်းငြိမ်းခကို ကျော်ဇင်ထူးဝင်စားသူဆိုတာ ပိုပြီးယုံကြည်သွားရလေပြီ။

"တက္ကသိုလ်ရောက်မှ မူက ငါ့ကိုပြန်ကြည်တော့တာလေ၊ အခုငါတို့မှာ ကလေးသုံးယောက်ရနေပြီကွ၊ အကြီးဆုံးကောင်တောင်ရှစ်တန်းရောက်နေပြီ၊ မင်း အိမ်ကိုလာလည်ဦးကွာ၊ သူ့ကိုမှတ်မိတယ်ဆိုရင် မူတလည်း ဝမ်းသာမှာပဲ၊ ငါတို့အိမ်က အရင်အိမ်ပဲ၊ အလုပ်တိုက်ကို တောလမ်း-၃၀မှာဖွင့်ထားတယ်၊ ဓာတ်ပုံဆိုင်လုပ်ငန်းကိုချဲ့လိုက်တော့ အိမ်မှာလုပ်ရတာကျဉ်းလို့ လူစည်တဲ့နေရာကို ရွှေ့လိုက်ရတာလေ"

အောင်မြင့်မြတ်ဖခင်လက်ထက်ကတည်းက ဓာတ်ပုံဆိုင်လုပ်ငန်းလုပ်ခဲ့ရာ အောင်မြင့်မြတ်လက်ထက်တွင် ဗီဒီယိုရိုက်ကူးရေးနှင့်ကြော်ငြာဗီနိုင်းလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်နေပြီဖြစ်သည်။

"ရော့…ဒါ ဆိုင်လိပ်စာပါတဲ့ကတ်"

အောင်မြင့်မြတ်က အလုပ်တိုက်လိပ်စာပါသည့် လိပ်စာကတ်ပြားလေးကိုပေးလိုက်သည်။

"ကျွန်တော် မမဖြိုးနဲ့အတူ လာခဲ့ပါမယ်"

■

သည်လိုနှင့်…ချမ်းငြိမ်းခသည် အောင်မြင့်မြတ်ကို ဘဝဟောင်းက သူငယ်ချင်းတစ်ယောက်သဖွယ် ဆက်ဆံနိုင်ခဲ့သည်။

ဒေါက်တာအေးမြင့်ကြည်တို့အိမ်ကိုလည်း အဝင်အထွက်ရှိတာ၊ ကျော်ဇင်ထူးမိဘများအိမ်သို့လည်း မကြာမကြာရောက်ခဲ့လေပြီ။

အသွားအများဆုံးကား ဖြိုးအိသွယ်တို့အိမ်နှင့်ဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းခသည် အယောင်ဆောင်သည်ဆိုသော်လည်း…အမှန်တကယ်ရှိနေသည့်လူတစ်ယောက်အဖြစ် ဝင်ပြီးဟန်ဆောင်နေခြင်းမျိုး မဟုတ်။ လူဝင်စားအဖြစ်အယောင်ဆောင်ထားခြင်းမျှသာဖြစ်ရာ ဘဝဟောင်းကအဖြစ်များကို အားလုံးမသိရှိမမှတ်မိသည့်တိုင် ကိစ္စမရှိ ပြဿနာမဟုတ်ပဲ ပတ်ဝန်းကျင်၏သံသယဒဏ်မှ ကင်းလွတ်လျက်ရှိလေသည်။ အကြောင်းအရာတစ်ခုကို သူမသိရှိ မပြောဆိုနိုင်လျှင် ဒီ တစ်ခုကိုတော့ သူ မမှတ်မိလို့ပဲဟု ခွင့်လွှတ်နိုင်ကြသည်။ ဘဝတစ်ခုခြား သွား၍ မေ့လျော့သွားခြင်းဟု ယူဆကြသည်။

ဒေါက်တာအေးမြင့်ကြည်ကလည်း ရှေးဟောင်းနှောင်းဖြစ်များကို မမေးပဲ မကြာခဏပြန်ပြောတတ်ရာ ကိုခအတွက် အဆင်ပြေပြီး ရှင်းပြနေလေ၏။

ကိုခအတွက် အဆင်မပြေသေးသောအရာမှာ ဖြိုးဆီကအချစ် ကို မရသေးခြင်းပဲဖြစ်ပါသည်။

ဖြိုးသည် ကိုခကို ကျော်ဇင်ထူးဝင်စားသူအဖြစ်တော့ အကြွင်းမဲ့ ယုံကြည်နေပါသည်။ သူ့မရင်ထဲမှာ ကျော်ဇင်ထူးနေရာတွင် ကိုခကို အစားထိုးဖို့ကိုတော့ ဖြိုး မဝံ့မရဲဖြစ်နေရလေ၏။ စဉ်းစားရဆုံးအချက်ကတော့ ကိုခနှင့်ဖြိုး အသက်ကွာခြားနေကြခြင်းပင်ဖြစ်ပါသည်။

ကိုခကတော့ အားမလျှော့ပဲ ဖြိုးကိုချစ်ရေးဆိုနေမြဲပင်ဖြစ်ပါ၏။

သည်လိုနှင့်…အချိန်ကာလက သုံးလသို့လွန်မြောက်သွားလေပြီ။ ကိုခ မန္တလေးရောက်တဲ့ကာလသည်လည်း ငါးလကြာမြင့်ခဲ့လေပြီ။

သည်အတွင်းမှာ ကိုခသည် ချမ်းအေးကကို မေ့လျော့နေမိသည်။ အမှန်တကယ်လူဝင်စားဖြစ်သည့် ချမ်းအေးကထံမှသိရသည့် အကြောင်းများကိုအခြေခံပြီး သူ့ကိုယ်သူလူဝင်စားဖြစ်ဟန်ဆောင်ခဲ့သော်လည်း…လူဝင်စားအစစ်ချမ်းအေးကကို မေ့လျော့နေခဲ့ပါသည်။

မေ့လျော့သည်ဆိုရာတွင် သူအစားဝင်ဟန်ဆောင်နေတာကို ကိုက သိရင် ဘယ်လိုများပြောမလဲဆိုတာကို တွေးမထားခြင်းဖြစ်ပါ၏။ သူ့ဟန်ဆောင်မှုကိုလည်း အပြစ်ရှိသည်ဟု သူကထင်မထားပေ။ တကယ်တော့…ကိုကသည်လည်း ကျော်ဇင်ထူးအစစ်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သီးခြားလူ တစ်ယောက်သာဖြစ်ပါသည်။

ကျော်ဇင်ထူးလူဝင်စားဟန်ဆောင်ပြီး ဖြိုးအချစ်ကိုရယူဖို့ ကြိုးစားခြင်းမှာ လူဝင်စားအစစ်ကိုက,ကို စော်ကားနေခြင်းမဟုတ်ဟု ကိုခက ယုံကြည်သည်။ တကယ်တော့ ယခုဘဝကိုကနှင့် ဖြိုးတို့ ဘာမှမသက်ဆိုင်။ တွေ့တောင်တွေ့ဖူးကြသည်မဟုတ်။

ထို့ကြောင့်···ကိုကကို ထည့်တွက်စရာမလိုဘူးဟု ကိုခက ထင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

ပြီးတော့···ကိုကခေါ် ချမ်းအေးကတစ်ယောက် မန္တလေးကို ရောက်လာစရာအကြောင်းလည်းမရှိဘူးဟု ကိုခက ထင်သည်။ သူ့ အနေနှင့် ဖြိုးအချစ်ကိုရအောင်ကြိုးစားဖို့သာရှိသည်မဟုတ်ပါလား။

သို့သော်···ကိုခ၏အထင်အမြင်များအားလုံး မှားယွင်းခဲ့လေသည်။

■

သုခစံအိမ်ဆေးရုံကြီးဖွင့်လှစ်ပြီး ခြောက်လကြာချိန်တွင် ကိုက (ခေါ်) ချမ်းအေးကသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာလေ၏။

စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ကိုပိုက်ကာ မြန်မာနိုင်ငံပြန်ရောက်လာသော ချမ်းအေးကသည် ရောက်ရောက်ချင်း လုပ်စရာအလုပ်မရှိသေးပေ။ ကုမ္ပဏီတစ်ခုတည်ထောင်ပြီး သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန်ကြံစည်နေဆဲဖြစ်ပါသည်။

မိထွေးဖြစ်သူဒေါက်တာသက်သက်ခိုင်က စီးပွားရေးပညာရှင်ကြီးဖြစ်နေသည့်ချမ်းအေးကကို အကူအညီတောင်းခဲ့ခြင်းဖြစ်ပါသည်။

"ကိုက အလုပ်မလုပ်သေးရင် မန္တလေးက အန်တီ့ဆေးရုံကိစ္စမှာ ကူညီပေးပါလားကွယ်"

"ကျွန်တော်ဘာကူညီရမလဲအန်တီသက်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းအောင်မြင်အောင် ကိုက,ပညာနဲ့စီမံခန့်ခွဲပေးပေါ့ ကွယ်၊ ဟိုမှာ ကိုခကို မန်နေဂျာလုပ်ခိုင်းပြီး ran နေရတယ်၊ ကိုက,ပညာ နဲ့က ပိုပြီးသင့်လျော်မယ်ထင်တယ်၊ ညီအစ်ကိုနှစ်ယောက်ပိုင်းလုပ်လိုက် ရင် သုခစံအိမ် ထောင်တက်သွားလိမ့်မယ်ထင်တယ်"

ဒေါက်တာသက်သက်ခိုင်က မန္တလေးမှသုခစံအိမ်ဆေးရုံ၏ ဓာတ်ပုံများကိုထုတ်ပြရာ ကိုက အံ့သြသွားလေသည်။ သူသည် အန်တီ သက်၏ဆေးခန်းကို တိုက်အိမ်တစ်လုံးထဲတွင် ဆရာဝန်များငှား၍ဖွင့် ထားသော ဆေးခန်းတစ်ခုဟုသာထင်ခဲ့သည်။ လေးထပ်တိုက်ကြီး ဆောက်လုပ်၍ တကယ့်အဆင့်မြင့်ဆေးရုံကြီးသဖွယ် တည်ထောင်ထား သည်ကိုမြင်လိုက်ရ၍ အံ့သြသွားခြင်းဖြစ်ပါသည်။

"အန်တီသက်ဆေးရုံကို ကျွန်တော်စိတ်ဝင်စားတယ်အန်တီ သက်"

"လိုအပ်တာတွေရှိမှာအမှန်ပဲ၊ တို့ကဆရာဝန်ဆိုတော့ ဆရာ ဝန်အမြင်နဲ့ပဲကြည့်တတ်တယ်၊ ကိုက,က စီးပွားရေးဦးနှောက်ပိုင်ရှင်ဖြစ် နေတော့ ဆေးခန်းအောင်မြင်ဖို့ အိုင်ဒီယာအသစ်တွေထွက်လာမယ်ထင် တယ်လေ၊ ခဏတစ်ဖြုတ်ဖြစ်ဖြစ် သွားကြည့်ပါလား"

"ခဏမဟုတ်ပါဘူးအန်တီသက်၊ အန်တီသက်ဆေးရုံ ဒါ့ထက် အောင်မြင်အောင် ကျွန်တော်အာရုံစိုက်ပြီးလုပ်မှာပါ"

"ကျေးဇူးတင်လိုက်တာ သားရယ်"

မန္တလေးကိုသွားရတော့မည်ဆိုသောအခါ ငယ်စဉ်က သူပြော ခဲ့သည့် ဘဝဟောင်းအကြောင်းများက ကိုက,ရင်မှာပြန်လည်ရှင်သန် လာသည်။

အရင်ဘဝက ငါ့ရဲ့မိဘဆွေမျိုးတွေ၊ သူငယ်ချင်းတွေ မန္တလေး မှာရှိကြသေးသလား။ သူငယ်ချင်းတွေအားလုံး ငါနဲ့အတူသေကုန်ကြ သလား။ ကျန်တဲ့သူတွေရှိသေးလား။ မန္တလေးရောက်ရင်တော့ ဒါတွေ ကိုနောက်ကြောင်းပြန်ပြီး စုံစမ်းရမယ်။

နိုင်ငံခြားမှသင်ကြားလာသောပညာဖြင့် မန္တလေးကို အလုပ် သွားလုပ်မည့် MBA ဘွဲ့ပိုင်ရှင် ချမ်းအေးကသည် ပထမဆုံးဖြစ် လာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လုပ်ဆောင်ရမည့်အလုပ်အတွက် စိတ်တက်ကြွနေသလို၊ အဝယောင်းကို ပြန်လည်တူးဖော်ရန်အတွက်လည်း စိတ်လှုပ်ရှားနေခဲ့လေသည်။

ယင်းသို့ဖြင့်…သုခစံအိမ်ဆေးရုံကြီးဖွင့်လှစ်ပြီး ခြောက်လ ကြာချိန်တွင် ချမ်းအေးက(ခေါ်)ကိုက,သည် မန္တလေးမြို့သို့ရောက်ရှိလာခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



■

## အပိုင်း(၆)

■

ချမ်းအေးကကို ချမ်းငြိမ်းခကိုယ်တိုင် လေယာဉ်ကွင်း၌ လာကြိုခဲ့သည်။

ကသည် တံတားဦးလေယာဉ်ကွင်းမှ မန္တလေးမြို့ထဲသို့အလာ လမ်းဘေးဝဲယာရှုခင်းများကိုကြည့်ရင်း ပါလာခဲ့သည်။ ကသည် လမ်းမ တစ်လျှောက်မြင်ကွင်းများကိုကြည့်ရင်း ယခင်ရှုခင်းများနှင့်မတူ ပြောင်း လဲနေသည်များကို သတိပြုမိခဲ့ပါသည်။ က၊အဖို့ ယခုဘဝတွင် မန္တလေးသို့ ပထမဆုံးအကြိမ်ရောက်ဖူးရခြင်းဖြစ်ပါသည်။ သို့သော် က၊သည် ရှေးယခင်ကမြင်ကွင်းများကို ပြန်လည်မြင်ယောင်ကြည့်လို့ ရနေသည်။ ကွာခြားမှုအပြောင်းအလဲများကို သိရှိခံစားလို့ရနေပါသည်။

လေယာဉ်ကွင်းသည်ပင် သူ ကျော်ဇင်ထူးအဖြစ် မန္တလေးတွင်အသက်ရှင်သန်ခဲ့စဉ်က လေယာဉ်ကွင်းမဟုတ်တော့။ မန္တလေးနှင့် အမိုင်ဝေးသော တံတားဦးမြို့နယ်အတွင်းရှိ ခမ်းနားသောကမ္ဘာ့အဆင့်မီလေယာဉ်ကွင်းကြီးဖြစ်နေပြီ။

ယခင်ဘဝကနေထိုင်ခဲ့သော မန္တလေးအငွေ့အသက်များခံစားရင်း ကားပေါ်တွင်ပါလာခဲ့သောက၊သည် ခ၊က သူမန္တလေး...တာကို မလိုအပ်သလိုမျိုး ပြောလာသည့်စကားများကို နားမလည်သော...

"တကယ်တော့ . . သူခစ်အိမ်က ကောင်းကောင်းကြီး လည်...



www.burmeseclassic.com

www.burmeseclassic.com



နေပါပြီ၊ မင်းမလာရင်လည်း ဖြစ်ပါတယ် ,က၊ ငါတစ်ယောက်တည်း နိုင်ပါတယ်''

''ဒီလိုဘယ်ဟုတ်မလဲခ,ရာ၊ အန်တီသက်က ငါ့ကိုအကူအညီတောင်းတော့ ငါ့သင်လာတဲ့ပညာနဲ့လုပ်နိုင်သလောက်လုပ်ပေးဖို့တာဝန် ရှိတာပေါ့''

အကြောင်းစုံမသိသေးသောက,က ရိုးရိုးသားသားပင်ပြန်ပြောလိုက်သည်။

''မလိုပါဘူးကွာ၊ အခုလည်းအောင်မြင်နေတာပဲ၊ ဆေးရုံတစ်ရုံကိုဘယ်လိုစီမံခန့်ခွဲရမယ်ဆိုတာ ငါ့အတွေ့အကြုံနဲ့သိနေပြီ၊ လုံလောက်နေပါပြီကွ''

က,က ခ,ကို အံ့သြစွာပြန်ကြည့်လိုက်သည်။ တကယ်ဆို ညီအစ်ကိုနှစ်ယောက် ပူးပေါင်းပြီးစီမံလိုက်ရင် ပိုပြီးတိုးတက်သွားနိုင်တယ်မဟုတ်လား။ သူရောက်လာတာကို ခ ဘာလို့မလိုလားပါလိမ့်ဟု က,က တွေးမိသည်။ သူလုပ်ထားလို့အောင်မြင်နေတဲ့အလုပ်တစ်ခုကို ဝင်ရွက်ဖက်တယ်လို့များယူဆနေသလား။ ကနဲ့ခလို အမြွှာညီအစ်ကိုတွေအတွက် ဒါမျိုးထည့်တွက်စရာမလိုဘူးလို့ က,ထင်သည်။

က,က ခ,ကို ပြေလည်ရာပြေလည်ကြောင်း စကားတစ်ခွန်းမြန်ပြောလိုက်ပါသည်။

''ငါ မန္တလေးလာတာ ငါ့ရဲ့အရင်ဘဝကိုပြန်ပြီးတူးဖော်ချင်တာလဲ ပါပါတယ်၊ ခ မင်းမှတ်မိသေးလား၊ ဖေါငယ်ငယ်က ငါရဲ့ အရင်ဘဝဟာ မန္တလေးကကျော်ဇင်ထူးပါလို့ ပြောခဲ့တာလေ၊ အဲဒီ အကြောင်းတွေ ဟာကယ်ဟုတ်,မဟုတ်သိရအောင်စုံစမ်းချင်လို့ မန္တလေး ကို ငါလာတာ ကွ၊ မန္တလေးကိုလာတဲ့ရည်ရွယ်ချက်ထဲမှာ ကျော်ဇင်ထူး ဆိုတဲ့ ငါ့ အတိတ်ဘဝကို ပြန်တွေ့ချင်မြင့်ချင်တာလဲ ပါတယ်''

ချမ်းအေးကစကားများကိုနားထောင်ရင်း ချမ်းငြိမ်းခသည် အောင်ထိစူးရှသောမျက်လုံးများဖြင့် ပြန်ကြည့်နေလေသည်။

ဒါတွေကို···ထိုစဉ်တုန်းက ချမ်းအေးက သတိမပြုမိခဲ့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



သုခစံအိမ်ကိုရောက်သည်နှင့် က,သည် ဆေးရုံပတ်ဝန်းကျင် တစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ အထပ်လေးထပ်ရှိ ဆေးရုံ အန္တကိုလည်း လိုက်ကြည့်လိုက်၏။

ချမ်းငြိမ်းခနေထိုင်ရန်အတွက် သီးခြားတစ်ထပ်တိုက်လေး တစ်လုံးကို ဆေးရုံနောက်ဖက်တွင်ဆောက်လုပ်ထားပါသည်။ က,ရောက် လာသည့်အခါ ခ,က ထိုအိမ်လေး၏အခန်းတစ်ခန်းမှာပင် က,ကိုနေရာချ ထားပေးလိုက်သည်။

ကသည် ပစ္စည်းများကိုနေရာချထားပြီးသည်နှင့် ဆေးရုံထဲသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ကသည် ဆေးရုံအခင်းအကျင်း၊ လူနာခန်းများနှင့် ဧည့်သည် များအတွက် ဧည့်ကြိုခန်းများခင်းကျင်းထားပုံကို ဂရုစိုက်ကြည့်နေခဲ့သည်။

ဆေးရုံအတွင်း သွားလာလှုပ်ရှားနေသော အလုပ်သမားများ၊ အလုပ်လုပ်နေသောဝန်ထမ်းများသည် က,ကိုတွေ့သည်နှင့် ဦးညွှတ်နှုတ် ဆက်ကာ အလုပ်ကိုဆက်လုပ်နေကြ၏။ ယနေ့မှရောက်လာသော ချမ်း အေးကဆိုသူကို သူတို့၏မန်နေဂျာ ချမ်းငြိမ်းခဟုပင်ထင်နေကြခြင်း ဖြစ် လေ၏။ ကနှင့်ခတို့ နှစ်ယောက်ယှဉ်လာမှပင် သူတို့ကို အမြွှာ ညီ အစ်ကိုဖြစ်မှန်းသိကြပေလိမ့်မည်။ ဆေးရုံဝန်ထမ်းများက မန်နေဂျာ ချမ်း ငြိမ်းခတွင် ချမ်းအေးကဆိုသော အမြွှာညီအစ်ကိုရှိထားမှန်း သိကြသလား၊ မသိထားဘူးလား က,မသိပေ။

က,က လေ့လာစရာရှိသည်များကို စေ့စေ့စပ်စပ်လေ့လာရင်း ဆေးရုံ၏တတိယထပ်သို့ရောက်လာလေသည်။

ထိုစဉ်···လူနာသီးသန့်ခန်းတစ်ခုထဲမှထွက်လာသော ဆရာဝန်မ တစ်ယောက်ကိုတွေ့လိုက်ရသည်တွင် ကသည် လမ်းလျှောက်နေရာမှ ရပ်ရင်း မှင်တက်ငေးကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာဝန်မကတော့ သူ့ကိုအမြင်တွင် ထူးခြားမှုမရှိသလို ပြုံး၍နှုတ်ဆက်လိုက်လေသည်။ ဆရာဝန်မသည် က,ကို ခ,အထင်ဖြင့် သာမန်မျှ ပြုံးပြနှုတ်ဆက်လိုက်ခြင်းဖြစ်ပေမည်။ ပြုံးပြလိုက်သော ဆရာဝန်မ၏အပြုံးကိုအမြင်တွင် က,အသိစိတ်များ လင်းလက်နိုးကြား သွားလေသည်။

ပြုံးလိုက်သည့်အတွက် နဂိုခပ်ကျဉ်းကျဉ်းမျက်လုံးများမှေးသွားပုံ၊ ညာဘက်အပေါ်သွားတန်းမှ သွားစွယ်လေးပေါ်လာပုံများက က,၏ အသိစိတ်ကိုနှိုးဆွပေးလိုက်ခြင်းပင်ဖြစ်လေသည်။

ဆရာဝန်မသည် အသက်ကြီး၍ ရုပ်ရည်ရင့်ကျက်လာသော်လည်း ငယ်စဉ်က(ယခင်ဘဝက) သူ့သူငယ်ချင်းတစ်ယောက်၏ရုပ်ရည် အတိုင်း ဖြစ်နေသည်။

"အကြည်...အကြည်မဟုတ်လားဟင်"

ဆရာဝန်မ သူ့အနားရောက်အလာတွင် ချမ်းအေးကနှုတ်မှ ရုတ်တရက်ထွက်ကျလာသောစကားများဖြစ်ပါသည်။

ဒေါက်တာအေးမြင့်ကြည်သည် ချမ်းအေးက၏နှုတ်ဆက်စကား ကြောင့် ကြောင်သွားလေသည်။ သူမက တတိယထပ်သို့ လှေကားမှ တက်လာသူကို ကိုခ(ချမ်းငြိမ်းခ)ဟုပင် ထင်ကာ ပြုံးပြလိုက်ခြင်းဖြစ် လေသည်။

ထိုသူက သူမကို "အကြည်မဟုတ်လား"ဟုမေးလိုက်သည့် အခါ ထိုသူကို ကိုခမဟုတ်မှန်း သိသွားရလေ၏။ တစ်ဆက်တည်း ကိုခ ၏ အမြွှာညီအစ်ကို ချမ်းအေးက, သူခစ်အိမ်သို့ရောက်လာမည်ကိုလည်း သတိရသွားသည်။

ဒေါက်တာအေးမြင့်ကြည်က ချမ်းအေးကကို တအံ့တသြပြန် ကြည့်လိုက်လေသည်။

"ဒါဖြင့်...အခု အကြည့်ကိုနှုတ်ဆက်တာ ကိုခမဟုတ်ဘူးပေါ့ ဒီက...အဲ...ကိုချမ်းအေးက..."

"ဟုတ်ပါတယ်၊ ချမ်းအေးကပါ၊ ဒီက...အေးမြင့်ကြည် အကြည် ...ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးမြင့်ကြည်သည် ထပ်ဆောင်း၍ အံ့သြသွားရပြန်လေ၏။

ချမ်းအေးကသည် မိမိကို "အကြည်"လို့ ဘာကြောင့်ခေါ်သနည်း။ ကိုခ,က မိမိအကြောင်းတွေ ကိုက,ကို ပြောထားလို့လား။ ဒါဆိုရင်လည်း မိမိကို 'ဒေါက်တာ' သို့မဟုတ် 'မမကြည်'လို့သာခေါ်ရမည်။ ကိုခကိုယ်တိုင်ပင် မမကြည်လို့ပဲ ခေါ်သည်မဟုတ်ပါလား။

ယခုမှတွေ့ရသော ချမ်းအေးက,က မိမိနာမည်ရှေ့မှာ ဒေါက်တာ, မထည့်၊ မမ,မထည့်ပဲခေါ်နေပုံက ဆန်းပြားနေပါသည်။

"အေးမြင့်ကြည်"တဲ့။ "အကြည်"တဲ့။

တကယ်တော့…သူနှင့် ဒေါက်တာအေးမြင့်ကြည်တို့ ရင်းနှီးမှု မရှိသေးပါ။ ပြီးတော့…အသက်ချင်းကလည်း ကွာခြားလှသည်။ မိမိကို အကြည် အေးမြင့်ကြည်ရယ်လို့…ရွယ်တူလို ခေါ်ဝေါ်သုံးစွဲလိုက်ခြင်းအတွက် အံ့သြသွားရခြင်းပင်ဖြစ်ပါ၏။

"ကိုချမ်းအေးက, ဘယ်တုန်းကရောက်သလဲ၊ အကြည်က ကိုခလို့ပဲထင်နေတာ၊ ကိုချမ်းအေးက, ရောက်လာမယ်ဆိုတာတော့ သိထားပါတယ်၊ ကိုချမ်းအေးကတို့ညီအစ်ကိုက ခွဲမရအောင်တူတာပဲ"

ဒေါက်တာအေးမြင့်ကြည်က ကိုကကိုစူးစမ်းသလိုကြည့်ရင်း ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဒေါက်တာ၊ ဆေးရုံးဒေါက်တာ၊ စောစောက ကျွန်တော် ဒေါက်တာ့ကို အကြည်လို့ခေါ်လိုက်မိတာ စိတ်မဆိုးပါနဲ့၊ ဒေါက်တာက ငယ်ငယ်တုန်းက ၁၆–ကျောင်းမှာတက်ခဲ့တဲ့ မအေးမြင့်ကြည် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်၊ ကျွန်မမန္တလေးသူပါပဲ၊ ဆယ်တန်းထိ ၁၆ ကျောင်းမှာပဲ ဆက်တိုက်နေခဲ့တာပါ ကိုချမ်းအေးက"

"ဟာ…ဒါဆို ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်…ကျွန်တော် ဒေါက်တာ့ကိုမြင်တာနဲ့မှတ်မိတယ်၊ မြင့်မြင်ချင်း အကြည် ဆိုတာ ချက်ချင်းမှတ်မိလိုက်တယ်"

"ရှင်…"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာဗျာ၊ ဒါတွေပြောရရင် ဒေါက်တာ အံ့သြသွားပါလိမ့်မယ်နော်ဒေါက်တာ၊ ဒေါက်တာ့မှာ ငယ်ငယ်က ကျော်ဇင်ထူးဆိုတဲ့သူငယ်ချင်းတစ်ယောက်ရှိခဲ့ဖူးတယ်မဟုတ်လားဟင်"

"ကျော်ဇင်ထူး…ရှိတယ်လေ"

"ကျော်ဇင်ထူးနဲ့ဒေါက်တာတို့ ပြင်ဦးလွင်ကအပြန်ကားတိုက်မှုမှာ ကျော်ဇင်ထူးသေခဲ့တာမဟုတ်လားဒေါက်တာ"

"ဟုတ်ပါတယ်ကိုချမ်းအေးက"

"အဲဒီတုန်းက အကြည်မသေခဲ့ဘူးပေါ့နော်"

"ကိုချမ်းအေးက ဘာတွေပြောနေတာလဲဟင်၊ ကျွန်မ နားမလည်ဘူး"

"အကြည်ကတော့ အံ့သြမှာပဲ၊ သေသွားတဲ့ကျော်ဇင်ထူးကို အသက်ရှင်ရက်ပြန်တွေ့ရရင် အကြည်ဘယ်လိုခံစားရမလဲဟင်"

"လူဝင်စားကိုပြောတာလား၊ ကျွန်မတို့ ကျော်ဇင်ထူးဝင်စားတဲ့လူကို တွေ့နေရပြီပဲ၊ တွေ့စကတော့ အံ့သြတာပေါ့၊ ခုတော့…သူငယ်ချင်းတစ်ယောက်ကို လူဝင်စားအနေနဲ့ပြန်ဆုံရလို့ ကျွန်မတို့ အားလုံးဝမ်းသာနေကြတာပါကိုချမ်းအေးက"

"ဗျာ…"

ဒေါက်တာအေးမြင့်ကြည်စကားများကြောင့် ချမ်းအေးက ဖော်မပြနိုင်လောက်အောင် အံ့အားသင့်သွားရလေသည်။ ကျော်ဇင်ထူး ဝင်စားတဲ့လူကို တွေ့နေရပြီပဲတဲ့။ သူ့ကိုဆိုလိုခြင်းမဟုတ်တာတော့ သေချာပါသည်။

"ကျော်ဇင်ထူးဝင်စားတဲ့လူကို တွေ့နေပြီ၊ ဟုတ်လားအကြည်"

"ဟုတ်တယ်လေ၊ ကိုချမ်းအေးကရဲ့အမြွာညီအစ်ကို ကိုခဟာ ကျော်ဇင်ထူးဝင်စားတဲ့သူပဲ"

"ဗျာ…"

"သူပြောပြလို့ အားလုံးသိပြီးပါပြီ၊ မန္တလေးမှာရှိတဲ့သူငယ်ချင်းတွေ ဆွေမျိုးတွေနဲ့လည်း တွေ့ပေးပြီးပါပြီကိုချမ်းအေးက"

"ဒေါက်တာ…"

"ရှင်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာနဲ့ကျွန်တော် စကားအေးအေးဆေးဆေးပြောမှ ဖြစ်တော့မယ်"

"ဆရာဝန်နားနေခန်းကိုလိုက်ခဲ့ပါလားကိုချမ်းအေးက"

■

ဆရာဝန်များနားနေခန်းအရောက်တွင် အခန်းထဲ၌ ဒေါက်တာ သာလွန်ဦးရှိနေသည်ကို တွေ့ရသည်။

ဒေါက်တာအေးမြင့်ကြည်က ဒေါက်တာသာလွန်ဦးနှင့်ချမ်းအေး ကကို မိတ်ဆက်ပေးလိုက်သည်။

"ကို…ဟောဒီမှာကြည့်ပါဦး၊ ဘယ်သူလဲလို့"

"ဟင်…ကိုခ"

"ဒါ…ကိုခမဟုတ်ဘူးကို၊ ကိုကတဲ့၊ ချမ်းအေးက၊ ကို ချမ်းအေးက၊ ဒါ ကျွန်မအမျိုးသားပါ၊ ဒေါက်တာသာလွန်ဦးပါ"

ဒေါက်တာသာလွန်ဦးက မတ်တပ်ထရပ်ကာ ကိုကကို လက်ကမ်းပေးလိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ် ကိုက၊ ကိုယ်က ဒေါက်တာ သက်သက်ခိုင်ရဲ့ မောင်တစ်ဝမ်းကွဲပါ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ၊ အန်တီ သက်က ဒေါက်တာဒီမှာရှိတာပြောပြလိုက်ပါတယ်၊ ဒေါက်တာတို့နဲ့တွေ့ ပြီး ဆေးခန်းပိုပြီးအောင်မြင်အောင်လုပ်ဖို့လည်း မှာလိုက်ပါတယ်"

"ကိုယ်ရန်ကုန်ရောက်တုန်းက ကိုက နိုင်ငံခြားကပြန်မရောက် သေးလို့ မတွေ့ခဲ့ရဘူး၊ ကိုခနဲ့ကိုယ်တို့နဲ့ကတော့ မိသားစုလို ရင်းနှီးခဲ့ ကြပါပြီ"

"ဟုတ်ကဲ့ဒေါက်တာ"

"ထိုင်ကြပါဦး၊ ကိုက၊လည်း ထိုင်ပါဦး၊ ကိုက အကြည့်က



www.burmeseclassic.com

www.burmeseclassic.com



တွေ့တွေ့ချင်းပြောဆိုပုံတွေက ထူးခြားနေတယ်၊ အကြည့်ကို သိနေသလို ပဲ၊ ကိုခက ပြောပြထားလို့လား"

ချမ်းအေးကမျက်နှာ တည်သွားလေသည်။ ဒေါက်တာအေး မြင့်ကြည်ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ကာ...

"ကျွန်တော် အကြည့်ကိုမြင်မြင်ချင်းမှတ်မိပါတယ်အကြည်၊ အကြည်ဟာ ကျွန်တော့်ရဲ့ အရင်ဘဝက သူငယ်ချင်းပါ၊ ဒါကြောင့်လည်း တွေ့တွေ့ချင်း အရင်ဘဝကခေါ်တဲ့အတိုင်း အကြည်လို့ ခေါ်ပြီး နှုတ်ဆက်လိုက်တာပါ၊ ဘာဖြစ်လို့လဲဆိုတော့...ကျွန်တော်ဟာ အကြည်တို့ သူငယ်ချင်း ကျော်ဇင်ထူးဝင်စားတဲ့သူမို့ပါ"

ဒေါက်တာအေးမြင့်ကြည်နှင့် ဒေါက်တာသာလွန်ဦးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ကိုခက သူ့ကိုယ်သူ ကျော်ဇင်ထူးလူဝင်စားလို့ပြောထားတာ ဘာဖြစ်လို့လဲမသိဘူး၊ ကျွန်တော်အသိချင်ဆုံးမေးခွန်းတစ်ခုကို အရင် ဖြတ်မေးပါရစေအကြည်၊ ကျွန်တော်တို့ကားတိုက်မှုဖြစ်တုန်းက ဘယ်သူ တွေသေသွားကြသလဲ၊ ဘယ်သူတွေအသက်ရှင်ရက် ကျန်ရစ်သလဲ"

ဒေါက်တာအေးမြင့်ကြည်က ချက်ချင်းပြန်မဖြေသေးပဲ ကိုက ထို မျက်လုံးကြီးပြူးလျက် စိုက်ကြည့်နေလေသည်။

"ဟင်...အကြည်၊ အောင်မြင့်မြတ်တို့၊ အောင်အောင်ဦးတို့၊ ပြီး တော့...ဖြိုး...ဖြိုးအိသွယ်"

"ကိုက..."

"အကြည်...ဖြိုးအိသွယ်၊ ဖြိုးအိသွယ်...သူရော အသက်ရှင်ရဲ့ လားဟင်"

"ဖြိုးမသေပါဘူး ကိုက၊ ဖြိုးရယ်...အကြည်ရယ်... အောင်မြင့် မြတ်နဲ့စိုးရရယ်...မသေပဲကျန်ရစ်ပါတယ်"

"စိုးရ...သြော်...ဟုတ်သားပဲ၊ စိုးရနာမည်ကို ခုမှ မှတ်မိတယ်၊ စိုးရဆိုတဲ့နာမည်ကို ကျွန်တော်မေ့လို့မရဘူးဖြစ်နေတာ"

"သေသွားတာက ကျော်ဇင်ထူးရယ်၊ အောင်အောင်ဦးရယ်၊ သီသီမာရယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သီသီမာ…ဟုတ်ပါရဲ့…သီသီမာကိုလည်း ခုမှ ကျွန်တော် သတိရတယ်၊ ကျွန်တော်သတိရတာက ဖြိုးရယ်…အကြည်ရယ်၊ အောင်မြင့်မြတ်နဲ့အောင်အောင်ဦးပဲ အကြည်"

"နေပါဦးကိုက၊ ဒီပြဿနာဟာ ရှင်းပြီးသားပြဿနာပါ၊ အကြည်တို့ ကိုခကို ကျော်ဇင်ထူးလူဝင်စားအနေနဲ့ သိကြပြီးသားလေ၊ လူဝင်စားဆိုတာ အမြွာမွေးလာတဲ့ အမြွာညီအစ်ကိုနှစ်ယောက်စလုံးမှာ ဝင်စားတာလားရှင်"

ချမ်းအေးက,က ခေါင်းကိုရမ်းလိုက်သည်။

"မဟုတ်ပါဘူးအကြည့်၊ တကယ်ဝင်စားတာက ကျွန်တော်ပါ၊ ကျွန်တော်ငယ်ငယ်ကတည်းက အရင်ဘဝအကြောင်းတွေပြောခဲ့တာပါ၊ မေမေတစ်ယောက်လုံးသက်သေရှိပါတယ်၊ အဲ…မေမေကတော့ သေပြီ၊ ဖေဖေလည်းသိပါတယ်အကြည်၊ အဲဒီအကြောင်းတွေကို ကိုခ ရှေ့မှာ ခဏခဏ ကျွန်တော်က ရင်ဖွင့်လွန်းလို့…ကိုခ အလွတ် ရသလို သိနေတာပါ၊ တကယ့်လူဝင်စားက ကျွန်တော်ပါအကြည်"

"ဒါဖြင့်…ကိုခက သူ့ကိုယ်သူကျော်ဇင်ထူးဝင်စားတာ ပါလို့ ဘာလို့ပြောရတာလဲ"

"အဲဒါတော့…ကျွန်တော်လည်း မသိဘူး၊ ကျွန်တော်လည်း အံ့သြနေတာ၊ ကိုခနဲ့ကျွန်တော် ရှင်းရမှာပေါ့"

"ဒီကလူတွေကတော့ ကိုခကိုပဲ ကျော်ဇင်ထူးဝင်စားတဲ့လူလို့ သတ်မှတ်ထားကြပြီကိုက၊ ကိုက ပြောတာအမှန်ဆိုရင် ဘယ်လိုရှင်းကြမလဲ"

ဒေါက်တာသာလွန်ဦးက ဝင်မေးလိုက်သည်။

"ဒီကလူတွေဆိုတာ ဘယ်သူတွေလဲဒေါက်တာ"

"ကျော်ဇင်ထူးမိဘတွေရယ်၊ ဖြိုးရယ်၊ အောင်မြင့်မြတ်ရယ်ပါ ကိုက"

ဒေါက်တာအေးမြင့်ကြည်က ဝင်ဖြေလိုက်သည်။

"ဖြိုးလည်းပါတယ်၊ ဖြိုးက ကိုခကို ကျော်ဇင်ထူးလူဝင်စား အနေနဲ့လက်ခံသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လူဝင်စားဆိုတဲ့အဖြစ်က ဆန်းလည်းဆန်းတယ်၊ ရှားလည်း ရှားပါးတယ်မဟုတ်လားကိုက၊ ကိုခက ကျော်ဇင်ထူးဆိုတဲ့အရင်ဘဝ အကြောင်းတွေပြန်ပြောနိုင်တော့ လက်ခံကြရတာပေါ့၊ လူဝင်စားဖြစ်ကြောင်း ဒါ့ထက်ပိုပြီးသက်သေပြစရာ ဘာလိုလို့လဲ၊ ပြီးတော့ ရုပ်ရည်၊ သူ့ရုပ်ရည် ကလည်း ဘဝဟောင်းကကျော်ဇင်ထူးနဲ့တစ်ထေရာတည်း တူနေတယ် လေ"

"အဲဒါကတော့ ကိုခနဲ့ကျွန်တော်က အမြွာကိုး၊ တူတာပေါ့၊ တကယ့်လူဝင်စားက ကျွန်တော်ပါ၊ အဲ...ဒေါက်တာနဲ့အကြည့်တို့ကရော အခု ကျွန်တော်ပြောနေတာတွေကို ယုံကြရဲ့လား၊ ဒေါက်တာတို့ ခေါင်းထဲ မှာ ကိုခပြောတာတွေကိုပဲ ယုံကြည်ပြီးသားဖြစ်နေပြီလားဗျာ"

ဒေါက်တာသာလွန်ဦးနှင့်ဒေါက်တာအေးမြင့်ကြည်ပြန်မဖြေနိုင်။ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာသာ နှုတ်ဆိတ်နေကြလေသည်။

ကိုက,က ထိုင်နေရာမှ ရုတ်တရက်ထလိုက်သည်။

"ကျွန်တော်မန္တလေးလာတာကို ခ,မလိုလားသလိုပြောခဲ့တာ ကျွန်တော် ခုမှသဘောပေါက်တော့တယ်၊ ကျွန်တော် ခ,နဲ့သွားတွေ့လိုက် ဦးမယ်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

ချမ်းအေးကသည် ဒေါက်တာအေးမြင့်ကြည်တို့လင်မယားကို နှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားလေသည်။

"ဘယ့်နှယ်လဲအကြည်၊ ဘယ်လိုလုပ်ကြမလဲ"

"အကြည်စဉ်းစားမိတယ်ကို၊ ဘယ်သူ့စကားအမှန်ဆိုတာတော့ မသိသေးဘူးပေါ့၊ တစ်ယောက်ယောက်ကတော့ ညာနေတာပဲ၊ ဒါပေမယ့် ဘာလို့ညာရသလဲ၊ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က သေပြီးသားလူတစ် ယောက် ဘာလို့ဖြစ်ချင်နေရတာလဲ၊ ဒီလိုဖြစ်လို့ ဘာအကျိုးရှိမှာလဲ"

"ညာတဲ့သူကတော့ အကျိုးရှိတယ်ထင်လို့ပေါ့အကြည်"

"ဘာလဲ၊ ကျော်ဇင်ထူးမိဘတွေဆီကနေ ကျော်ဇင်ထူးအဖြစ် နဲ့ အမွေရမယ်ဆိုတဲ့မျှော်လင့်ချက်နဲ့လား"

"အကြည်ကလည်းကွာ...ဒုံးဝေးလိုက်တာ၊ ကိုကတို့ ကိုခ တို့



www.burmeseclassic.com

www.burmeseclassic.com



လို သူဌေးသားတွေက မရေရာတဲ့အမွေမျိုးကို မျှော်လင့်မလားကွ၊ အေး…သူတို့အတွက် မျှော်လင့်စရာဆိုလို့ ဖြိုးပဲရှိတယ်''

''ရှင်…''

''ဖြိုးလေ…အကြည့်သူငယ်ချင်းဖြိုးကို ချစ်လို့၊ ဒါမှမဟုတ် မက်မောလို့၊ ဖြိုးကိုလိုချင်လို့…ကျော်ဇင်ထူးအယောင်ဆောင်တာပဲ ဖြစ်ရမှာပေါ့၊ ဒါပေမယ့်…အဲဒီလိုအယောင်ဆောင်တာ ဘယ်သူလဲ ဆိုတာတော့ ကိုယ်တို့သိဖို့ခက်လိမ့်မယ်''

ဒေါက်တာအေးမြင့်ကြည်သည် ဒေါက်တာသာလွန်ဦး၏ပြောစကားများကို မျက်လုံးအပြူးသားဖြင့် နားထောင်နေလေ၏။

''ဒီအကြောင်း ဖြိုးဆီကို အဖွားဖားရားနဲ့ဖုန်းမဆက်လိုက်နဲ့ဦး အကြည်၊ သူတို့ဘယ်လိုရှင်းကြမယ်ဆိုတာ ဘေးကနေ စောင့်ကြည့်ဦး၊ သိလား''

''ဟုတ်ကဲ့ပါ ကို''

■

''ခ…''

အိမ်လေးထဲသို့ရောက်ရောက်ချင်း ကသည် ခအခန်းကို လက်သီးဆုပ်ဖြင့်ထုကာ အသိပေးလိုက်သည်။

တံခါးကိုတွန်းဖွင့်လိုက်တော့ အခန်းထဲမှာ ခုတင်ပေါ်လှဲနေသော ကိုခကိုမြင်လိုက်ရ၏။

ကိုခက ကိုက အခန်းထဲသို့ဝင်အလာတွင် လက်ထဲမှဓာတ်ပုံလေးကို အိပ်ရာဘေးစားပွဲပေါ်သို့မှောက်တင်လိုက်၏။

ဓာတ်ပုံကို တစ်စိတ်တစ်ပိုင်းမြင်လိုက်ရသော ကိုက၊က ကိုခလှမ်းတင်လိုက်သောဓာတ်ပုံကိုယူကြည့်လိုက်သည်။ ဓာတ်ပုံထဲတွင် ဖော်ရှိအသက်အရွယ်ဖြင့် ဖြိုးအိသွယ်ကိုတွေ့လိုက်ရပါ၏။ ထိုဓာတ်ပုံလေးမှာ ဒေါက်တာအေးမြင့်ကြည်တို့ ၁၅-နှစ်ပြည့်မင်္ဂလာပွဲတုန်းက ရိုက်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေးဖြစ်သည်။ ကိုခ,က ဒေါက်တာအေးမြင့်ကြည်ဆီမှတောင်းကာ မှန်ပေါင်သွင်းပြီး အခန်းထဲမှာထားထားခြင်းဖြစ်၏။

"ဩော…ဖြိုး ဓာတ်ပုံကိုး"

ခ,က ခုတင်ပေါ်မှ ထထိုင်လိုက်သည်။

ခမျက်နှာက ခပ်တည်တည်။ ခသည် က၏အမူအရာကိုမြင်ကတည်းက ဟိုအကြောင်းကို က,သိလာပြီဆိုတာ နားလည်လိုက်သည်။ က, ပြန်လာလို့မေးလျှင် ဘယ်လိုပြန်ပြောရမယ်ဆိုတာကိုလည်း ခ,က စဉ်းစားထားပြီးဖြစ်ပါ၏။

"ခ…မင်းဘာတွေလုပ်ထားသလဲ"

"ဘာကိုမေးတာလဲ က"

"မသိချင်ယောင်ဆောင်မနေပါနဲ့ ခ၊ မင်းဟာ ငါပြောဖူးတဲ့ စကားတွေမှတ်သားပြီး ကျော်ဇင်ထူးလူဝင်စားလို့ ဟန်ဆောင်ခဲ့တယ်၊ အဲဒါ ဘာသဘောလဲ ခ"

"ငါ ဟန်မဆောင်ပါဘူး၊ အားလုံးက ငါ့ကို ကျော်ဇင်ထူးနဲ့ တူတယ်ဆိုပြီး ကျော်ဇင်ထူးဝင်စားတဲ့လူလို့ သတ်မှတ်လိုက်ကြတာပါ၊ အေး…ဒါပေမယ့် ငါကလည်း မင်းပြောဖူးတဲ့စကားတွေထဲက မှတ်မိသမျှ ပြန်ပြောမိတယ် က၊ အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ခ၊ မင်းဟာ ကျော်ဇင်ထူးလူဝင်စားမှမဟုတ်တဲ၊ မဟုတ်ပဲနဲ့ ဘာလို့ ဟုတ်သယောင်ဟန်ဆောင်ရသလဲ"

"က,တကယ်တော့ လူဝင်စားဆိုတာ ဘဝဟောင်းက အဖြစ်တွေကို မှတ်မိနေလို့သာ ခေါ်ကြတာပါ က၊ လူတိုင်းမှာ ဘဝဟောင်း ဆိုတာရှိကြတာပဲ၊ ဘဝဟောင်းကို လူတိုင်းမမှတ်မိကြလို့သာ မှတ်မိတဲ့လူ က လူဝင်စားဆိုပြီး ထူးခြားနေတာပါ"

"မင်း ဘာကိုဆိုလိုချင်တာလဲ ခ"

"က…မင်းဟာ ကျော်ဇင်ထူးဝင်စားတဲ့သူ မှန်ပါတယ်၊ ဒါပေမယ့်…မင်းဟာ ကျော်ဇင်ထူးတော့မဟုတ်တော့ပါဘူး၊ ဒေါက်တာမြင့်သူနဲ့ ဒေါ်အေးအေးလွင်တို့ကမွေးလာတဲ့ သီးခြားလူ တစ်ယောက်ပါ၊ အရင် ဘဝကမိဘတွေနဲ့ ဘယ်လိုမှဆွေမျိုးမတော်စပ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဘာဖြစ်လဲ"

"လူဝင်စားဖြစ်တယ်ဆိုပြီး ဘဝဟောင်းကကျော်ဇင်ထူး နေရာကို ဝင်ယူလို့ မရနိုင်တော့ဘူးဆိုတာ သိစေချင်လို့ပါ ကဲ"

"အဲဒါနဲ့ မင်းက မန္တလေးကလူတွေကို ကျော်ဇင်ထူးဝင်စားတာ မင်းပါလို့ လိမ်ပြောထားတာနဲ့ ဘာဆိုင်သလဲ"

"ဒီမယ် က၊ ငါလိမ်ဖို့မရည်ရွယ်ခဲ့ဘူး၊ မမဖြိုးရဲ့ဓာတ်ပုံကို မြင်လိုက်ရတဲ့အချိန်မှာ ဒေါက်တာအေးမြင့်ကြည်က ငါ့ကိုကျော်ဇင်ထူး ဝင်စားပါတယ်လို့ယုံကြည်နေတာကို ငါခေါင်းညိတ်လိုက်တယ်"

"မမဖြိုး...ဟုတ်လား"

"ဟုတ်တယ်၊ ဖြိုးအိသွယ်လေ၊ ဓာတ်ပုံကိုမြင်တာနဲ့ မမဖြိုးကို ငါချစ်သွားတယ် က"

"ဘာကွ..."

"ငါပြောတာ ဆုံးအောင်နားထောင်ပါဦး က၊ မမဖြိုးကို ငါ ချစ်လို့ မမဖြိုးကို ချဉ်းကပ်ရလွယ်အောင် သူတို့ထင်နေတဲ့အတိုင်း ငါ ကိုယ်ငါ ကျော်ဇင်ထူးဝင်စားတဲ့လူလိုနေလိုက်တာပဲ"

"အဲဒီလိုလုပ်လို့ရမလား ခ၊ ဖြိုးကို မင်းမချစ်ရဘူး၊ ငါတစ် ယောက်လုံးရှိသေးတယ်၊ ဖြိုးဟာ အရင်ဘဝကတည်းက ငါနဲ့ချစ်ခဲ့တဲ့ ငါ့ချစ်သူ"

ခ,က က,ကို သရော်တော်တော်မျက်နှာပေးဖြင့် ပြန်ကြည့် လိုက်သည်။

"ငါပြောခဲ့ပါရော က,ရယ်၊ မင်းဟာ ကျော်ဇင်ထူးဝင်စားတာ မှန်ပေမယ့် ကျော်ဇင်ထူးမဟုတ်တော့ပါဘူးလို့၊ မမဖြိုးကို ငါချစ်ခွင့်ရှိ ပါတယ်"

"ဖြိုး...ဖြိုး...အိမ်ထောင်မကျသေးဘူးပေါ့"

က,က တစ်ကိုယ်တည်းရေရွတ်သလို တီးတိုးရေရွတ်လိုက် သည်။

"ခုပဲကြည့်လေ က၊ မင်းဟာ လက်ရှိ မမဖြိုးအကြောင်း ငါသိသလောက်မသိသေးဘူး၊ ငါက မန္တလေးကိုအရင်ရောက်ပြီး မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက ငါ့ကိုပဲ ကျော်ဇင်ထူးလူဝင်စားလို့ လက်ခံထားကြပြီး သားဖြစ်နေပြီကွ၊ မင်းနောက်ကျသွားပြီ ကာ”

“ဘာလို့နောက်ကျရမှာလဲ၊ အဖြစ်မှန်ကို ငါရှင်းပြမှာပေါ့”

“မဖြစ်နိုင်တော့ပါဘူး၊ ဒီမယ် ကာ၊ ငါပြောမယ်၊ လူဝင်စား ဖြစ်ရလို့ ဘာမှဂုဏ်ယူစရာမရှိပါဘူးကွာ၊ ဒါတွေမေ့လိုက်ပါ၊ မမဖြိုး ဟာ မင်းနဲ့ အရင်ဘဝက ဘယ်လိုပဲပတ်သက်ခဲ့,ပတ်သက်ခဲ့ လက်ရှိ ဘဝမှာ ငါနဲ့အရင်တွေ့တာပါ၊ မမဖြိုးကို ငါပဲချစ်ပါရစေ”

“တော်စမ်း ခ၊ မင်းဟာ သက်သက်ပြဿနာရှာနေတာပဲ”

“ပြဿနာရှာတာ ငါမဟုတ်ဘူး၊ မင်းပဲ ကာ၊ ငါ့ဟာငါ မန္တလေး မှာအဆင်ပြေနေတာကို ပြဿနာရှာဖို့ရောက်လာတာက မင်းပဲ”

“ဒီမယ် ခ၊ ကျော်ဇင်ထူးရဲ့အသိုင်းအဝိုင်းတစ်ခုလုံးကို ငါ သွားတွေ့မယ်၊ ရှင်းပြမယ်”

“လူဝင်စားအစစ်ဖြစ်တဲ့အကြောင်း မှတ်ပုံတင်ပြစရာ၊ ထင်ရှားတဲ့ အမှတ်အသားပြစရာ မလိုပါဘူး၊ လက်ဗွေလည်း နှိပ်စရာမလိုပါဘူး,ကာ၊ သွေးစစ်ကြည့်ဖို့လည်း မလိုဘူးလေ၊ လူဝင်စားဆိုတာ သတ်မှတ်ချက်ပါ၊ မန္တလေးက ကျော်ဇင်ထူးရဲ့အသိုင်းအဝိုင်းတစ်ခုလုံးက အရင်တွေ့ ရတဲ့ငါ့ ကိုပဲ ကျော်ဇင်ထူးလူဝင်စားလို့ လက်ခံပြီးကြပြီ၊ မင်းရုပ်က ကျော်ဇင် ထူးနဲ့တူသလို မင်းနဲ့အမြွှာညီအစ်ကိုဖြစ်တဲ့ငါ့ရုပ်ကလည်း ကျော်ဇင်ထူးပဲ လေ...

“နောက်မှရောက်လာတဲ့မင်း ဘယ်လိုပြောပြော လက်ခံကြတော့ မှာ မဟုတ်ဘူးကာ၊ အဲဒီတော့...မင်း အေးအေးဆေးဆေးပဲ နောက်ဆုတ် လိုက်ပါ, ကာ၊ ရန်ကုန်ကိုသာ ပြန်ပါတော့ကွာ”

“ဟော့ကောင် ခ၊ အမှန်တရားကိုဖုံးကွယ်လို့မရဘူးကွ”

“ကာ...စိတ်လျှော့လိုက်ပါကွာ၊ ငါက မင်းနဲ့နှစ်ယောက်တည်း ရှိလို့သာ ငါဟန်ဆောင်တာကို ဝန်ခံနေတာ၊ တခြားလူတွေရှေ့မှာ ငါ ကိုယ်သင်ငါ ကျော်ဇင်ထူးလူဝင်စားလို့ပဲပြောမှာပ်၊ ငါ့ကို အားလုံးက ကျော် ဇင်ထူးလူဝင်စားလို့ လက်ခံပြီးကြပြီ၊ မင်းနောက်ကျသွားပြီ ကာ၊ မင်း ပြောပြလည်း ဘယ်သူကမှယုံတော့မှာမဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ကြည့်ကြသေးတာပေါ့၊ ဒါဆိုရင် မင်းစိန်ခေါ် ရဲလား ခ"

"ဘာကိုလဲ"

"မင်း ဝင်ဆံ့ပြီးပါပြီ…မင်းကိုလက်ခံပြီးပါပြီဆိုတဲ့…ကျော်ဇင်ထူးအသိုင်းအဝိုင်းထဲကို မင်းနဲ့ငါ နှစ်ယောက်အတူတူ သွားမယ်လေ၊ သူတို့က ဘယ်သူ့ကိုလက်ခံမယ်ဆိုတာ မင်းစိမ်ခေါ်ရဲလား"

"ဟား…ဟား…ဟား…ရဲရဲကြီးစိမ်ခေါ်ရဲတာပေါ့ကွာ"

"ဒါဖြင့်…လာ၊ သွားကြမယ်"

"ဘယ်ကိုသွားမှာလဲ"

"ဖြိုးဆီကို မသွားခင်…ကျော်ဇင်ထူးအရင်နေခဲ့တဲ့အိမ်ကို သွားမယ်ကွာ"

"လုပ်လိုက်လေ"

■

ဦးကျော်ဇေယျနှင့်ဒေါ်နှင်းဆီတို့အိမ် အလံလမ်းတွင် ကားကို ချမ်းအေးက မောင်းလာခဲ့လေသည်။

ကိုခသည် မန္တလေးသို့ယနေ့မှရောက်လာသူက ကျော်ဇင်ထူး နေထိုင်ခဲ့ရာအိမ်ကို တန်းတန်းမတ်မတ်မောင်းလာနိုင်သည်ကိုကြည့်ပြီး အတော်ဖြုံသွားပေသည်။ သူ တော်တော်မှတ်မိတာပဲ။

ဒါပေမယ့်…ဦးကျော်ဇေယျနဲ့ဒေါ်နှင်းဆီက ငါ့ကိုပဲ သူတို့ သား ဝင်စားတာလို့ လက်ခံထားပြီးသားပဲလေ။ ကိုခ၊က ဖြေတွေးတွေး လိုက် သည်။

ကားလေးက ဦးကျော်ဇေယျတိုက်ရှေ့တွင် ထိုးရပ်လိုက်လေ သည်။

"အိမ်ကိုပြင်ထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုက,က အိမ်အနေအထားကိုတစ်ချက်ကြည့်၍ ပြောလိုက်ရင်းကားပေါ်မှဆင်းလိုက်လေသည်။

ပြီးတော့…ကိုခကို မစောင့်တော့ပဲ အိမ်ထဲသို့ပြေးဝင်သွားလေ၏။

ကိုကသည် အိမ်ရှေ့ခန်းမှာပင် ဧည့်ခန်းထဲသို့ထွက်လာသည့် ဒေါ်နှင်းဆီနှင့်ဆုံလိုက်ရလေသည်။

"မေမေ"

ကိုက,က ဒေါ်နှင်းဆီကို နှုတ်ဆက်လိုက်သည်။

"ဟော…သား မောင်ချမ်းငြိမ်းခပါလား၊ လာလေ…သား"

ဒေါ်နှင်းဆီက ကိုကကို ကိုခဟုပင်ထင်ကာ ပြောလိုက်ခြင်းဖြစ်လေ၏။

သို့သော်…ကိုကနောက်မှ ထက်ကြပ်လိုက်ပါလာသော ကိုခ,က ကိုကနှင့်အတူယှဉ်ရပ်လိုက်သည့်အခါတွင် ရုပ်တူလူနှစ်ယောက်ကို အတူတွဲတွေ့လိုက်ရ၍ ဒေါ်နှင်းဆီအံ့အားသင့်သွားလေ၏။

"အို…သူက…သူက သားရဲ့အမြွှာညီအစ်ကိုဆိုတာလား၊ အို…တူလိုက်ကြတာနော်၊ ရုပ်ချင်းတူလိုက်ကြတာကွယ်၊ နှစ်ယောက်စလုံးက မေမေ့သားမောင်ဇူး ရုပ်အတိုင်းပါပဲလား"

ဒေါ်နှင်းဆီက အိမ်ထဲအရင်ဝင်လာသောကိုကကို ကိုခဟု ထင်ပြီးနောက်မှလိုက်လာသောကိုခကိုတော့ ကိုကဟု မှားယွင်းထင်မြင်နေခြင်းဖြစ်ပါသည်။ ဒေါ်နှင်းဆီကို အဆိုးမဆိုသာပါ။ အမြွှာညီအစ်ကို၏ ရုပ်ရည်များကလည်း ပုံစံခွက်တစ်ခုတည်းတွင် ထည့်သွင်းသွန်းလုပ်ထားသည့် အရုပ်နှစ်ခုလို တူညီနေသည်မဟုတ်ပါလား။

"မေမေ…ကျွန်တော်က ချမ်းအေးက,ပါ၊ ဒီနေ့မှ မန္တလေးကို ရောက်လာတာပါ မေမေ"

"ဟင်…ဒါဖြင့်"

"မေမေ့သားကျော်ဇင်ထူးဝင်စားတာ…အမှန်က ကျွန်တော်ပါ၊ ကိုကဆိုတဲ့ ကျွန်တော် ချမ်းအေးကပါ မေမေ"

"ဘာကွယ့်"

"ဟား…ဟား…ဟား…ဒီကောင်လိမ်နေတာ မေမေ၊ သားကမှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထူးလူဝင်စား အစစ်ပါ၊ သားကိုပဲ မေမေတို့ သားလို့ လက်ခံထားပြီးသား ဆိုတာ ဒီကောင့်ကို ပြောပြလိုက်စမ်းပါမေမေ ရှယ်"

ကိုခက ကိုကကိုလှောင်ပြောင်သရော်ရင်း ပြောလိုက်လေ၏။

"အို···ဘာတွေလဲကွယ်"

ဒေါ်နှင်းဆီက နားမလည်နိုင်စွာရေရွတ်လိုက်သည်။

"ကျွန်တော်တို့အမြွှာညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်က မေမေတို့သား ကျော်ဇင်ထူးဝင်စားတဲ့သူဖြစ်ခဲ့ပါတယ်မေမေ၊ အဲဒါက တော့···ကျွန်တော် ချမ်းအေးကဆိုတဲ့ ကိုကပါ"

ကိုက,က ဒေါ်နှင်းဆီကိုရှင်းပြလိုက်သည်။

"ကျွန်တော်က ကျွန်တော့်အရင်ဘဝကို ငယ်ငယ်ကတည်းက ခဏခဏပြောပြလို့ ကိုခ သိနေတာပါမေမေ၊ ဒီမန္တလေးကိုသူကအရင်ရောက်လာတော့ ကျော်ဇင်ထူးအသိုင်းအဝိုင်းကလူတွေကို သူ့ကိုယ်သူ ကျော်ဇင်ထူးဝင်စားတဲ့လူဆိုပြီး လိမ်ညာနေတာပါမေမေ"

"အို···သားတို့ရယ်၊ မေမေ့အတွက်တော့ မေမေ့သား မောင်ထူးရဲ့ရုပ်ရည်နဲ့တူတဲ့ သားတို့နှစ်ယောက်လုံးကို မေမေ့သားလို့ပဲ အောက်မေ့ပါတယ်ကွယ်"

"ဒီပြဿနာက ဒီလောက်နဲ့မပြီးပါဘူးမေမေ၊ မေမေကိုယ်တိုင် ဆုံးဖြတ်ကြည့်ပါဦးမေမေရယ်၊ မေမေ့သားကျော်ဇင်ထူးဝင်စားတဲ့သူဟာ ကျွန်တော်တို့နှစ်ယောက်ထဲက ဘယ်သူဖြစ်နိုင်တယ်ဆိုတာ အမေတစ်ယောက်ရဲ့မေတ္တာနဲ့ ဆုံးဖြတ်ကြည့်ပေးပါမေမေ"

ဒေါ်နှင်းဆီခေါင်းရှုပ်သွားလေ၏။

"မေမေမဆုံးဖြတ်တတ်ပါဘူးငါ့သားတို့ရယ်၊ မင်းတို့နှစ်ယောက်စလုံးဟာ မေမေမွေးထားတာမဟုတ်ဘူးလေ၊ ဘယ်လိုဆုံးဖြတ်လို့ရမှာလဲကွယ်၊ မေမေ့ဖက်ကတော့ မင်းတို့နှစ်ယောက်စလုံးဟာ သေသွားတဲ့ မေမေ့သားမောင်ထူးနဲ့တူနေတယ်၊ ဒီတော့···နှစ်ယောက်စလုံးကိုပဲ မေမေ့သားလို့ မေမေမှတ်ပါတယ်ကွယ်"

ကိုက,က သက်ပြင်းချလိုက်သည်။

ကိုခကတော့ ပြုံးဖြီးဖြီးကြီးလုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဆီအတွက်တော့ ဘာကြောင့် ကျော်ဇင်ထူးဝင်စားသူအဖြစ် အလုအယက်ငြင်းခုန်နေကြတယ်ဆိုတာကို စဉ်းစားမရဖြစ်နေလေသည်။

"ဒါနဲ့…ဖေဖေရော မေမေ၊ ဖေဖေရှိသေးတယ် မဟုတ်လားဟင်၊ ပြီးတော့…ညီမလေးရော…ညီမလေးဥမ္မာကျော်ရော မေမေ"

"သြော်…ငါ့သားကို ကိုခက ပြောပြမထားရသေးဘူးကိုး"

"ကျွန်တော် ဒီမနက်ပဲ မန္တလေးရောက်လာတာပါမေမေ"

"မင်းညီမလေးက အမေတို့နဲ့အတူပဲနေပါတယ်၊ အခုတော့ ကလေးကျောင်းသွားပို့နေတယ်၊ သူ အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်ရနေပြီလေ"

"သြော်…"

"မင်းအဖေကတော့ လေဖြတ်နေတယ်ကွယ်၊ ဘုရားခန်းထဲမှာရှိပါတယ်၊ မေမေ ခုပဲ မင်းတို့အဖေကို ထမင်းကျွေးပြီးတယ်"

"ဟင်…ဖေဖေလေဖြတ်နေတယ်၊ ဟုတ်လား"

စကားဆုံးသည်နှင့် ကိုကကက ဘုရားခန်းဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

ဘုရားခန်းခန်းဆီးကိုလှပ်လိုက်သည်နှင့် ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသော ဦးကျော်ဇေယျကို မြင်လိုက်ရလေသည်။

"ဖေဖေ"

ကိုကသည် ဦးကျော်ဇေယျဆီသို့ပြေးသွားလိုက်သည်။

"ဖေဖေ…ဖေဖေ…ဖြစ်ရလေဖေဖေရယ်၊ ဖေဖေခုလို ဖြစ်တာဘယ်လောက်ကြာပြီလဲဟင်"

ကိုက ဦးကျော်ဇေယျကို မေးနေစဉ်တွင် ဒေါ်နှင်းဆီနှင့်ကိုခတို့ ဘုရားခန်းထဲသို့လိုက်လာကြသည်။

ဦးကျော်ဇေယျသည် ကိုကနှင့်ကိုခကို တစ်လှည့်စီကြည့်ရင်းအံ့သြနေလေ၏။

"မောင်ထူး…မောင်ထူးနှစ်ယောက်"

ဦးကျော်ဇေယျက ဗလုံးဗထွေးဖြင့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဖေယျ၊ ကျွန်မတို့သားမောင်ထူးဝင်စားတဲ့ကလေး က အမြွှာညီအစ်ကိုရှိတယ်လေ၊ တစ်ယောက်က ဒီနေ့မှရောက်လာတာ၊ ရှင် ကျွန်မပြောတာ နားလည်ရဲ့လား"

"အေး…သိတယ်"

"ကြည့်ပါဦးကိုကျော်ဖေယျရယ် နှစ်ယောက်စလုံးက ကျွန်မ တို့သားမောင်ထူးနဲ့ရုပ်ချင်းတူလိုက်ကြတာနော်"

"နှစ်ယောက်…နှစ်ယောက်၊ မောင်ထူးနှစ်ယောက်ပြန်လာ တယ်"

"ဖေဖေရယ် ကျွန်တော်တို့နှစ်ယောက်ထဲမှာ ဖေဖေ့သား အစစ်က ဘယ်သူဆိုတာ ဖေဖေသိလားဟင်"

"နှစ်ယောက် နှစ်ယောက်၊ ငါ့သားနှစ်ယောက်၊ နှစ်ယောက် စလုံး ငါ့သား"

ကိုက,က သက်ပြင်းချလိုက်သည်။

ကိုက,သည် ဦးကျော်ဖေယျ၏လက်နှစ်ဖက်ကိုဆုပ်နယ်ပေး ရင်း မှ ဖခင်ကြီးကို စိတ်မကောင်းစွာ မော်ကြည့်နေမိသည်။

"ဖေဖေလေဖြတ်သွားတာ ဘယ်တုံးကလဲမေမေ"

"ငါးနှစ်ရှိပြီသား၊ လေဖြတ်သွားလို့ အသက်ခြောက်ဆယ် မပြည့်သေးပဲ ပင်စင်ယူလိုက်ရတယ်လေ"

ဒေါ်နှင်းဆီက ပင်စင်ယူလိုက်ရတယ်လို့ပြောမှ ဦးကျော်ဖေယျ သည် အစိုးရဝန်ထမ်းအရာရှိတစ်ဦးဖြစ်ခဲ့တာကို ကိုကမှတ်မိသွားလေ သည်။ ဖေဖေဟာ စိုက်ပျိုးရေးဌာနက အရာရှိကြီးတစ်ဦးဆိုတာကို သတိ ရသွားသည်။

တစ်ဆက်တည်းပင်…ဦးကျော်ဖေယျ ကြုံတွေ့ခဲ့ရသော ပြဿနာ ကြီးတစ်ခုကို ကိုက သတိရလိုက်လေသည်။ ထိုအဖြစ်ကို ယခင်က မမှတ်မိပါ။ ယခုမှပင် ဦးကျော်ဖေယျကိုကြည့်ရင်း သတိရလာခြင်းဖြစ် သည်။

သူ ကျော်ဇင်ထူးဘဝတုန်းက ဖခင်ကြီးဦးကျော်ဖေယျသည် အရှင်းရခက်ခဲသောပြဿနာတစ်ရပ်နှင့်ရင်ဆိုင်ခဲ့ရသည်။ ထိုပြဿနာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းနေဆဲအချိန်မှာပင် သူသေဆုံးခဲ့ခြင်းဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အရှက်တကွဲအကျိုးနည်းဖြစ်လုနီးပါး ကြုံခဲ့ရသည့် ထိုပြဿနာကြီးကို ဘယ်လိုဖြေရှင်းလိုက်ပါလိမ့်။ ဖြေရှင်းလို့ မရပဲ အရှက်တကွဲဖြစ်ခဲ့လေသလား။ သူသိချင်လာသည်။

"မေမေ ...ဖေဖေ့ရဲ့ဟိုကိစ္စကို ဘယ်လိုရှင်းလိုက်လဲမေမေ"

ဒေါ်နှင်းဆီက ကိုကကို တအံ့တသြပြန်ကြည့်ရင်း...

"ဘယ်ကိစ္စလဲ သား"

"မဗေဒါ...ချောင်းဦးကမဗေဒါနဲ့ ဖြစ်တဲ့ပြဿနာလေ"

"အို...အမယ်လေး"

ကိုကနှုတ်မှစကားကိုကြားရသည်နှင့် ဒေါ်နှင်းဆီကိုယ်သည် နောက်သို့ပင်ယိုင်သွားကာ အထိတ်တလန့်ဖြစ်သွားလေ၏။

ဒေါ်နှင်းဆီက သူ့ရင်ဘတ်သူ လက်ဖြင့်ဖိရင်း ...

"ဒါကို...ဒါကို မင်းမှတ်မိတယ်၊ မင်းသိတယ်၊ ဟုတ်လား"

"အခုမှ...ဖေဖေ့ကိုကြည့်ရင်း သတိရလာတာပါမေမေ၊ ကျွန်တော်ဆယ်တန်းဖြေခါနီးမှာ အဲဒီကိစ္စကြီး ဝင်လာတာလေ၊ ကျွန်တော်တို့ မဗေဒါကြောင့် တော်တော်စိတ်ရှုပ်ခဲ့ရတာမဟုတ်လား၊ မဗေဒါနဲ့ ဘယ်လိုရှင်းလိုက်ရလဲ၊ ကျွန်တော်သိပါရစေမေမေ"

"ဒီကိစ္စကိုသိတဲ့လူဆိုလို့ လောကမှာ တို့လင်မယားနှစ်ယောက်ပဲရှိတယ်၊ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားခဲ့ကြတယ်၊ သေသွားတဲ့ ကိုသားမောင်ထူးကတော့ ဒါတွေကိုသိသွားခဲ့တယ်၊ အဖေအတွက်လည်း သိပ်ပြီးပူပန်ရှာတယ်၊ ဒါတွေကို မင်းကသိနေတယ်ဆိုတော့ မင်းဟာ ကိုသားမောင်ထူးဝင်စားတဲ့လူဆိုတာ သေချာသွားပြီပေါ့"

ကိုက,က ကိုခကို လှမ်းကြည့်လိုက်သည်။ ကိုခသည် ကိုက နှင့်ဒေါ်နှင်းဆီ ပြောစကားများကိုနားထောင်ရင်း မျက်နှာ ဖျက်နေလေသည်။

"ကြားတယ်မဟုတ်လား ခ၊ အခုငါပြောနေတဲ့အကြောင်းအရာ ဟာ တို့မိသားစုထဲမှာ တိုးတိုးကြိတ်ကြိတ်ဖြစ်ခဲ့တဲ့ပြဿနာ၊ ဘေးလူ သွေမသိအောင်ဖုံးဖိထားခဲ့တဲ့ပြဿနာပဲ၊ ဒါကို ငါပြန်ပြောနိုင်တာ ငါ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထူးလှုစင်စားမို့ဆိုတာကို မေမေက ယုံသွားပြီ၊ မင်း ဘာတက် နိုင်သေးလဲ ခ”

“တောက်…”

ကိုခ,က ကြိတ်မနိုင် ခဲမရဟန်ဖြင့် တက် ခေါက်လိုက်လေ သည်။

“နားထောင်ဦးကိုခ၊ ဖြစ်ပုံက ဒီလိုကွ…ဖေဖေဟာ ငါ ခြောက် တန်းနှစ်ကနေ ဆယ်တန်းနှစ်အထိ အလုပ်နဲ့ ချောင်းဦးမြို့ကို ပြောင်းရ တယ်၊ ငါဆယ်တန်းဖြေခါနီးမှ မန္တလေးကိုပြန်ရောက်လာတာ၊ ဖေဖေ ချောင်းဦးကိုပြောင်းရတဲ့အချိန်မှာ မေမေက ချောင်းဦးကို လိုက်မသွားနိုင်ဘူး၊ ငါတို့ မောင်နှမကလည်း မန္တလေးမှာကျောင်းတက်လက်စနဲ့ဆိုတော့ ချောင်းဦးမှာ ဖေဖေတစ်ယောက်တည်းနေရတာပေါ့”

ပြောရင်း ကိုက, ဦးကျော်ဇေယျကို မော်ကြည့်လိုက်သည်။

“ဒီအကြောင်းတွေ သားပြောပြပါရစေဖေဖေ၊ သားကိုခွင့်ပြုပါ”

ဦးကျော်ဇေယျက ခေါင်းညိတ်ပြသည်။

“ချောင်းဦးမှာ သုံးနှစ်ကျော်လေးနှစ်လောက်နေခဲ့ရတဲ့ကာလ အတွင်းမှာ ဖေဖေဟာ ချောင်းဦးကမိန်းမတစ်ယောက်နဲ့ငြိစွန်းခဲ့တယ် ကိုခ၊ အဲဒီမိန်းမကတော့…ခုန ငါပြောတဲ့ မဗေဒါဆိုတဲ့မိန်းမပဲ”

“ဖေဖေမန္တလေးပြန်ရောက်လာတဲ့အချိန်မှာ မဗေဒါ လိုက်လာ တယ်၊ သူ့မှာ ဖေဖေနဲ့ရတဲ့ကိုယ်ဝန်ကျန်ခဲ့လို့တဲ့၊ သူ့ကိုလျော်ကြေးပေးဖို့ လာပြီးတောင်းဆိုတာပဲ၊ အဲဒီပြဿနာကြီးဖြစ်နေတဲ့အချိန်မှာပဲ ငါ ဆယ်တန်းဖြေခဲ့ရတယ်”

“ဟုတ်တယ်…အဲဒီတုန်းက သားကဆယ်တန်းဖြေခါနီး၊ ဟို မိန်းမကလာရှုပ်နဲ့၊ မေမေတို့မှာတော်တော်ဦးနှောက်ခြောက်ခဲ့ရတယ်ကွယ်၊ သားကို ဒါတွေထည့်မစဉ်းစားနဲ့၊ စာမေးပွဲကိုသာ အောင်အောင်ဖြေပါလို့ မေမေတိုက်တွန်းခဲ့တာရော မှတ်မိသေးလားသား”

“မှတ်မိပါတယ်မေမေ၊ သားတို့အောင်စာရင်းထွက်ပြီးတဲ့အခါ အဲဒီကိစ္စကမပြတ်သေးဘူးလေ၊ မဗေဒါဆိုတဲ့မိန်းမ ချောင်းဦးကနေ မန္တလေးကို ခဏခဏရောက်လာပြီး ဖေဖေ့ကို ကလေးအဖေနာမည် ခံခိုင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ့ကိုမွေးဖွားစရိတ်ပေးဖို့ရယ်၊ သူ့ကိုလက်ထပ်ယူပါဆိုပြီး လာလာ တောင်းဆိုနေတယ်၊ အဲဒီတုန်းမှာ…သားသေသွားရလို့ ဘယ်လို ဖြစ်ကျန် ခဲ့တယ်ဆိုတာ မသိဘူးမေမေ၊ ဘာဆက်ဖြစ်တယ်ဆိုတာ သားကို ပြော ပြပါဦး"

"သားဖေဖေ မဗေဒါနဲ့ငြိစွန်းခဲ့တာတော့ အမှန်ပဲကွယ့်၊ သား ဖေဖေကလည်း ဝန်ခံပါတယ်၊ ယောကျ်ားပီပီဝန်ခံလို့ မေမေကလည်း ခွင့်လွှတ်လိုက်ပါတယ်သားတို့ရယ်၊ သူလည်းနောင်တရနေရှာပါပြီ၊ ဒါတွေ သားသိပြီးသားပါ၊ မဗေဒါ ကျေနပ်အောင်ဘယ်လိုလုပ်ရမယ်ဆိုတာသာ မေမေတို့မှာ ခေါင်းခဲနေရတာလေ၊ သူတောင်းတဲ့လျော်ကြေး ပေးလိုက် တော့ရော နောက်တစ်ခါလာပြီးတောင်းဆိုနေရင် မခက်ဘူးလား"

"ဟုတ်တာပေါ့မေမေ"

"သားကွယ်လွန်ပြီးနောက်ပိုင်းမှာ မေမေတို့ ဒီပြဿနာကို အပြတ်ဖြေရှင်းလိုက်ပါတယ်"

"ဘယ်လိုလဲမေမေ"

"တကယ်တော့ သားဖေဖေက သားညီမလေးဥမ္မာကျော်ကို မွေးပြီးကတည်းက နောက်ထပ်သားသမီးမရအောင် သားကြောဖြတ် ထားပြီးသားကွယ့်"

"ဟင်…"

"မဗေဒါကို ဆရာဝန်ဆီခေါ်သွားပြီး မင်းအဖေသားကြော ဖြတ်ထားတာကို ပြန်စစ်ဆေးခိုင်းပြီး ထောက်ခံခိုင်းရတာပေါ့ကွယ်"

"ဪ…"

"ဒီတော့ …ကိုယ်ဝန်ဟာ မင်းအဖေနဲ့မဆိုင်ဘူး၊ မဗေဒါဟာ မင်းအဖေအပြင် တခြားယောကျ်ားတွေနဲ့လည်း ဖောက်ပြန်ခဲ့တယ်ဆိုတာ ပေါ်သွားတာပေါ့၊ ဒါပေမယ့်…မေမေတို့က သူ့ကို လျော်ကြေးအနေနဲ့ ငွေတစ်သိန်းထောက်ပံ့လိုက်ပါတယ်ကွယ်၊ တစ်သိန်းဆိုတဲ့ငွေဟာ အဲဒီ တုန်းက အများကြီးပါသား"

"ဟုတ်တာပေါ့မေမေ၊ ကဲ…ကိုခ၊ ကြားတယ်နော်၊ အဲဒီ သောတ် လျှို့ဝှက်ထားတဲ့ မိသားစုအတွင်းရေးကိစ္စကို ငါ ပြန်ဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြောနိုင်တယ်၊ မေမေကလည်း မေမေ့သားကျော်ဇင်ထူးဝင်စားတဲ့သူက ကျွန်တော်ချမ်းအေးကဆိုတာ ယုံပြီမဟုတ်လားဟင်"

"ယုံပါပြီသားရယ်၊ ကိုကရယ် ..."

"ဒါဖြင့်...လိုအပ်လာတဲ့အခါ ကျော်ဇင်ထူးလူဝင်စားအစစ်ဟာ ကျွန်တော်ဖြစ်ကြောင်း မေမေက ထောက်ခံပေးပါနော်မေမေ"

"ထောက်ခံရမယ်၊ ဟုတ်လား၊ သားဖေဖေရဲ့ငယ်ငယ်က အဖြစ်ကြီးကိုထုတ်ဖော်ပြောပြီးမှ ထောက်ခံရမယ်ဆိုရင်တော့ မဖြစ်ဘူးသား"

"ဗျာ..."

"သားစဉ်းစားကြည့်လေ၊ မင်းအဖေဟာ ခုအချိန်မှာ ဝေဒနာခံစားနေရတဲ့လူမမာကြီးပါ၊ သူ့အမှားတွေကိုဝန်ခံပြီး နောင်တလည်းရပြီးပါပြီ၊ ဇနီးဖြစ်တဲ့မေမေကိုယ်တိုင်တောင် ခွင့်လွှတ်ထားပြီးပါပြီသား၊ ဘယ်သူမှမသိအောင်လည်း လျှို့ဝှက်ထားတာပါ၊ သမီးဦးမွှာကျော်တောင် ဒီအကြောင်းတွေ မသိပါဘူးကွယ်၊ ဒီအသက်အရွယ်ရောက်မှ ဒါကိုပြန်ဖော်ထုတ်ပြီး ထောက်ခံချက်ပေးရမယ်ဆိုရင်တော့...မင်းအဖေ သေခါနီးမှအရှက်ကွဲရချည်ရဲ့သားရယ်"

"သားဆိုလိုတာက ဒီလိုမဟုတ်ပါဘူးမေမေ၊ လိုအပ်လာတဲ့ အခါ အမေတစ်ယောက်အနေနဲ့ ကျော်ဇင်ထူးဝင်စားတဲ့သူဘယ်သူဆိုတာ သိတဲ့အကြောင်း ပြောပြရုံပါ၊ ဒါကိုဖော်ထုတ်ပြီး သက်သေပြစရာမလိုပါဘူး"

"မေမေတို့ကတော့ လူဝင်စားအစစ်က ဘယ်သူပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်စလုံးကို ကိုယ့်သားတွေလိုပဲ သဘောထားပါတယ် ငါ့သားတို့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ရုပ်ရည်တွေက တို့သားမောင်ထူးနဲ့တူနေလို့ပဲကွယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

ဦးကျော်ဇေယျကလည်း စကားသံလေးလေးပင်ပင်ဖြင့် ပြောလိုက်လေသည်။

"ပြန်မယ် ကာ၊ ငါတို့ပြန်ကြစို့"

ကိုခက ပြောရင်း ဘုရားခန်းထဲမှထွက်သွားလေသည်။

"သား...ကိုခ"



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်နှင်းဆီက ကိုခကိုလှမ်းခေါ်လိုက်သည်။
ကိုခက ပြန်လှည့်ကြည့်လိုက်သည်။
"လူဝင်စားအစစ်က ကိုကာဆိုမှမမယ် မင်းကိုလည်း တို့သား လိုပဲသဘောထားတယ်ဆိုတာ သိထားပါနော်ကိုခ၊ အရင်အတိုင်းပဲ မေမေတို့အိမ်ကိုလာပါ၊ ဝင်ပါထွက်ပါကွယ်"
ကိုခက ဘာမျှပြန်မပြောပဲ အိမ်ရှေ့ကိုထွက်သွားလေသည်။
"ကိုခ စိတ်မကောင်းဖြစ်သွားပြီထင်ပါရဲ့ကွယ်"
"မဟုတ်ပါဘူးမေမေ၊ သူရှက်သွားတာပါ"
"အို..."
"သူ လူဝင်စားဟန်ဆောင်တာ သူ့မှာအကြံရှိတယ်မေမေ၊ သူ့ အကြောင်းတွေပေါ်သွားလို့ ရှက်သွားတာပါ၊ မေမေကသာ အရေးကြုံ လာရင် မေမေ့သားဝင်စားတဲ့လူဟာ ကျွန်တော်ချမ်းအေးကပါလို့ ပြော ပေးပါမေမေရယ်"
"ကောင်းပါပြီသားရယ်"
"သား သွားဦးမယ်၊ မေမေနဲ့ဖေဖေကို သားကန်တော့ခဲ့ပါ ရအေး သားညီမလေးနဲ့လည်းတွေ့ချင်ပါသေးတယ်၊ သား ဒီအိမ်ကို နေ့တိုင်း လာခဲ့ပါမယ်မေမေ"

■

အပြန်တွင် ကားကို ကိုခကမောင်းလာခဲ့၏။ တစ်လမ်းလုံး ကိုခ စကားမပြောပေ။ ဆေးရုံကိုပြန်ရောက်သည်နှင့် သူတို့နေသော တိုက်ကလေး ရှေ့တွင်ကားရပ်လိုက်ကာ ကိုခ သူ့အခန်းထဲသို့ဝင်သွားလေသည်။
ကိုက,ကတော့ ကိုခတစ်ယောက် သူ့လုပ်ရပ်အတွက် ရှက်သွား ပြီလို့ပင်ထင်နေသည်။
ကိုကသည် ဆေးရုံထဲသို့ထွက်ခဲ့ကာ ဒေါက်တာအေးမြင့်ကြည်ကို ရှာကြည့်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးမြင့်ကြည် ခွဲစိတ်ခန်းဝင်နေ၍ မတွေ့ရ။ ဒေါက်တာ သာလွန်ဦးကိုသာ တွေ့ရလေသည်။

ကိုက,က ဒေါက်တာသာလွန်ဦးကိုပင် သိချင်သမျှမေးကြည့်လိုက်သည်။

"ကိုခက သူ့ကိုယ်သူ ကျော်ဇင်ထူးဝင်စားတာပါလို့ သူကိုယ်တိုင်က စ,ပြောတာလားဒေါက်တာ"

ဒေါက်တာသာလွန်ဦးက ပြန်စဉ်းစားကြည့်ရင်းမှ တွေးတွေးဆဆဖြေသည်။

"မဟုတ်ဘူးကိုက၊ ကိုခ မန္တလေးကိုရောက်ပြီး တစ်လလောက်ကြာမှ ဒီလူဝင်စားကိစ္စပေါ်လာတာ၊ အကြည်က ကိုခကိုမြင်မြင်ချင်း သေသွားတဲ့သူ့သူငယ်ချင်းကျော်ဇင်ထူးနဲ့တူတယ်လို့ ခဏခဏပြောတယ်လေ၊ ဒါပေမယ့် ကိုခနဲ့ စကားမစပ်မိကြဘူး၊ တစ်နေ့ ..."

ဒေါက်တာသာလွန်ဦးက စဉ်းစားရင်းမှပြန်ပြောပြလေသည်။

"ဟုတ်တယ်၊ အဲဒီနေ့က ကိုယ်ကပဲ ကိုယ့်အမျိုးသမီးက ကိုခကို သေသွားတဲ့သူ့သူငယ်ချင်းနဲ့တူတယ်လို့ ပြောတဲ့အကြောင်းကို ပြောမိတယ်၊ အဲဒီတော့မှ ကိုခက သေသွားတဲ့သူငယ်ချင်းဆိုတာ ကျော်ဇင်ထူးများလားလို့ မေးရင်းက နောက်ကြောင်းတွေကို ဖော်ဖြစ်တာပါကိုက"

"တကယ်သာ ကိုခဟာ ကျော်ဇင်ထူးလူဝင်စားအစစ်ဖြစ်ရင် အကြည့်ကိုတွေ့ကတည်းက မေးရမှာပေါ့ဒေါက်တာ၊ စဉ်းစားကြည့်လေ၊ အကြည်ကစပြီးပြောမှ သူ့ကိုယ်သူ ကျော်ဇင်ထူးလူဝင်စားပါလို့ပြောတာ ကျွန်တော်ပြောပြတဲ့အဖြစ်တွေ သူသိနေလို့ ပြောနိုင်တာပါ၊ ဟုတ်တယ်မဟုတ်လားဒေါက်တာ"

ဒေါက်တာသာလွန်ဦးက မျက်မှောင်တွန့်အောင် စဉ်းစားနေ၏။

"ဟုတ်ပါတယ်၊ အခု ကိုက,က အကျိုးနဲ့အကြောင်းနဲ့ရှင်းပြမှ ကိုယ်လည်းစဉ်းစားမိတယ်"

ကိုကနှင့်ဒေါက်တာသာလွန်ဦးစကားပြောနေစဉ်တွင် ဒေါက်တာအေးမြင့်ကြည် ခွဲခန်းထဲမှထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးမြင့်ကြည်ကိုလည်း ဒေါက်တာသာလွန်ဦးကို မေးသည့်အတိုင်း မေးကြည့်လိုက်ပါ၏။

"အကြည်လည်း ကိုခရုပ်က ကျော်ဇင်ထူးနဲ့ချုတ်စွပ်တူနေတော့ သူက ကျော်ဇင်ထူးဝင်စားတယ်လို့ ပြောတာကို လွယ်လွယ်ပဲ ယုံလိုက်တယ်ကိုက၊ ဒီလိုအဖြစ်မျိုးက လိမ်ပြောစရာအကြောင်းလည်း မရှိဘူးလို့ထင်တာကိုး"

"ဟုတ်ပါပြီ၊ ထားပါတော့၊ ဖြိုးတို့ အောင်မြင့်မြတ်တို့ကို ကိုခသွားတွေ့တဲ့အချိန်မှာရော၊ သူက ဖြိုးတို့ကို သိပြီးသားဖြစ်နေသလားအကြည်"

ဒေါက်တာအေးမြင့်ကြည် တွေသွားပြန်သည်။

"ဖြိုးဓာတ်ပုံကို အကြည်ပြလိုက်မိတယ်ကိုက၊ ဖြိုးကိုမတွေ့ခင်ကတည်းက ဖြိုးဓာတ်ပုံကို သူမြင်သွားတယ်လေ၊ အို...ဟုတ်သားပဲ၊ ကြည့်စမ်း၊ ကျော်ဇင်ထူးမိဘတွေအိမ်သွားတုန်းကလည်း ကျော်ဇင်ထူးဘကြီးကို အဖေနဲ့လူမှားခဲ့သေးတယ်တဲ့၊ ဖြိုးက ပြန်ပြောဖူးတယ် ကိုက"

"ပြီးတော့...အောင်မြင့်မြတ်ဓာတ်ပုံကိုလည်း ကြိုပြီး တောင်းကြည့်သေးတယ်မဟုတ်လား အကြည်"

ဒေါက်တာသာလွန်ဦးက မေးလိုက်သည်။

"ဟုတ်တယ်၊ သူငယ်ချင်းကိုတွေ့ရင် မမှတ်မိမှာစိုးလို့တဲ့၊ အကြည်လည်း ငယ်ငယ်ကဓာတ်ပုံတွေအကုန်ယူလာပြီး ကိုခကိုပြလိုက်တယ်"

"အဲဒါဟာ ကိုခအတွက် ဟန်ဆောင်ဖို့ ပိုပြီးလွယ်သွားတာပေါ့ အကြည်ရယ်"

"ဒါတွင် ဘယ်ဟုတ်ဦးမလဲ၊ အကြည်က ငယ်ငယ်ကအကြောင်းတွေ အကုန်လုံး အိတ်သွန်ဖာမှောက်ပြောပြလိုက်သေးတယ်လေ၊ အင်း ဒါတွေအကြည့်အပြစ်လို့ပြောလို့မရပေမယ့် ခုတော့ ပြဿနာက ဗိုရှင်းထွေးဖို့ဖြစ်လာတာပေါ့ကွာ"

"အကြည့်ကိုကျွန်တော်အပြစ်မတင်ပါဘူးဒေါက်တာ၊ အကြည်က သူသိသမျှသတင်းကို ဦးအောင်ပြန်ပြောချင်တာ ငယ်ငယ်ကတည်းကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကရှယ်၊ ဒါဖြင့် ကျော်ဇင်ထူးဝင်စားတဲ့လူအစစ်က ကိုက ပေါ့နော်"

"ကိုခရော ကျွန်တော်ရော နှစ်ယောက်အတူတူ ဦးကျော်ဇေယျနဲ့ဒေါ်နှင်းဆီအိမ်က ခုပဲပြန်လာခဲ့တာပါအကြည်၊ ဟိုတုန်းက ဘယ်သူမှမသိတဲ့အဖြစ်တစ်ခုကို ကျွန်တော်က ပြန်ပြောနိုင်လို့ ဒေါ်နှင်းဆီကိုယ်တိုင်က သူ့သားဝင်စားတာ ကျွန်တော်ပါဆိုတာ လက်ခံလိုက်ပါပြီ"

"ဟင်···ဟုတ်လား၊ ဘာအဖြစ်လဲဟင်"

"အဲဒါတော့···မိသားစုအတွင်းရေးမို့ မပြောပါရစေနဲ့ အကြည်"

"အကြည်ကလဲကွာ···မိသားစုအိမ်တွင်းရေးပါဆိုမှ ဘာလို့မေးနေရတာလဲ"

"ဆောရီးပါ ကိုက"

"ဒေါက်တာနဲ့အကြည်ကရော ကျော်ဇင်ထူးဝင်စားတဲ့သူက ကျွန်တော်ဆိုတာ ယုံကြရဲ့လားဟင်"

"ယုံပါတယ်ကိုက၊ ဒါပေမယ့်···ကိုကအနေနဲ့ အမှန်ကို ဒီကလူတွေလက်ခံအောင် တော်တော်ဖြေရှင်းရလိမ့်မယ်ထင်တယ်၊ အားလုံးက ကိုခကိုပဲ ကျော်ဇင်ထူးဝင်စားတယ်လို့ လက်ခံထားကြတယ်လေ"

"ယုံအောင်ကျွန်တော်ဖြေရှင်းရမှာပေါ့လေ၊ ဒါနဲ့···ကိုခက ဘာလို့သူကိုယ်သူ ကျော်ဇင်ထူးလူဝင်စားလို့ ဟန်ဆောင်ရတာလဲ၊ ဒေါက်တာတို့ ဘယ်လိုထင်သလဲ"

"အဲဒါကတော့ ရှင်းပါတယ်ကိုက၊ သူ ဖြိုးအိသွယ်ရဲ့အချစ်ကို လိုချင်လို့ပေါ့"

"ဗျာ···"

"ဟုတ်တယ်ကိုက၊ ကိုခက ဖြိုးကို အရင်ဘဝကလိုပဲ သူ့ကို ပြန်ချစ်ပါလို့ တောင်းဆိုနေတယ်၊ ဒါကိုအကြည်သိတယ်"

"ဟာ···ဖြိုး···ဖြိုးကရောဗျာ"

"ဖြိုးကတော့ လူဝင်စားက လူဝင်စားပဲ၊ အချစ်ကအချစ်ပဲ ဆိုပြီး ကိုခ ,ပရိယိုစ်လုပ်တာကို စဉ်းစားနေဆဲပါကိုက၊ အဖြေပြန်မပေး သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးဆီကိုကျွန်တော်သွားမယ်၊ ဖြိုးကိုအဖြစ်မှန်တွေရှင်းပြမယ် အကြည်"

ကိုက, ထိုင်ရမှထလိုက်သည်။

"ဖြိုးတို့ အရင်အိမ်မှာပဲနေတာမဟုတ်လားအကြည်"

"ဟုတ်တယ်၊ ခုအချိန်တော့ ဆိုင်မှာပဲရှိဦးမယ်၊ ဆိုင်ကလည်း အရင်နေရာမှာပဲ၊ အဲ...ဒါပေမယ့်...ဈေးချိုဆိုင်ခန်းတွေက ပြင်ဆောက်ထားတော့ အရင်နဲ့မတူတော့ဘူး၊ ကိုက ဆိုင်ကိုလိုက်မသွားပါနဲ့၊ အိမ်ကိုပဲသွားပါကိုက၊ အကြည်ဂျူတီထွက်မှ အကြည်နဲ့အတူတူ လိုက်ခဲ့လေ"

"ဟုတ်ပါတယ်ကိုက၊ ဆိုင်ကိုလိုက်သွားရင် ဖြိုးအိသွယ် စိတ်ရှုပ်သွားလိမ့်မယ်၊ ညနေကျမှ ကိုယ်တို့လင်မယားပါလိုက်လာပြီး ရှင်းပြပေးပါ့မယ်"

"ကောင်းပါပြီလေ၊ ဖြိုး အဖြစ်မှန်ကိုယုံတန်ကောင်းပါရဲ့ဗျာ"

■

ဖြိုးအိသွယ်ဆီကို ကိုက မသွားခင်အချိန်မှာပင် ကိုခက ရောက်နေပြီးဖြစ်ပါသည်။

ကိုခသည် ကိုကနှင့်အတူ ကျော်ဇင်ထူးမိဘများအိမ်ကပြန်လာပြီးကတည်းက သူ့အခြေအနေသူ မဟန်မှန်းသိကာ ဖြိုးအိသွယ် ဆီ ဦးအောင်သွား၍ အယုံသွင်းနေခြင်းပင်ဖြစ်ပါ၏။

ချမ်းငြိမ်းခ,က ဖြိုးရဲ့ဈေးချိုဆိုင်ကိုသွားကာ ဦးအောင်ပြောပြလိုက်သည်။

"ကျွန်တော့်ရဲ့အမြွာညီအစ်ကို ချမ်းအေးက မန္တလေးကိုရောက်လာတယ် မမဖြိုး"

"ဟင်..."

"သူက ကျော်ဇင်ထူးလူဝင်စားဟာ သူပါလို့ လိုက်ပြောနေတယ် မမဖြိုး"

"ဘာ...ဘယ်လို...ဘယ်လို..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုက,က ကျော်ဇင်ထူးဝင်စားတဲ့သူဟာ သူဖြစ်ချင်နေတယ် မမဖြိုး၊ ရောက်ရောက်ချင်း ဦးကျော်ဇေယျနဲ့ဒေါ်နှင်းဆီအိမ်ကိုသွားတယ်၊ ကျော်ဇင်ထူးဝင်စားတာ သူပါပဲလို့ သွားပြီးမိတ်ဆက်တယ်"

"ဟင်…သူက ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ ကိုခ"

"ဘာဖြစ်လို့လဲဆိုတော့…မမဖြိုးနဲ့ သူပတ်သက်ချင်လို့ပေါ့ မမဖြိုး"

"ကိုခပြောတာ တို့မရှင်းဘူး"

"ရှင်းပါတယ်မမဖြိုး၊ ကျွန်တော်တို့နှစ်ယောက်က အမြွှာညီအစ်ကိုဆိုတော့ ရုပ်ချင်းကချွတ်စွပ်တူနေတယ်လေ၊ ရုပ်ရည်အရဆိုရင် ကျော်ဇင်ထူးဟာ သူလည်းဖြစ်နိုင်တယ်၊ ကျွန်တော်လည်းဖြစ်နိုင်တယ်၊ ဒီတော့ လူဝင်စားနေရာကို သူက ဝင်ယူတာပေါ့၊ သူက မမဖြိုးကို ကျော်ဇင်ထူးအနေနဲ့ဝင်လုံးချင်လို့လေ"

"အို…တို့ကို ဒီလို အယုံသွင်းချင်တိုင်းသွင်းလို့ရမလား၊ တို့ကလေးလေးမဟုတ်ဘူး"

ဖြိုးအိသွယ်က ရုတ်တရက်မခံချင်စွာ အော်ပြောလိုက်မိသည်။ ပြီးတော့မှ…သေချာစဉ်းစားရင်း မေးခွန်းတစ်ခုကိုမေးလိုက်သည်။

"ကိုခ…ကိုခပြောသလို ကိုက,က ဖြိုးကိုဝင်လုံးချင်လို့ ကျော်ဇင်ထူးလူဝင်စားယောင်ဆောင်တယ်ပဲထားပါတော့၊ ဖြိုးကို ဝင်လုံးချင်ရအောင် သူက ဘယ်တုန်းက ဖြိုးကိုမြင်ဖူးလို့လဲ"

"ဗျာ…"

ဖြိုးအိသွယ်မေးခွန်းကြောင့် ကိုခကြောင်သွားသည်။

ဖြိုးအိသွယ်မေးခွန်းမှာ အမှန်တကယ်အချက်ကျသောမေးခွန်းဖြစ်ပါသည်။ ယနေ့မှမန္တလေးကိုရောက်လာသောချမ်းအေးကဆိုသူသည် သူမကို မြင်ဖူးစရာအကြောင်းမရှိ။ မမြင်ဖူးသေးတဲ့သူနဲ့ နီးစပ်အောင်လုပ်စရာအကြောင်းလည်း မရှိချေ။

ဖြိုးအိသွယ်၏ ရုတ်တရက်မေးခွန်းကြောင့် ကိုခစိတ်အိုက်သွားလေသည်။

"ဟို…ဟို ကျွန်တော့်အခန်းထဲမှာ မမဖြိုးဓာတ်ပုံ ရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ...ဖြိုးမှ ကိုခကို ဓာတ်ပုံမပေးဖူးပဲနဲ့"

"မမကြည်ဆီက တောင်းထားတဲ့ပုံပါ မမဖြိုး၊ ဆရာနဲ့မမကြည်တို့ ၁၅-နှစ်ပြည့်မင်္ဂလာပွဲတုန်းက အိုအိပ်ချ်မှာ ရိုက်ထားတဲ့ မမဖြိုးဓာတ်ပုံလေ"

"ဪ...အဲဒီပုံ ကိုခဆီရောက်နေတယ်ပေါ့"

"ကျွန်တော့်အခန်းထဲမှာ မမဖြိုးပုံကို မှန်ပေါင်သွင်းပြီး စားပွဲပေါ်တင်ထားတာပါ၊ အဲဒီပုံကို ကိုကမြင်သွားပြီး..."

"သူ ဒီနေ့ပဲရောက်တယ်ဆို၊ ဒီနေ့ပဲ ထူး မိဘတွေအိမ်အထိလိုက်သွားပြီး သူ့ကိုထူးဝင်စားတယ်လို့ယုံအောင်မိတ်ဆက်တယ်ဆိုတာတော်တော်ရဲတင်းတာပဲ၊ ဘယ်လိုပါလိမ့်"

ဖြိုးအိသွယ်တွေးတွေးဆဆပြောလိုက်သောစကားက ကိုခစိတ်ကို မလုံလဲအောင်ဖြစ်သွားစေလေသည်။ သူပြောပြနေသောအချက်အလက်များ သိပ်သဘာဝမကျသလိုဖြစ်နေတာကို ဖြိုးက ရိပ်မိနေပုံရပေ၏။

"ဘာပဲဖြစ်ဖြစ် မမဖြိုး၊ မမဖြိုး ဒီကောင့်ကိုမယုံပါနဲ့၊ ဒီကောင်မမဖြိုးဆီကိုလည်း ရောက်လာမှာပဲ၊ သူပြောတာတွေတစ်ခုမှမယုံနဲ့နော် မမဖြိုး"

"ဖြိုး ကလေးမဟုတ်ပါဘူး၊ ဖြိုးမှာစဉ်းစားဉာဏ်ရှိပါတယ်ကိုခ"

ကိုခက သက်ပြင်းကိုလေးတွဲ့စွာချလိုက်မိလေသည်။

ဒီပုံအတိုင်းဆို ဒီကိစ္စသိပ်တော့မလွယ်ပါလားလို့လည်း တွေးဆိုတ်မိလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညပိုင်းတွင် ဖြိုးအိသွယ်အိမ်သို့ ကိုက ရောက်လာလေသည်။ ဒေါက်တာသာလွန်ဦး၊ ဒေါက်တာအေးမြင့်ကြည်တို့နှင့်အတူ ရောက်လာခြင်းဖြစ်သည်။

ဖြိုးသည် အကြည်တို့လင်မယားနှင့်အတူဝင်လာသောကိုက ကိုကြည့်ကာ အံ့အားသင့်သွားသည်။ ရုပ်ရည်က ကိုခနဲ့တစ်ထေရာတည်းပါလား။ ဤမျှချွတ်စွပ်တူသောအမြွှာမျိုးကို ဖြိုးမတွေ့ဖူးချေ။

"ဖြိုး တို့နဲ့အတူပါလာတာ ကိုခမဟုတ်ဘူးနော်၊ သူက ကိုခရဲ့အမြွှာ ကိုက၊ ချမ်းအေးကတဲ့"

"ဖြိုးသိပါတယ်အကြည်"

"ဟင်···ကိုကရောက်နေတာကို ဖြိုးသိတယ်"

"သိပါတယ်၊ ကိုခ လာပြောသွားပြီးပြီလေ"

"ဩော်···ဒီလိုလား၊ အကြည်ဖြင့် ကိုကကိုတွေ့တော့ ကိုခပဲထင်ပြီး လူမှားနေသေးတယ်၊ အကြည်တွင်မဟုတ်ပါဘူးလေ၊ ဆေးရုံတစ်ခုလုံး ကိုကနဲ့ကိုခကို ကွဲကွဲပြားပြားမသိပဲ မျက်စိတွေလည်ကုန်ကြတယ်ကွ"

ယနေ့ညနေပိုင်းတွင် ဆေးရုံဝန်ထမ်းများအားလုံးကိုခေါ်ကာ ကိုကနှင့်မိတ်ဆက်ပေးခဲ့သည်။ ဒေါက်တာသာလွန်ဦးကပင် ကိုကခေါ် ချမ်းအေးကမှာ ဤဆေးရုံ၌ Human Resources Manager အဖြစ် တာဝန် ထမ်းဆောင်မည့်သူဖြစ်ကြောင်း မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။

ဆေးရုံဝန်ထမ်းများသည် ကိုကနှင့်ကိုခကိုကြည့်ကာ ဘယ်ဟာဘယ်သူလို့မခွဲခြားနိုင်ပဲ တအံ့တသြ ဖြစ်နေကြလေသည်။ ခွဲခြားရခက်လောက်အောင်လည်း ရုပ်ချင်းတူရသည့်ကြားထဲတွင် သူတို့နှစ်ယောက်စလုံးက သုခစံအိမ်ဆေးရုံ၏ယူနီဖောင်းဝတ်စုံများကို ဆင်တူဝတ်ဆင် ထားကြလေသည်။

ထိုအကြောင်းကို ဒေါက်တာအေးမြင့်ကြည်က ဖြိုးကိုပြောပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးနှင့် အေးမြင့်ကြည် စကားပြောနေစဉ်တလျှောက်လုံး ကိုက သည် ဘာမျှဝင်မပြောပဲ ဖြိုးကိုသာစိုက်ကြည့်နေခဲ့သည်။

ဒေါက်တာအေးမြင့်ကြည်နှင့်စကားပြတ်မှ ကိုက,က ပြောလိုက်သည်။

"ဖြိုး…"

ကိုကခေါ်လိုက်သောစကားသံကြောင့် ဖြိုးတုန်လှုပ်သွားမိသေး သည်။ ဖြိုး …တဲ့။ ကိုခကတော့ ဖြိုးကို မမဖြိုးလို့ပဲ ခေါ်ခဲ့ပါသည်။

ဖြိုးဆိုသောအခေါ်အဝေါ်ကြောင့် တစ်ချိန်ကထူးကို ဖျတ်ခနဲ သတိရသွားမိသည်။

"ဖြိုးအနေနဲ့ ကိုခကိုပဲ ထူးဝင်စားတဲ့လူလို့သတ်မှတ်ထားပြီး သားဖြစ်နေတော့ ကျွန်တော့်ကို လက်ခံလို့မရဘူးဖြစ်နေမယ်ထင်တယ်"

ဖြိုးက ကိုကစကားကိုနားထောင်ရင်း ကိုကမျက်နှာကို ပြန် ကြည့်လိုက်လေသည်။

"ဖြိုးမေးပါရစေကိုက၊ ကိုက အရင်တုန်းက ဖြိုးကို မြင်ဖူး သလား"

"ဗျာ…ဖြိုးကို ကျွန်တော် အရင်ဘဝကတည်းက မြင်ဖူးခဲ့တာ လေ"

"ကိုခအပြောကတော့ ဒီနေ့မနက်လေးရောက်မှ ဖြိုးဓာတ်ပုံ ကိုမြင် ပြီး ဖြိုးကိုသိရတာလို့ ပြောသွားလို့ပါ"

"ဖြိုးရယ်…သူကတော့ ဒီလိုပဲပြောမှာပဲ၊ ဒါဟာ သိပ်ရှင်းရ ခက်တဲ့ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး၊ တစ်နေ့မှာ လူဝင်စားဘယ်သူဆို တာ ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ကျွန်တော်လုပ်ပြပါ့မယ်"

ကိုက,က ဦးကျော်ဇေယျအိမ်တွင်သက်သေပြခဲ့သည့်ဖြစ်ရပ် ကို ပြောပြရန်စိတ်ကူးမိသေးသော်လည်း ဦးကျော်ဇေယျနောက်ကြောင်း ကိုဖော်ပြောနေရမည်စိုး၍ မျိုသိပ်လိုက်ပါသည်။

"အရင်ဘဝက ထူးနဲ့ဖြိုး နှစ်ယောက်တည်းသိတဲ့အကြောင်း အရာတစ်ခုခုရှိနိုင်ပါသေးတယ်လေ၊ ဒါကိုပြန်စဉ်းစားပြီး ဖိုယ်ဖော်ထုတ် ပေးပါ့မယ်ဖြိုး"

www.burmeseclassic.com



"ကိုခတစ်ယောက်တည်းကိုတွေ့ရတုန်းကတော့ လူဝင်စားကိစ္စကို ဖြိုးဒါလောက်စိတ်မဝင်စားခဲ့ပါဘူးကိုက။ ကိုခဟာ ထူးဝင်စားတဲ့လူ ဖြစ်ခဲ့ရင်လည်း သီးခြားလူတစ်ယောက်ဖြစ်နေပြီလို့ ဖြိုးက သတ်မှတ်ထားတာပါ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲဖြိုး"

"အခု ကိုကရောက်လာတော့ လူဝင်စားအစစ်ဘယ်သူဆိုတာ ဖြိုးစိတ်ဝင်စားလာရပြီ၊ တကယ့်အစစ်အမှန်ကို ဖြိုးသိချင်တယ်"

"အစစ်အမှန်က ကိုယ်ပါဖြိုး"

"စကားအနေနဲ့ကတော့ ဒီလိုပဲပြောလို့ရတာပဲလေ"

"ဖြိုးရယ်..."

"စကားအနေနဲ့ သူလူဝင်စားပါ ကိုယ်လူဝင်စားပါလို့ ပြောနေကြရင်တော့ ကိုကနဲ့ကိုခ အငြင်းအခုန်ဖြစ်ရုံပဲရှိမယ်၊ ဘယ်သူလူဝင်စားဆိုတာ ခိုင်မာတဲ့သက်သေရှိဖို့လိုတယ်လေ"

"ဒါဖြင့်...အရင်ဘဝကအကြောင်းအရာတစ်ခုခုကို မေးကြည့်ပါလားဖြိုး၊ ဖြိုးနဲ့ကျွန်တော် နှစ်ယောက်တည်းသိတဲ့အကြောင်းအရာ မျိုးပေါ့"

"ထူးနဲ့ဖြိုး နှစ်ယောက်တည်းသိတဲ့အကြောင်းအရာမျိုး စဉ်းစားလို့မရပါဘူးကိုကရယ်၊ ကိုက,သာ တကယ်လူဝင်စားဖြစ်ခဲ့ရင်မှတ်မိနိုင်ပါတယ်လေ၊ ဖြိုးနဲ့ထူးဟာ ချစ်သူတွေဆိုပေမယ့် ပွင့်ပွင့်လင်းလင်း နှစ်ယောက်တည်းချိန်းတွေ့တာမျိုးမလုပ်ခဲ့ဖူးဘူး၊ သူ့ကိုအဖြေပေးတာ တောင် ဆယ်တန်းဖြေပြီးမှ အဖြေပေးတာ၊ သူငယ်ချင်းတွေနဲ့ပဲ သွားအတူတူ လာအတူတူ နေခဲ့ကြတာလေ၊ ဒီတော့...နှစ်ယောက်တည်း ကွက်ပြီးသိနိုင်တဲ့အဖြစ်မျိုးလည်း မရှိဘူးထင်တာပဲ၊ ဖြိုးတော့ စဉ်းစား လို့မရဘူး"

"ဟုတ်ပါတယ်ဖြိုး၊ အဲဒါကို ကိုယ်လည်းမှတ်မိပါတယ်"

"အကြည်...မင်းရောဘယ်လိုထင်လဲ၊ ကိုကနဲ့ကိုခကို ဘယ်သူက ထူးဝင်စားတဲ့လူလို့ မင်းသဘောရသလဲအကြည်"

"ငါလည်း မျက်စိကိုလည်ကုန်ပါပြီဟယ်၊ ငါကလည်း ငါ့ဖာ ကိုခမေးလို့ အရင်ဘဝကအကြောင်းတွေ သူ့ကိုအိတ်သွန်ဖာမှော



www.burmeseclassic.com

www.burmeseclassic.com



ပြောပြမိတယ်၊ အခုဆို တို့ငယ်ငယ်ကအကြောင်းတွေကို ကိုခကတောင် ပိုသိနေပြီလေ''

''ဟုတ်တယ်ဖြိုး၊ ဖြိုးသူငယ်ချင်းက စကားခပ်ဖွာဖွာဆိုတော့ ရှေးဟောင်းနှောင်းဖြစ် အကုန်လုံးပြောပြလိုက်တာ ကိုခက မသိချင် အဆုံး ဖြစ်ပြီးပြီ၊ ကိုက,ကမှ တစ်ချို့အဖြစ်တွေကို မေ့နေသေးတယ်''

ဒေါက်တာသာလွန်ဦးက ဝင်ပြောလိုက်သည်။

''ကဲပါ အကြည်၊ ကိုကရှေ့မှာပဲ အားမနာတမ်း မင်းပြောစမ်း ပါ၊ မင်းတစ်ယောက်တည်းအမြင်နဲ့ဆို ဘယ်သူက ထူးဝင်စားတာဖြစ် နိုင်လဲ''

ဖြိုးက အကြည့်ကိုပွင့်ပွင့်လင်းလင်းမေးကြည့်လိုက်သည်။

''ပြောပါရစေဖြိုးရယ်၊ ငါလည်း ဘယ်လိုမှမထင်တတ်တော့ပါ ဘူးလို့''

''ဒါဖြင့် ...ဒီကိစ္စဟာ ဘယ်လိုမှရှင်းလို့မရနိုင်တော့ဘူးပေါ့''

''ရှင်းလို့ရပါတယ်ဖြိုး၊ ကိုယ်တို့ အကြောင်းကိုသိတဲ့လူ ရှိပါ သေးတယ်၊ ကိုယ့်အဖေ ဒေါက်တာမြတ်သူပါ''

''ဟင်...''

''ကိုယ်ငယ်ငယ်က အရင်ဘဝနှောက်ကြောင်းတွေ ခဏခဏ ပြောဖူးလို့ ဖေဖေရော မေမေရော ကိုယ့်ကိုလူဝင်စားဆိုတာသိနေတယ်လေ၊ မေမေကတော့ သေပြီ၊ ဖေဖေတစ်ယောက်ဇုံးရှိပါသေးတယ်၊ ဖေဖေ့လို ဆရာဝန်ကြီးတစ်ယောက်ပြောတဲ့စကားကိုတော့ အားလုံး ယုံကြလိမ့်မယ် ထင်ပါတယ်၊ ဖေဖေ့ကိုမေးကြည့်ပါ၊ ဒေါက်တာ...ဒေါက်တာပဲ ဖေဖေ့ ကိုမေးကြည့်ပေးပါဗျာ၊ ဖေဖေက သူ့သားနှစ်ယောက်ထဲမှာ လူဝင်စား ဘယ်သူဆိုတာ ပြောပြနိုင်ပါတယ်''

''ဆရာကြီးကို ဒီကိစ္စမေးလို့ကောင်းပါ့မလားကိုက၊ ဆရာကြီး နဲ့ကိုယ်နဲ့က သိပ်ရင်းနှီးတာမဟုတ်ဘူး၊ မသက်နဲ့ပတ်သက်လို့သာ သိနေ ကြတာ၊ ဒီအကြောင်းမေးရင် ကလေးကလားများဖြစ်နေမလား''

''ပြဿနာက ကလေးကလားလို့ပြောလို့မရတော့ဘူးလေ၊ ကြာလေ ပြဿနာပိုကြီးလေဖြစ်လာနိုင်တယ်ဒေါက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲကို၊ ဆရာကြီးကိုကိုယ်တိုင်မမေးရဲရင် မမသက်က တစ်ဆင့်မေးကြည့်ပေါ့"

"အင်း…ဟုတ်တယ်၊ မမသက်ကိုပဲ အပူကပ်ရတော့မှာပဲ"

"ဖြိုးရယ်…ဒီကြားထဲမှာတော့ ဘာမှ မဆုံးဖြတ်လိုက်ပါနဲ့ဦး ဖြိုး"

"ဘာကိုဆိုလိုတာလဲကိုက"

"ကိုခက ဖြိုးဆီကအဖြေတောင်းထားတယ်လို့ သိထားလို့ပါ ဖြိုး"

"ဒါတော့စိတ်ချပါ၊ ဖြိုးရင်ထဲမှာ ဘယ်သူ့အတွက်မှ စိတ်မလှုပ်ရှားဘူးကိုက၊ ခုလိုအခြေအနေမျိုးမှာ ပိုဆိုးပါသေးတယ်၊ လူဝင်စားအစစ်ဘယ်သူဆိုတာပဲဖြိုးသိချင်တယ်၊ တခြားကိစ္စတွေက အဲဒါသိရပြီးမှ စဉ်းစားရမယ့်ကိစ္စတွေပါ"

"အမှန်တရားဟာ မနှေးအမြန် ပေါ်လာရမှာပါဖြိုးရယ်"

ကိုကတို့အပြန်တွင် ကားနားအထိလိုက်ပို့ရင်းမှ ဖြိုးက အေးမြင့်ကြည်ကိုနောက်တွင်ချန်ရစ်စေကာ တီးတိုးပြောလိုက်သည်။

"အကြည်…အိမ်ပြန်ရောက်တာနဲ့ ဖြိုးဆီဖုန်းခေါ်လိုက်ပါ၊ ဖြိုး စောင့်နေမယ်"

■

အိမ်ပြန်ရောက်ရောက်ချင်း…ဒေါက်တာအေးမြင့်ကြည်က ဖြိုး အိသွယ်ဆီဖုန်းဆက်လိုက်သည်။

"ဖြိုး ပြောပါဦး၊ မင်းစိတ်ထဲမှာဘာတွေဖြစ်နေလို့လဲ"

"ကိုက ခေါ်တဲ့ အခေါ်အဝေါ်ကို မင်း သတိထားမိသလား အကြည်"

"သတိထားမိပါတယ်၊ ကိုယ့်ကိုလည်း အရင်ဘဝက ခေါ်သလို အကြည်လို့ပဲခေါ်တယ်၊ မင်းကိုလည်း ဖြိုးလို့ခေါ်နေတာပဲ၊ ကိုခကတော့ မမကြည် မမဖြိုးလို့ခေါ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကခေါ်ပုံက ပိုင်ပိုင်နိုင်နိုင်ရှိပုံမရဘူးလား အကြည်၊ ကိုခက သူနဲ့အသက်ကွာခြားလို့ တို့ကို မမထည့်ခေါ်တယ်၊ ကိုကကတော့ဖြိုးလို့ပဲ ပိုင်ပိုင်နိုင်နိုင်ခေါ်နေတယ်"

"မင်းဆိုလိုချင်တာ ဘာလဲဖြိုး၊ ကိုက,က လူဝင်စားအစစ်မို့အရင်ဘဝကအတိုင်း ပိုင်ပိုင်နိုင်နိုင်ခေါ်ပြောနေတာလို့ ထင်နေတာလား"

"ဟုတ်တယ်၊ ပြီးတော့ ဖြိုးစိတ်ထဲမှာ ကိုကနဲ့ပြောရဆိုရတာ ထူးရဲ့အငွေ့အသက်တွေကိုပြန်ပြီးခံစားရသလိုပဲအကြည်"

"ဒါဆိုလည်း ရှင်းနေတာပဲဖြိုးရယ်၊ ကိုကကိုပဲ ထူးဝင်စားတဲ့လူလို့ သတ်မှတ်လိုက်ပေါ့ကွ"

"သာမန်အခြေအနေမျိုးဆို ယုံလိုက်ရုံပေါ့အကြည်ရယ်၊ ခုဟာက နှစ်ယောက်စလုံးက ထူးဘဝကလာတဲ့လူတွေပါလို့ပြောနေတာကို တို့ခံပြင်းတယ်အကြည်၊ အယောင်ဆောင်တဲ့သူ ဘယ်သူဆိုတာ ဖော်ထုတ်ချင်တယ်၊ ထူးဝင်စားတဲ့လူဘယ်သူဆိုတာ တိတိကျကျသိချင်တယ်"

ဒေါက်တာအေးမြင့်ကြည်က သက်ပြင်းချလိုက်သည်။

"ခက်တာပဲဖြိုး၊ တကယ်တော့...မင်းပြောခဲ့ဖူးသလိုပဲလေ၊ လူဝင်စားဖြစ်ပေမယ့် ဘဝချင်းခြားသွားပြီ၊ သီးခြားတစ်ယောက်စီဖြစ်သွားပြီဆို၊ ကိုကရော, ကိုခရောဟာ ကျော်ဇင်ထူးအစစ်မဟုတ်တော့တာတော့သေချာတယ်၊ ဒီတော့...မင်းကြိုက်တဲ့လူကိုပဲ ရွေးလိုက်ရုံ ပေါ့ကွာ"

"အကြည်ရယ်...ရွေးချယ်တယ်ဆိုတဲ့အဆင့်က နောက်မှ လာရမှာပါကွာ၊ သူတို့နှစ်ယောက်ထဲက အစစ်အမှန်ဘယ်သူ၊ ဟန်ဆောင်ထားတာဘယ်သူဆိုတာသိရမှ တို့ရွေးချယ်မှုကလည်း မှန်တော့မှာပေါ့သူငယ်ချင်းရယ်"

"ခက်တာပဲ"

"တို့ အလိမ်မခံချင်ဘူး"

"ဘာရယ်!..."

"ဟန်ဆောင်ထားတဲ့လူကိုရွေးမိမှာ တို့စိုးရိမ်တယ်၊ သူတို့နှစ်ယောက်စလုံးဟာ ထူးမဟုတ်တော့တာမှန်ပေမယ့် ထူးရဲ့အငွေ့အသက်ပါတဲ့...ထူးဝင်စားတဲ့လူကိုပဲ တို့ကြည်ဖြူချင်တာပေါ့အကြည်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ…ဟုတ်ပါတယ်၊ မင်း ဘက်ကတွေးတော့လည်း မှန်ပါတယ်ဖြိုး၊ ဒါဖြင့်…လုပ်စရာနည်းလမ်းတစ်ခုပဲရှိတော့တယ်၊ ကိုကပြောသလို သူတို့အဖေဒေါက်တာမြတ်သူကို မေးကြည့်ဖို့ပဲ"

"ဒေါက်တာမြတ်သူကတော့ အမှန်အတိုင်းပြောမှာပါနော် အကြည်"

"ပြောမှာပါကွာ၊ တစ်ခုပဲရှိတယ်၊ သူ့သားနှစ်ယောက်ထဲမှာ လူဝင်စားဘယ်သူဆိုတာကို ဒေါက်တာမြတ်သူကိုယ်တိုင်မှတ်မိဖို့ပဲ"

ဖြိုးနှင့်စကားပြောအပြီးတွင် ဒေါက်တာအေးမြင့်ကြည်က ဖုန်းကိုပြန်ချရင်း သက်ပြင်းကိုပါချလိုက်မိလေသည်။

"ဒီပုံအတိုင်းဆို ပြဿနာက မသေးဘူးကိုရေ၊ မမသက်ဆီကို ဖုန်းဆက်ပြီး အကူအညီတောင်းပေတော့"

ဆောမှာထိုင်နေသည့် ဒေါက်တာသာလွန်ဦးကို ပြောလိုက်သည်။

"ဖြစ်ရလေကွာ၊ အမြွှာပူးနှစ်ယောက်ထဲမှာ တစ်ယောက်က လူဝင်စားဖြစ်နေတယ်တဲ့၊ တော်တော်ရှုပ်တဲ့အရှုပ်ထုတ်ကြီးပါလား အကြည်၊ ဒီပြဿနာထဲမှာ ကိုယ်တို့က အလိုလိုနေရင်း ဝင်ပါမိရက် သားဖြစ်နေပြီ"

"ခုမှတော့…ညည်းမနေနဲ့တော့ကိုရေ၊ မမသက်ကတစ်ဆင့် ဆရာကြီးကို မေးခိုင်းပေတော့"

"ဒါမျိုးက …လူချင်းတွေ့မှ စကားစပ်မိသလိုမေးလို့ ကောင်းတာ၊ သပ်သပ်ဖုန်းဆက်ပြီးမေးရမှာ ကြောင့်လွန်းတယ် အကြည်၊ အေးလေ ကိုယ်စဉ်းစားပါဦးမယ်၊ နို့မို့ …ဒီပြဿနာက ပြီးပြတ်မှာ မဟုတ်တော့ဘူး"

■



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နေ့လည်တွင် ကိုကသည် အောင်မြင့်မြတ်၏ ဓာတ်ပုံဆိုင်ဖွင့်ထားရာ လမ်း၃၀ဆိုင်ခန်းသို့ရောက်သွားခဲ့လေ၏။ ဒေါက်တာအေးမြင့်ကြည်က လိပ်စာပေးလိုက်ခြင်းဖြစ်သည်။

ဆိုင်ထဲသို့ဝင်လာသောကိုကကို အောင်မြင့်မြတ်က ပြုံး၍ နှုတ်ဆက်လိုက်သည်။ ကိုကရောက်နေသည်ကို မသိသေးသော အောင်မြင့်မြတ်သည် ကိုကကို ကိုခဟုမင်ထင်နေသေး၏။

"ထိုင်ဦးကိုခ၊ အေးအေးဆေးဆေးပဲမဟုတ်လား"

"ငါ မင်းနဲ့အေးအေးဆေးဆေးတွေ့ဖို့လာခဲ့တာပဲ ဖိုးအောင်၊ စီဗီလိုင်းထဲကအိမ်ကိုသွားမလို့ပဲ၊ အကြည်က ဒီမှာဆိုင်ဖွင့်ထားတယ် ဆိုလို့ ဒီကိုလိုက်လာတာ"

ကိုကပြောလိုက်သောစကားများကြောင့် အောင်မြင့်မြတ် မျက်လုံးပြူးသွားလေသည်။

"ကိုခ...မင်း..."

သူ့ကို ဖိုးအောင်လို့ခေါ်ကာ မင်း,ငါနှင့်စကားပြောလာသော သူကို အောင်မြင့်မြတ်က ကြည့်ရင်းအံ့သြနေသည်။

"ငါ ကိုခမဟုတ်ပါဘူး၊ ချမ်းငြိမ်းခမဟုတ်ဘူး၊ ကိုက,ပါ၊ ချမ်းအေးကပါဖိုးအောင်"

"ချမ်းအေးက...ကိုက၊ ဟာ...မင်းတို့နှစ်ယောက် တူလှချေလားကွာ၊ တစ်ယောက်ချင်းမြင်ရလို့လားမသိဘူး၊ ခွဲလို့မရဘူး"

"နှစ်ယောက်ယှဉ်ရက်မြင်ရင်လည်း မင်းခွဲနိုင်မှာမဟုတ်ပါဘူး ဖိုးအောင်၊ ငါတို့ညီအစ်ကိုနှစ်ယောက်ကို ကနဲ့ခ ခွဲနိုင်တဲ့လူ လောကမှာမရှိတော့ဘူး၊ ငါတို့အမေတစ်ယောက်ပဲခွဲနိုင်တာလေ၊ အမေဆုံးပြီးတဲ့နောက် တို့ကို ဘယ်သူက-က, ဘယ်သူက-ခ,ဆိုတာ ခွဲခြားသိနိုင်တဲ့လူ မရှိတော့ပါဘူး"

"ကိုက ဘယ်တုန်းကရောက်နေတာလဲ၊ ပြီးတော့...မင်း က ငါ့ကို ဖိုးအောင်လို့ခေါ်လို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးအောင်ဆိုတာ အရင်ဘဝကတည်းက ငါ မင်းကိုခေါ်ခဲ့တဲ့ အခေါ်အဝေါ်ပဲလေ၊ မင်းသူငယ်ချင်းကျော်ဇင်ထူးက ငါပါကွ"

"ဟင်…"

အောင်မြင့်မြတ်က တူသားအရွယ် ကိုကကို တစ်ခဏစိုက်ကြည့်နေသေးသည်။ ပြီးတော့မှ ကိုကပခုံးကိုဖက်ကာ …

"လာခဲ့ကိုက၊ ငါတို့ နှစ်ယောက်တည်းစကားပြောမှဖြစ်တော့မယ်၊ လာ…ငါ့ ရုံးခန်းထဲကိုလိုက်ခဲ့"

ရုံးခန်းထဲအရောက်တွင် အောင်မြင့်မြတ်က တံခါးကို ကန့်လန့်ထိုး၍ပိတ်လိုက်သည်။

"ထိုင်…ကိုက၊ ဘယ်လိုဖြစ်တာလဲ၊ ကိုခက ကျော်ဇင်ထူး ဝင်စားတာဆို၊ ငါတို့ဒီလိုပဲသိထားကြတာ၊ အခု…သူ့ရဲ့အမြွာ မင်းကလည်း ကျော်ဇင်ထူးလူဝင်စားဆိုတော့ ငါတော့ရှုပ်ကုန်ပြီကွာ၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်စလုံးကို ကျော်ဇင်ထူးက ဝင်စားနေတာလား"

"လူတစ်ယောက်ထဲက နှစ်ယောက်ဆီမှာဝင်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဖိုးအောင်"

"မဖြစ်နိုင်ပါဘူး၊ ဒါဖြင့်…"

"ငါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်းပါဖိုးအောင်၊ မင်းစိတ်ထဲမှာ ကိုခနဲ့ငါနဲ့ နှစ်ယောက်ထဲမှာ ဘယ်သူက ကျော်ဇင်ထူးနဲ့ပိုတူသလဲလို့"

"ရုပ်တွေကတော့ ကျော်ဇင်ထူးအတိုင်းပဲလေ၊ ဘယ်လိုပြောလို့ရမလဲ၊ ဒါပေမယ့်…မင်း ငါ့ကို ဖိုးအောင်လို့ခေါ်လိုက်တာရယ်၊ မင်း,ငါလို့ပြောတာတွေရယ်က ကျော်ဇင်ထူးနဲ့တူနေတယ်ကိုက၊ မင်းနဲ့စကားပြောရတာ ငယ်သူငယ်ချင်းလို နွေးနွေးထွေးထွေးရှိတယ်၊ အဲဒါတော့ ငါ့ စိတ်ထဲက ခံစားချက်အမှန်ပဲ"

"ဒီလိုပဲဖြစ်ရမယ်လေ၊ တကယ်တော့…ကျော်ဇင်ထူး လူဝင်စားအစစ်က ငါကိုး"

"ဒါဖြင့်…ကိုခက ဘာလို့ သူ့ကိုယ်သူ ကျော်ဇင်ထူးဝင်စားပါတယ်လို့ ပြောရသလဲ ကိုက"

"ရှင်းပါတယ်ဖိုးအောင်၊ သူ…ဖြူးကိုကြွေနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…အဲ…ဟုတ်တယ်၊ ကိုခ ဖြိုးအချစ်ကို ပြန်တောင်းနေတာတော့အမှန်ပဲ"

"ပြန်တောင်းတယ်လို့မသုံးသင့်ပါဘူးဖိုးအောင်၊ ဖြိုးအချစ်ကို သူ့ဘယ်တုန်းက ရဖူးလို့လဲ၊ ဖြိုးချစ်သူက အရင်ဘဝက ငါပါ၊ ကျော်ဇင်ထူးပါဖိုးအောင်၊ ဖြိုးအချစ်ကိုပြန်ရချင်းရရင် ငါကသာ ရ,ရမယ်လေ"

"ဒီလိုဆို…ကိုခက ဖြိုးအချစ်ကိုလိုချင်လို့ ဟန်ဆောင်နေတာလို့ ဆိုလိုတာပေါ့"

"ဆိုလိုတာမဟုတ်ပါဘူး၊ သူကိုယ်တိုင် ငါတို့နှစ်ယောက်တည်းရှိတဲ့အချိန်မှာ ဝန်ခံပြီးပါပြီ၊ ဒါပေမယ့်…မင်းတို့ကိုတော့ သူကဝန်ခံမှာမဟုတ်ဘူး၊ သူက မန္တလေးအရင်ရောက်ပြီး ဒီကအသိုင်းအဝိုင်းက သူ့ကို ကျော်ဇင်ထူးဝင်စားတယ်လို့လက်ခံထားကြတော့ သူ့ဘက်က တစ်ပန်းသာနေတယ်လို့တွက်ထားတယ်ဖိုးအောင်၊ သူကတော့ ဆက်ဟန်ဆောင်မှာပဲ၊ ငါ့ဘက်ကသာ ငါကျော်ဇင်ထူးအစစ်အမှန်ဖြစ်ကြောင်း ပြနိုင်ဖို့လိုတယ်"

"မင်း…ဖြိုးနဲ့တွေ့ပြီးပြီလား"

"ငါမနေ့ကရောက်တယ်၊ ရောက်ရောက်ချင်း ငါ့မိဘတွေအိမ်ကိုအရင်သွားတယ်၊ ကိုခလည်း ပါတယ်၊ ညပိုင်းမှာ ဖြိုးအိမ်ကိုသွားတယ်ဖိုးအောင်၊ အကြည့်တို့လင်မယားလည်းပါတယ်"

"ဖြိုးသဘောကရော…"

"ဖြိုးက စကားအနေနဲ့ငြင်းခုန်နေတာထက် ထင်ရှားတဲ့ သက်သေတစ်ခုခုကို ပြစေချင်ပုံပဲဖိုးအောင်"

"ဒါလည်း…ဖြိုးဘက်က မှန်ပါတယ်လေ၊ ငါတို့သူငယ်ချင်းအစစ်ဝင်စားတဲ့လူကိုသာ သူလိုချင်မှာပေါ့"

အောင်မြင့်မြတ်က တွေးတွေးဆဆပြောလိုက်သည်။

"တစ်ခုတော့ရှိတယ် ကိုက၊ ငါကိုယ်တိုင်လည်း ကိုခက သူဟာကျော်ဇင်ထူးဝင်စားတာလို့ပြောခဲ့တုန်းက ယုံခဲ့တာပဲ၊ ကျော်ဇင်ထူးနဲ့ ပုံစံချင်းလည်းတူတယ်၊ ပြီးတော့…သူက ငါ့ကိုမြင်မြင်ချင်း အောင်မြင့်မြတ်ဆိုတာသိနေတယ်ကိုက၊ အဲဒီတော့…ယုံလောက်စရာပဲမဟုတ်လား၊ ပြီးတော့…ငါနဲ့မှုမှုအောင်နဲ့ ငယ်ငယ်ကအကြောင်းတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူက ပြန်ပြောလို့ကွ၊ မူမူအောင့်ကိုလိုက်တာမရလို့ ဆယ်တန်းနှစ်မှာ ငါ အရက်တွေသောက်တဲ့အကြောင်းတောင် ပြန်ပြောလိုက်သေးတယ်”

“အဲဒါတွေအားလုံးရဲ့တရားခံက အကြည့် ဖိုးအောင်၊ အားလုံးကို အကြည်ပြန်ပြောပြလိုက်တာလေ၊ အကြည့်အကြောင်းလည်း မင်းသိသားပဲ၊ စာတော်လို့ဆရာဝန်သာဖြစ်နေတာ၊ လူက အူကြောင်ကြောင်ရယ်”

“ဟော…ဒီလိုလား၊ ဟုတ်မယ်…ဟုတ်မယ်၊ အကြည်က စကားခပ်ဖွာဖွာရယ်၊ ဘာမဆို သူကဦးအောင်ပြောချင်တာ”

“စပ်စုတတ်တာ၊ သတင်းထူးသတင်းဦးကို သူကဦးအောင် ပြောချင်တာ အကြည့်ရဲ့ငယ်ငယ်ကတည်းကအကျင့်လေ၊ အဲဒီအကွက် ကို နင်းပြီး ကိုခက ငါ့တို့ငယ်ငယ်ကအကြောင်းတွေအကုန်လုံး အကြည့် ဆီကနှိုက်ထုတ်ထားတာပေါ့ကွာ”

“ဒါဖြင့်…မင်းသာအစစ်ဖြစ်ကြောင်းကို ဘာ့ကြောင့်ယှယ်လိုသက်သေ ပြ မလဲ ကိုက”

“ငါ့မိဘ…အဲ…ကျော်ဇင်ထူးမိဘအိမ်မှာ ဟိုတုန်းက အဖြစ် တစ်ခုကိုပြန်ပြောနိုင်လို့ ဦးကျော်ဇေယျကရော ဒေါ်နှင်းဆီကပါ သူတို့ သား ဝင်စားတာ ငါပါလို့ ယုံသွားကြပြီဖိုးအောင်၊ ဒါပေမယ့်…အဲဒီ အကြောင်းကို ချပြလို့မဖြစ်ဘူးကွ”

“ဘာဖြစ်လို့လဲ”

“မိသားစုအတွင်းရေးကိစ္စမို့လို့ပါ၊ လူသိခံလိုက်ရင် အရှက်တကွဲ ဖြစ်မယ့်ကိစ္စမျိုးဆိုတော့ အရင်ဘဝကငါ့မိဘတွေမျက်နှာကို ငါ ထောက် ထားရမယ်လေ”

“ဪ…”,

“အဲဒါထားပါဦး၊ မင်းကရော ငါ့ကို မင်းသူငယ်ချင်းကျော်ဇင် ထူးလို့ ယုံသလားဖိုးအောင်”

“လက်ရှိမှာမင်းဟာ ငါ့ရဲ့ တူအရွယ် သားအရွယ်ပဲရှိပါတယ် ကိုက၊ ဒါပေမယ့်…မင်း ငါ့ကို မင်း,ငါနဲ့ပြောနေတဲ့အပေါ်မှာ ကိုယ့်ထက် အသက်ကြီးတဲ့လူကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတယ်လို့ မခံစားရဘူး”

“ဆောရီးဖိုးအောင်…ဆောရီးဗျာ၊ ကျွန်တော်…ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မြတ်ကိုမြင်လိုက်တော့ အရင်ဘဝကိုသတိရပြီး ဝမ်းသာအားရ ပြောမိဆိုမိတာပါ၊ တကယ်တော့…ဦးက ကျွန်တော့် ဦးလေး အရွယ်ပါ ဖိုးအောင်…အဲ…ဦးအောင်မြင့်မြတ်"

"ဟားဟားဟား…အခေါ်အဝေါ်မပြောင်းပါနဲ့ကွာ၊ ဒီတိုင်းပဲ ခေါ်ပါ၊ ရပါတယ်၊ အဲဒီအသုံးအနှုန်းတွေကြောင့်ပဲ မင်းကို ဟိုတုန်းက သူငယ်ချင်းလို နွေးနွေးထွေးထွေးခံစားရတာလို့ ပြောမလို့ပါ၊ မင်းကို ငါ့ သူငယ်ချင်းကျော်ဇင်ထူးဝင်စားတဲ့လူလို့ ငါလက်ခံတယ် ကိုက"

"ခုအချိန်မှာ ဖြိုးလက်ခံဖို့က အရေးအကြီးဆုံးဖြစ်နေတယ် ဖိုးအောင်၊ မင်းဆီမှာ မင်းနဲ့ငါနဲ့နှစ်ယောက်တည်းသိနိုင်တဲ့အဖြစ်မျိုး မရှိဘူးလားဖိုးအောင်၊ အဲဒါမျိုးကို ပြန်ပြောနိုင်ရင် ငါ့အတွက် လုံလောက်တဲ့ သက်သေပဲလေ"

"မရှိဘူးထင်တယ်ကိုက၊ ငါတို့သူငယ်ချင်းတွေက တစ်ယောက် အကြောင်းတစ်ယောက်သိအောင် ပွင့်ပွင့်လင်းလင်းနေခဲ့ကြတာလေ၊ မင်းနဲ့ငါနဲ့နှစ်ယောက်တည်းသိတဲ့ကိစ္စမျိုး မရှိနိုင်ဘူးထင်တယ်"

ကိုက,က သက်ပြင်းချလိုက်သည်။

"ဒါပေမယ့်…ငါတို့ ပေါင်းသင်းခဲ့တဲ့နှစ်တွေက အများကြီးပဲ လေ၊ မေ့နေတာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ ငါပြန်စဉ်းစားကြည့်ပါဦးမယ် ကိုက၊ အားမလျှော့ပါနဲ့၊ မင်းလည်း ပြန်စဉ်းစားကြည့်ပေါ့"

"အမှန်တရားဆိုတာ ပေါ်လာရမှာပါလေ၊ ငါ အားမလျှော့ ပါဘူးဖိုးအောင်"

■



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းတွင်တော့ အခြေအနေက အေးစက်နေခဲ့ပါသည်။

ကိုခသည် သူ့ဟန်ဆောင်မှုကိုအလျှော့မပေးဘဲ သူ့သာလျှင် ကျော်ဇင်ထူးဝင်စားသူအဖြစ် ပတ်ဝန်းကျင်ကို အယုံသွင်းနေခဲ့ပေသည်။ ဦးကျော်ဓေယျနှင့်ဒေါ်နှင်းဆီအိမ်ကိုလည်း အဆက်မပြတ်ဝင်ထွက်နေခဲ့သည်။ ဦးကျော်ဓေယျတို့က သူတို့သားဝင်စားသူမဟုတ်ကြောင်း သိသွားပြီဖြစ်သော်လည်း ပတ်ဝန်းကျင်အမြင်တွင် ကျော်ဇင်ထူးလူဝင်စားအဖြစ် အဝင်ခံရအောင် သွားလာနေခြင်းဖြစ်ပါသည်။

ကိုကသည် ဦးကျော်ဓေယျ၏မလှပသောနောက်ကြောင်းကို မဖော်ထုတ်ပါဟု ဝန်ခံထားပြီးဖြစ်ရာ ထိုအဖြစ်က လူမသိပဲတိမ်မြုပ် နေလေသည်။ ကိုခ၏ဟန်ဆောင်မှုအတွက် မထိခိုက်ခဲ့ပေ။

ကိုခသည် ဖြိုးအိသွယ်ထံသို့လည်း အသွားအလာအဝင် အထွက် မပျက်ခဲ့ပေ။ ဖြိုးဆီကအချစ်ကိုလည်း တောင်းခံနေဆဲပင်ဖြစ်ပါသည်။

ကြားထဲက ခေါင်းခဲဗျာများရသူမှာ ဖြိုးအိသွယ်ပဲဖြစ်ပါ၏။

ဖြိုးအိသွယ်သည် ကိုကနှင့်ကိုခနှစ်ယောက်ကို မည်သူက ကျော်ဇင်ထူးဝင်စားသူဟုမဆုံးဖြတ်နိုင်ခဲ့ပေ။ ''မဆုံးဖြတ်နိုင်''ဆိုသည် ထက် ''မဆုံးဖြတ်ရဲ''ဆိုသည်က ပို၍မှန်ပေမည်။

သူမအနေဖြင့် ကိုကနှင့်ဆက်ဆံပြောဆိုရသည့်အခါတိုင်း ငယ်စဉ်ကကျော်ဇင်ထူး၏လိပ်ပြာကို မြင်တွေ့ရသလို ခံစားမိပါသည်။ သို့သော် ကိုကကို ကျော်ဇင်ထူးလူဝင်စားပါလို့ ဖြိုးမဆုံးဖြတ်ရဲပါ။ မှားယွင်းသွားမှာ ကို စိုးရိမ်နေမိသည်။

ဖြိုးလိုလားသည်က တစ်ယောက်ယောက်၏ ကျော်ဇင်ထူး အစစ်အမှန်ဖြစ်ကြောင်း သက်သေပြချက်ဖြစ်ပါ၏။ ကျော်ဇင်ထူးစစ်မှန် သူသည် တိကျသောသက်သေတစ်ခုခုကို ပြနိုင်ရမည်ဟု ဖြိုးယုံကြည်သည်။ ခက်တာက သူမကိုယ်တိုင်ပင် ကျော်ဇင်ထူးနှင့်သူမ နှစ်ကိုယ်တည်း သိခဲ့သည့် ကိစ္စမျိုးကို စဉ်းစားလို့မရခြင်းပင်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲတွင်…ကိုကရော ကိုခပါ ဖြိုးဆီကအချစ်ကို တောင်းဆိုလျက်ရှိကြသည်။

ဖြိုး ဘယ်သူ့ကိုမှ အဖြေမပေးသေးပါ။

ကနှင့်ခသည် ခန္ဓာကိုယ်အရ ယခင်ဘဝကကျော်ဇင်ထူးအစစ် မဟုတ်တော့သည့်အတူတူ ကျော်ဇင်ထူး၏လိပ်ပြာဝိညာဉ်ဝင်စားသူကိုသာ ဖြိုးလက်ခံလိုပါသည်။

မည်သည့်သက်သေမျှမပြနိုင်ပဲ ဇာတ်လမ်းက မျောနေဆဲ။

ဖြိုးလည်း တွေဝေနေရဆဲပင်ဖြစ်ပါ၏။

ကိုကနှင့်ကိုခတို့ဖခင် ဒေါက်တာမြတ်သူဆီကအဖြေကိုလည်း မရသေးပါ။

ဒေါက်တာသာလွန်ဦး ဒေါက်တာသက်သက်ခိုင်မှတစ်ဆင့် စုံစမ်း မေးမြန်းချိန်တွင် ဒေါက်တာမြတ်သူမှာ နိုင်ငံခြားသို့ ရက်ရှည် ခရီး ထွက် ခွာနေသောကြောင့်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၇)

ဒေါက်တာမြတ်သူနိုင်ငံခြားခရီးမှ ပြန်ရောက်လာလာချင်းပင် ဒေါက်တာသက်သက်ခိုင်က မန္တလေးတွင် ကိုကနှင့်ကိုခတို့ ဖြစ်နေသော ပြဿနာ ကို တင်ပြလိုက်လေသည်။

"မောင်...မောင့် သားနှစ်ယောက်ထဲက တစ်ယောက်ဟာ လူ ဝင်စားဆို"

ဒေါက်တာသက်သက်ခိုင်၏ အဆန်းတကြယ်မေးခွန်းကြောင့် ဒေါက်တာမြတ်သူအံ့ဩသွားရလေသည်။

"သက် ဘယ်ကသိသလဲ၊ မောင်တော့ လူဝင်စားတွေဘာတွေ မယုံပါဘူးသက်"

"မောင်ယုံယုံ မယုံယုံလေ၊ မောင့်သားနှစ်ယောက်ထဲက တစ်ယောက်ဟာ သူ့ကိုယ်သူလူဝင်စားပါလို့ပြောခဲ့တာကိုရော မောင် မှတ်မိသလား၊ သိချင်လို့ပါ"

ဒေါက်တာမြတ်သူက မျက်မှောင်တွန့်အောင် ပြန်စဉ်းစားနေသည်။

"ဒါတွေက ဘာမဆိုယုံလွယ်တဲ့မိန်းမတွေသာ စိတ်ဝင်စားတဲ့ကိစ္စမျိုးပါသက်၊ သူတို့အမေရှိတုန်းကတော့ သူ့သားတစ်ယောက်ပြောတာကို မောင့်ကိုပြန်ပြောဖူးတယ်၊ အမယ်...ပြောပုံကလည်း သဘာဝခပ်ကျကျပဲကွ၊ မောင်တို့မန္တလေးမှာနေတုန်းက ပြင်ဦးလွင်ကိုသွားလည်



www.burmeseclassic.com

www.burmeseclassic.com



ပြီးအပြန်မှာ ကားတိုက်မှုတစ်ခုနဲ့ကြုံတယ်လေ၊ ကျောင်းသားကျောင်းသူလေးတွေပါ၊ အက်ဆီးဒင့်မှာ ဒဏ်ရာရတဲ့လူတွေကို မောင်ပဲကူညီပြီး မန္တလေးဆေးရုံကြီးထိ ပို့ပေးခဲ့တယ်၊ အဲဒီတုန်းက အေးမှာ ကိုယ်ဝန်ရှိခါစလေ၊ ကနဲ့ခတို့ကိုယ်ဝန်ပေါ့၊ သားတွေကိုမွေးပြီးစကားပြောတတ်ခါစအရွယ်မှာ တစ်ယောက်က သူ့ကိုယ်သူ ပြင်ဦးလွင်ကကားတိုက်မှုတုန်းက သေသွားတဲ့လူပါလို့ပြောတယ်တဲ့၊ သေပြီးပြီးချင်း မောင်တို့ နောက်ကိုလိုက်လာတာဆိုပဲ"

"အဲဒီလိုပြောခဲ့တာ ဘယ်သူလဲမောင်"

"က,လား ခ,လား၊ မောင်မေ့နေတယ်"

"ပြန်စဉ်းစားကြည့်ပါဦးမောင်ရယ်"

"မောင်က ကလေးဒီလိုပြောတာတွေမကြိုက်လို့ အားမပေးဖို့ အေးကိုပြောလိုက်တယ်၊ မောင်မကြိုက်မှန်းသိလို့ အေးကမပြောတော့ဘူး"

"ဒါဆို…တစ်ယောက်ဟာ လူဝင်စားဖြစ်တာအမှန်ပဲပေါ့၊ မောင်ယုံယုံ မယုံယုံ အဲဒီလိုပြောခဲ့တာ ဘယ်သူလဲဆိုတာ ပြန်စဉ်းစားကြည့်ပါဦး မောင်ရယ်"

ဒေါက်တာမြတ်သူက ပြန်စဉ်းစားကြည့်သည်။

အတော်ကြာမှ ဒေါက်တာမြတ်သူက အဖြေပေးလိုက်၏။

"သူ့ကိုယ်သူလူဝင်စားလို့ပြောခဲ့တာ က,ပဲ သက်၊ ဟုတ်တယ်၊ မောင်တို့ စင်ကာပူမှာနေတဲ့အထိ က,က ဒီစကားပြောတုန်းပဲလို့ပြောတယ်၊ အေးကတောင် မန္တလေးကိုလိုက်ပို့မယ်လို့ ကတိပေးထားသေးတယ်တဲ့"

"ဩော်…ဒါဖြင့် အစစ်အမှန်က က,ကိုး၊ သူ့ရဲ့အရင်ဘဝ နာမည်ကိုရော မောင်မှတ်မိသလားဟင်"

"ဘယ်မှတ်မိမှာလဲသက်၊ မောင်မှစိတ်မဝင်စားတာ၊ နေပါဦး သက်၊ ဒါတွေကိုဘာလို့မေးနေရတာလဲ၊ သက်မေးပုံက ဆန်းလိုက်တာ"

"ဆန်းတာပေါ့မောင်၊ မောင့်သားနှစ်ယောက်က အဆန်းတွေ လုပ်နေတာကိုး၊ မန္တလေးမှာ အရင်ဘဝက ကားတိုက်သေခဲ့တဲ့လူရဲ့ အသိုင်းအဝိုင်းနဲ့ သူတို့ဆက်သွယ်မိနေကြတယ်လေ"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလူနာမည်က ကျော်ဇင်ထွေးတဲ့၊ ကနဲ့ခရဲ့ရုပ်ရည်ဟာ သေသွားတဲ့ကျော်ဇင်ထွေးနဲ့ တစ်ထေရာတည်းပဲတဲ့၊ အခု…ကရော ခရော နှစ်ယောက်စလုံးက လူဝင်စားအစစ်ဟာ သူပါလို့ ငြင်းခုန်နေကြတယ်တဲ့လေ”

“ဘာ…ဘာကွ၊ ဒီကောင်တွေ ဘာအရူးထတာလဲ၊ လူဝင်စားဖြစ်ရလို့ ဘာများအကျိုးရှိမှာမို့လို့လဲ၊ ဘာဖြစ်ကြတာလဲ”

“အကျိုးရှိမယ့်အချက်ရှိလို့ပေါ့မောင်၊ သေသွားတဲ့ကျော်ဇင်ထွေးရဲ့ရည်းစားက အခုထိ အပျိုဘဝနဲ့ရှိနေသေးတယ်တဲ့လေ၊ မောင့်သားနှစ်ယောက်လုံးက အဲဒီမိန်းကလေးကို ကြိုက်နေကြတယ်၊ အဲဒါကြောင့် အဲဒီမိန်းကလေးနဲ့နီးစပ်အောင် လူဝင်စားအစစ်က သူပါ ကိုယ်ပါလို့ ငြင်းခုန်နေကြတာပဲ”

“ဟိုက်…”

ဒေါက်တာမြတ်သူ သူ့နဖူးသူ လက်ဖြင့်ရိုက်လိုက်မိလေတော့သည်။

“သာလွန်ဦးဖုန်းဆက်ပြီးမေးလို့ မောင့်ကိုပြန်မေးကြည့်တာပါမောင်၊ သက်တော့ ဒါ့ထက်ဆန်းပြားတဲ့အဖြစ်တွေ ကြုံရလိမ့်ဦးမယ်လို့ထင်နေတယ် မောင်ရေ…”

■

ဒေါက်တာမြတ်သူထံမှ တိကျသောအဖြေကိုကြားသိရသည့်နေ့မှာပင်…ဖြိုးအိသွယ်ထံသို့ အောင်မြင့်မြတ်ရောက်လာခဲ့လေသည်။

ဒေါက်တာမြတ်သူထံမှသိရသည့်အဖြေကို ဒေါက်တာအေးမြင့်ကြည်က ဖုန်းဆက်ပြောပြခြင်းဖြစ်သည်။

“ဖြိုး ဒေါက်တာသက်သက်ခိုင်မေးပေးလို့ ဒေါက်တာမြတ်သူဆီကအဖြေကို သိရပြီ ဖြိုး”

“ဟင် …ဟုတ်လား၊ ဘယ်သူတဲ့လဲအကြည်၊ အစစ်အမှန်ကဘယ်သူလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုက,ပဲ ဖြိုး၊ ချမ်းအေးကဆိုတဲ့…ကိုကပါတဲ့"

"အင်း…ထင်သားပဲ၊ ဒါ တိကျတဲ့အဖြေပါနော် အကြည်"

"ဒေါက်တာသက်သက်ခိုင်က အကျိုးအကြောင်းပြောပြပြီးမှ ဒေါက်တာမြတ်သူကိုမေးတာလို့ပြောတယ်၊ တိကျပါတယ် ဖြိုး၊ ဘယ့်နှယ်လဲ မင်းဘယ်လိုဆုံးဖြတ်မလဲ"

"ကိုယ့်အဆုံးအဖြတ်ကို မင်းနဲ့အောင်မြင့်မြတ်ရှေ့မှာ သူတို့နှစ်ယောက်လုံးကိုပြောမယ်အကြည်"

"အမယ်…တယ်ဟုတ်ပါလား"

"သူတို့ကို ဘယ်လိုပြောရမယ်ဆိုတာ ကိုယ်စဉ်းစားလိုက်ပါဦးမယ် အကြည်၊ ကျေးဇူးတင်တယ်ဟယ်၊ ကိုသာလွန်ဦးကိုလည်း ပြောလိုက်ပါ၊ ငါက သိပ်ကျေးဇူးတင်ပါတယ်လို့"

ဖြိုးအိသွယ်က ဖုန်းကို ကောင်တာပေါ်ပြန်ချလိုက်သည်။

ထိုစဉ်မှာပဲ…အောင်မြင့်မြတ်ဆိုင်ထဲသို့ဝင်လာခြင်းဖြစ်၏။

"အောင်မြင့်မြတ်ရေ…အတော်ပဲ၊ နင့်ကိုသတင်းထူး ပြောပြမယ်"

ဖြိုးက ကောင်တာအတွင်းသို့ဝင်နိုင်သည့် ဆင်နှားရွက်တံခါးလေးကို အောင်မြင့်မြတ်ဝင်သာအောင် ဖွင့်ပေးလိုက်လေသည်။

■

ဖြိုးက ဒေါက်တာအေးမြင့်ကြည်ဆီမှတစ်ဆင့်သိရသော ဒေါက်တာမြတ်သူပြောသည့်အဖြေကို အောင်မြင့်မြတ်သိအောင် ပြောပြလိုက်သည်။

"တကယ့်လူဝင်စားဟ ကိုက, ချမ်းအေးကပါတဲ့ အောင်မြင့်မြတ်ရေ၊ သူ့အဖေ ဒေါက်တာမြတ်သူကိုယ်တိုင်က ပြောလိုက်တာ"

"ဒါဆိုလည်း ရှင်းသွားပြီပေါ့ဖြိုး၊ ငါလည်း နင့်အတွက် အ



www.burmeseclassic.com

www.burmeseclassic.com



ထောက်အကူဖြစ်မယ်ထင်လို့ အိမ်မှာတွေ့တဲ့ဓာတ်ပုံတစ်ထပ်ကို ယူလာပေးတာဖြိုး"

"ဟင်…ဓာတ်ပုံ"

"ဟုတ်တယ်၊ ဟောဒီမှာ…"

အောင်မြင့်မြတ်က စက္ကူအိတ်ဖြင့်ထည့်ထားသောဓာတ်ပုံအိတ်ကို ဖြိုးရှေ့ကစားပွဲပေါ်တွင်ချလိုက်သည်။

"ဒီဓာတ်ပုံတွေက တခြားမဟုတ်ဘူးဖြိုး၊ လွန်ခဲ့တဲ့၂၃-နှစ်က ငါတို့ပြင်ဦးလွင်သွားတုန်းက ရိုက်ထားတဲ့ပုံတွေ"

"အို…"

"ငါတို့အဖြစ်ဆိုးကြီးကို သတိရမှာစိုးလို့ ငါ ဒီဖလင်တွေကို ကူးတောင်မကူးခဲ့ပါဘူးဟာ၊ ငါ့အဖေက ကူးထားတာလေ၊ ငါ ဒီပုံတွေကို တစ်ခါပဲကြည့်ပြီး စိတ်မကောင်းဖြစ်လွန်းလို့ အပြီးအပိုင်သိမ်းထားခဲ့တာ၊ နင်တို့ကိုတောင် မပြခဲ့ဘူး၊ မနေ့ကမှ အိမ်ရှင်းရင်း ထွက်လာလို့ ငါ့ သားက ငါ့ကိုပေးလိုက်တာ၊ နင် ဓာတ်ပုံတွေကိုပြန်ကြည့်ရင် တစ်ခုခု အကြံရမယ်ထင်လို့ ယူလာခဲ့တာပဲ"

"အောင်မြင့်မြတ်ရယ်…ကျေးဇူးတင်လိုက်တာဟယ်"

ဖြိုးကပြောပြောဆိုဆို ဓာတ်ပုံအိတ်ကိုယူကာ အထဲမှဓာတ်ပုံများကိုဆွဲထုတ်လိုက်သည်။

ဖလင်တစ်လိပ်စာဓာတ်ပုံများထွက်လာသည်။

ဓာတ်ပုံများထဲတွင် သူတို့သူငယ်ချင်းအုပ်စု၏ ငယ်စဉ်ကပုံရိပ်များကို ပြန်မြင်လိုက်ရသည်။ ဓာတ်ပုံများမှာ နှစ်ရှည်လများထပ်ထားသည့်အတွက် ရှေ့ပုံ၏ကျောဖက်နှင့် နောက်ပုံ၏မျက်နှာစာ ကပ်နေပြီး တချို့ပုံများမှာ ဆေးသားများကွာနေသည်။ သို့သော် …ငယ်စဉ်ကတည်းက ဓာတ်ပုံကို လက်ရာကောင်းကောင်းရိုက်တတ်သောအောင်မြင့်မြတ်၏ ရိုက်ကွင်းရှုထောင့်ရွေးချယ်တတ်မှုကြောင့် ဓာတ်ပုံများက ထင်ထင်ရှားရှား ပြတ်ပြတ်သားသားနှင့် ကြည့်လို့ကောင်းနေပါသည်။

ဖြိုးက ဓာတ်ပုံများကို အစဉ်အတိုင်း တစ်ပုံချင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သူငယ်ချင်းတစ်သိုက် ကားပေါ်တွင်ပျော်မြူးနေကြပုံများ၊ ဂစ်တာတီးနေသော စိုးရနှင့်ကျော်ဇင်ထူး၊ သီချင်းဆိုနေသည့် အေးမြင့် ကြည်နှင့်သီသီမာ။ ဆယ်တန်းအောင်ခါစလူငယ်လေးများ၏ လတ်ဆတ် ရွှင်လန်းသောအပြုံးများက ယခုတိုင် ရွှန်းလက်နေဆဲပါပေ။

နောက်တစ်ပုံကတော့ ရှေ့ခုံတွင်ထိုင်နေသောဖြိုးအိသွယ်ဆီကို ကျော်ဇင်ထူးအား စိုးရနှင့်အောင်အောင်ဦးက တွန်းပို့နေသည့်ပုံ။ ပုံထဲ တွင် ဖြိုးအိသွယ်၏ရှက်နေဟန်ကိုမြင်နေရသည်။

"အို..."

ပြင်ဦးလွင်အသွား ကားပေါ်မှာ သူတို့နှစ်ယောက်ကိုစနောက် ကာ အတူတွဲထိုင်ဖို့ အတင်းတွန်းလွှတ်နေသည့်ပုံဖြစ်ပါသည်။

နောက်ပုံများကတော့ ဘီအီးရေတံခွန်၊ ရက္ခဗေဒဥယျာဉ်နှင့် ပိတ် ချင်းမြောင်တို့မှာရိုက်ထားသောပုံများ အစဉ်အတိုင်းထွက်လာလေသည်။ မိန်းကလေးများ တစ်ဦးချင်းရိုက်ထားသည့်ပုံ၊ အုပ်စုလိုက်ရိုက်ထားသည့် ပုံများ။ ပုံတော်တော်များများတွင် အောင်မြင့်မြတ်မပါ။ သူက ဒိုင်ခံ ဓာတ်ပုံရိုက်ပေးသူမို့ သူ့ပုံအပါနည်းခြင်းဖြစ်သည်။ အောင်မြင့်မြတ် ပါသော ပုံများမှာတော့ စိုးရပုံများမပါပြန်ပါ။ အောင်မြင့်မြတ်ဓာတ်ပုံ အရိုက်ခံ သည့်အခါ စိုးရက ကင်မရာကိုတစ်လှည့်ယူပြီးရိုက်ပေးခဲ့တာကို ဖြိုး သတိရမိသည်။

ဖြိုးသည် ဓာတ်ပုံထဲမှကွယ်လွန်သွားသူ သူငယ်ချင်းများပုံကို ကြည့်ကာ မျက်ရည်စို့လာသည်။ မကြာခင်အပြန်လမ်းမှာ တစ်သက်လုံး မမေ့နိုင်မယ့်အဖြစ်ဆိုးကြီးနဲ့ကြုံရတော့မယ်ဆိုတာကို ကြိုသိမထားလို့ အစွမ်းကုန်ပျော်နေကြတာပါလား။

ဖြိုးက နောက်ဆုံးဓာတ်ပုံတစ်ပုံကိုလှန်လိုက်သည်။

"ဟင်..."

ဓာတ်ပုံထဲတွင် ချောက်ကကမ်းပါးထိပ်မှာရပ်နေသော ကျော် ဇင်ထူး နှင့်ဖြိုးအိသွယ်တို့စုံတွဲ၊ နောက်ခံက ညနေရီတိမ်ရောင်စုံများနှင့်။

"ဒီ...ဒီပုံက"

"အဲဒီပုံက ပြန်ခါနီး နင်တို့နှစ်ယောက်ပျောက်နေတော့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်အော်ခေါ်တုန်းမှာ နှင်တို့က ရေတံခွန်ဘေးကနေ ပေါ်လာတာလေ၊ အဲဒီတုန်းမှာ ငါ အမိအရဆွဲရိုက်ထားတဲ့ပုံပေါ့"

"အို…ဟုတ်သားပဲ"

*ညနေငါးနာရီထိုးတော့ အောင်မြင့်မြတ်က ပြန်ကြဖို့ဆော်သြသည်။ သူငယ်ချင်းတွေကို လိုက်ရှာတော့ ကျန်သူအားလုံးဆုံမိသော်လည်း ကျော်ဇင်ထူး နှင့် ဖြိုးအိသွယ်ကို ရှာမတွေ့ကြ။*

*အားလုံးပင်…ကျော်ဇင်ထူးနှင့် ဖြိုးအိသွယ် နာမည်များကို အော်ခေါ်ရင်းလိုက်ရှာကြလေသည်။*

*နောက်ဆုံးတော့…ရေတံခွန်ထိပ်မှာရောက်နေသော သူတို့နှစ်ယောက်ကို ရှာလို့တွေ့သွားသည်။*

*"ဟေး…ငါတို့ဒီမှာကွ"*

*သူတို့နာမည်များကိုအော်ခေါ်ရင်း လိုက်ရှာနေကြသည့်သူငယ်ချင်းများကို ကျော်ဇင်ထူးက တစ်ဘက်ကမ်းထိပ်မှလှမ်းအော်ရင်း အသံပေးလိုက်သည်။*

*ရေတံခွန်နှင့်လိုဏ်ဂူရှိသည့်ဘက်မှာ လှိုဏ်ကြီး တစ်ခုခြားနေသည်။ ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ်က ချောက်ကမ်းပါးထိပ်တွင်ရပ်နေကြခြင်းဖြစ်သည်။*

*အောင်မြင့်မြတ်က ထိုမြင်ကွင်းကို အလွတ်မခံဘဲ သည်ဘက်ကမ်းမှလှမ်း၍ ဓာတ်ပုံရိုက်လိုက်လေသည်။*

*"အကောင်းဆုံးပုံပဲဟေ့"*

*အေးမြင့်ကြည်က အော်လိုက်သည်။*

*တကယ်လည်း ထိုပုံလေးမှာ သဘာဝကျစွာဖြင့် လှပနေမည်မလွဲပေ။ ချောက်ကမ်းပါးထိပ်မှာ ရပ်နေသောချစ်သူစုံတွဲ၊ နောက်ခံက ညနေရီ တိမ်ရောင်စုံများနှင့်။*



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံက အဲဒီနေ့က နောက်ဆုံးရိုက်ခဲ့တဲ့ပုံပဲဖြီး၊ ဒီပုံလည်း ရိုက်ပြီးရော ဖလင်ကုန်သွားတာပဲ"

"ဟုတ်တယ်...ငါမှတ်မိပြီ"

*"အေး...ဒါနောက်ဆုံးပုံပဲ၊ ဖလင်လည်း ကုန်သွားပြီပေါ့"*

*အောင်မြင့်မြတ်က ကင်မရာကိုသိမ်းရင်း ပြောလိုက်သည်။*

***ကျော်ဇင်ထူးနှင့်ဖြိုးအိသွယ် သည်ဘက်ကမ်းကိုပြန်ရောက်လာတော့ အောင်မြင့်မြတ်က မေးလိုက်သည်။***

***"မင်းတို့ ဘာသွားလုပ်ကြတာလဲ"***

***ကျော်ဇင်ထူးက ပြောဖို့ပြင်သည်ကို ဖြိုးအိသွယ်က ကျော်ဇင်ထူးလက်ကိုလှမ်းဆွဲကာ ...***

***"ထူး...မပြောနဲ့၊ မပြောလိုက်နဲ့"***

***ဟု ဟန့်တားလိုက်သည်။***

*"ဟုတ်တယ်၊ မပြောဘူး၊ မင်းတို့ကိုမပြောနိုင်ဘူး"*

*"မပြောရင်လည်း နေပေါ့ကွာ"*

*ရယ်သံများဖြင့် ဆူညံသွားကြသည်။*

*ပျော်နေသူများအဖို့ ဘာမဆိုရယ်စရာဖြစ်နေခြင်းပင်ဖြစ်လေသည်။*

ဓာတ်ပုံကိုကြည့်ရင်း ဖြိုးသည် တစ်စုံတစ်ခုကိုသတိရလိုက်လေသည်။ ဖြိုးရှာနေသော ကျော်ဇင်ထူးနှင့်သူမတို့ နှစ်ယောက်တည်းသိတဲ့အဖြစ်အပျက်။ သမီးရည်းစားဆိုသော်လည်း ထူးနှင့်ဖြိုးသည် သူငယ်ချင်းများရှေ့တွင်သာနေခဲ့ကြသည်။ နှစ်ယောက်တည်း ခွဲပြီးမနေခဲ့ကြ။ ဖြိုးနှင့်ထူးတို့ နှစ်ယောက်တည်းခွဲနေဖူးသည့်အချိန်မှာ ပိတ်ချွင်း

www.burmeseclassic.com



မြောင်တွင် ရေတံခွန်ရှိရာ တစ်ဖက်ချောက်ကမ်းပါးကြီးဆီသို့ သွားခဲ့တဲ့ တစ်ချိန်ပဲ ရှိဖူးပါသည်။

ထိုအချိန်လေးမှာ …ဖြိုးနှင့်ထူးတို့ အမှတ်တရ
လုပ်ရပ်တစ်ခုကို လုပ်ခဲ့ကြပါသည်။

ဖြိုးအသိစိတ်ထဲမှာ လင်းလက်သွားကာ ထိုနေ့ကအဖြစ်ကို ပြန် သတိရလိုက်လေ၏။

"အောင်မြင့်မြတ်…ဒေါက်တာမြတ်သူ့ဆီကသိရတဲ့အဖြေဟာ ငါ့အတွက် အရေးကြီးဆုံးမဟုတ်တော့ဘူး၊ သူတို့နှစ်ယောက်ကို ဘယ်သူက ထူးဝင်းစားတယ်ဆိုတာ စမ်းသပ်ဖို့ အချက်အလက်တစ်ခု ငါ့မှာရလိုက်ပြီ အောင်မြင့်မြတ်"

"ဟင်…ဘာလဲဖြိုး"

"ဘာဆိုတာ နင့်ကိုလည်း မပြောသေးဘူး၊ ဘယ်သူ့ကိုမှလည်း မပြောသေးဘူးအောင်မြင့်မြတ်၊ အဲဒီအချက်က ငါနဲ့ထူးနဲ့နှစ်ယောက် တည်းသိတဲ့အချက်ပဲ၊ အဲဒီအချက်ကို ပြန်ဖော်နိုင်တဲ့လူဟာ ထူးလူဝင်စား ဆိုတာ သေချာသွားတာပေါ့ဟာ"

"လူဝင်စားအစစ်က ကိုကဆိုတာ သိနေရပြီလေ"

"သိနေရပေမယ့် ဒါကိုပြောပြလိုက်ရင် ကိုခက ငြင်းချင်ငြင်း နေဦးမှာလေ၊ သူ့အဖေဒေါက်တာမြတ်သူ့အမှတ်မှားလို့ပါလို့ ဆင်ခြေ ချင်ပေးနေဦးမှာ၊ အဲဒီတော့…ဒေါက်တာမြတ်သူပြောတဲ့အဖြေကို လိုက်တော့မယ်အောင်မြင့်မြတ်၊ ငါတို့နှစ်ယောက်ထဲသိတဲ့မြှုပ်ကွက်ကို ပြန်ဖော်ခိုင်းတော့မယ်၊ ဒါဆိုရင် အတုအယောင်ဟာ ဘယ်လိုမှ လို့မရတော့ဘူးပေါ့"

"ဖြစ်ပါ့မလားဖြိုး"

"ဖြစ်ပါတယ်ဟာ၊ ဒီ မြှုပ်ကွက်ကို ငါကိုယ်တိုင် ဒီဓာတ်ပုံတွေကြည့်ရလို့ ပြန်သတိရတာ၊ ငါ့လိုပဲ ထူးဝင်စားတဲ့ ဓာတ်ပုံကိုကြည့်ရရင် အဲဒီမြှုပ်ကွက်ကို ပြန်ပြီးသတိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်…ခါတ်ပုံတွေငါယူလာတာ အကျိုးရှိသွားတာပေါ့"

"အဲဒါကြောင့်…နင့်ကိုကျေးဇူးတင်တယ်လို့ပြောတာပေါ့ အောင်မြင့်မြတ်၊ ဒီပြဿနာကို နင်နဲ့အကြည့်ရှေ့မှာပဲ ရှင်းခိုင်းမှာပါ၊ ပြောနေကြာတယ်၊ ကိုကနဲ့ကိုခကို အခုပဲခေါ်လိုက်တော့မယ် အောင်မြင့်မြတ်။ နင်လည်း မပြန်နဲ့ဦး"

ဖြိုးအိသွယ်က ဒေါက်တာအေးမြင့်ကြည်ဖုန်းကို အရင်ဆက်လိုက်သည်။

"အကြည်…နင်ဘယ်မှာလဲ၊ ဆေးခန်းမသွားရသေးဘူးလား၊ ဒါဆိုအတော်ပဲ၊ နင် ငါ့ဆိုင်ကိုလာခဲ့ပါ၊ ဒီမှာ အောင်မြင့်မြတ်လည်း ရောက်နေတယ်၊ လူဝင်စားအစစ်ဘယ်သူဆိုတာ စမ်းသပ်နိုင်တဲ့နည်းလမ်း ရနေပြီ အကြည်၊ ငါ ကိုကနဲ့ကိုခကိုလည်း ခေါ်ထားလိုက်မယ်၊ ဒီရောက်မှ အကျိုးအကြောင်းရှင်းပြမယ်၊ ဆိုင်ကိုသာ နာရီဝက်အတွင်း ရောက်အောင်လာခဲ့နော်"

ထို့နောက်…သူ့ခစ်အိမ်ရုံးခန်းဖုန်းကိုခေါ်လိုက်ပြန်သည်။

"အခုပြောတာ ဘယ်သူလဲ၊ ကိုကလား ကိုခလား၊ ကိုခ ဖြိုးပါ၊ ကိုကရော ကိုခပါ ဖြိုးဆီကို အမြန်ဆုံးလာခဲ့ကြပါ၊ ဆိုင်ကိုလာခဲ့ပါ၊ နှစ်ယောက်စလုံးအတူတူလာရမှာနော်၊ အရေးကြီးတယ်၊ ဖြိုး စောင့်နေမယ်၊ ဆိုင်ကို နာရီဝက်အတွင်းရောက်အောင်လာခဲ့ပါ၊ ကိုကရော ကိုခရော နှစ်ယောက်စလုံးအတူတူလာရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက လက်ကိုင်ဖုန်းကိုပြန်ချထားလိုက်သည်။

အောင်မြင့်မြတ်ကိုပြောလိုက်သည်။

"ဓာတ်သိမ်းခန်းက...မဝေးတော့ပါဘူးအောင်မြင့်မြတ်ရေ၊ ဓာတ်သိမ်းဖို့ နီးလာပါပြီ၊ ပွဲကြည့်ပရိသတ်အနေနဲ့သာ ထိုင်ကြည့်နေပေတော့"

ဖြိုးအိသွယ်၏ရွှေဆိုင်ထဲသို့ ဒေါက်တာအေးမြင့်ကြည် အရင်ရောက်လာသည်။

အေးမြင့်ကြည်ရောက်လာပြီး မရှေးမနှောင်းပင် ကိုကနှင့်ကိုခတို့ ရောက်လာကြလေ၏။

ချမ်းအေးကနှင့်ချမ်းငြိမ်းခ ဆိုင်ထဲသို့ဝင်အလာတွင် အားလုံး ပင်မျက်လုံးပြူးသွားကြလေ၏။

သူတို့သည် အလုပ်ချိန်ဖြစ်၍ သုခစံအိမ်ဆေးရုံ၏ ဝန်ထမ်း ယူနီဖောင်းကိုဝတ်ထားကြသည်။ ယူနီဖောင်းဖြစ်၍ အဝတ်အစားတွင် မည်သည့်ကွဲပြားမှုမှမရှိဘဲ ညီတူညာတူဖြစ်နေသည်။ ရုပ်ချင်းကလည်း ခွဲမရအောင်ဆင်တူပြီးဖြစ်နေရာ ဖြိုးနှင့်တကွ ဒေါက်တာအေးမြင့်ကြည်ရော အောင်မြင့်မြတ်ပါ ဘယ်သူက ကိုက၊ ဘယ်သူက ကိုခ...ဆိုတာ မခွဲခြားနိုင်တော့ပေ။

သုခစံအိမ်ယူနီဖောင်းမှာ ဘောင်းဘီအညိုရောင်နှင့်အင်္ကျီ အဖြူရောင်ဖြစ်သည်။ အင်္ကျီမှာ ကုတ်အင်္ကျီဖြစ်ပြီး ပခုံး၌ဒေါက်ပါသည်။ အင်္ကျီလက်မောင်းနှစ်ဖက်တွင် သုခစံအိမ် လိုဂို တံဆိပ်ကို အဝတ်စဖြင့် ကပ်ချုပ်ထားသည်။

အရုပ်မြင့်၍ထွားကျိုင်းသော ကိုကနှင့်ကိုခနှစ်ယောက်လုံးမှာ ယူနီဖောင်းနှင့်လိုက်ဖက်နေကြပါ၏။

အိပ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com


ကိုကနှင့်ကိုခက ဆင်နားရွက်တံခါးလေးကိုတွန်းဖွင့်ပြီး ဖြိုး အိသွယ်တို့ထိုင်နေသည့်စားပွဲရှေ့သို့ရောက်လာလေသည်။ နှစ်ယောက် ပြိုင်တူ ဖြိုးအိသွယ်ရှေ့တွင်ရပ်လိုက်သည်။

"ထိုင်ပါ…ကိုကနဲ့ကိုခတို့…"

ဘယ်သူက ဘယ်သူဆိုတာ ကွဲကွဲပြားပြားမသိတော့၍ ဖြိုးက နှစ်ယောက်စလုံးကိုရည်ညွှန်း၍ပြောလိုက်သည်။

နှစ်ယောက်သား ကုလားထိုင်တစ်လုံးစီတွင် ဝင်ထိုင်လိုက်ကြ၏။

ဖြိုးအိသွယ်က ချောင်းဟန့်ကာ လည်ချောင်းရှင်းရှင်း စပြော လိုက်သည်။

"ကိုကနဲ့ကိုခ…ကျော်ဇင်ထူးဝင်စားတာ သူပါကိုယ်ပါလို့ ငြင်း ခုန်နေကြတယ်နော်၊ ယောဒီဓာတ်ပုံတွေကိုကြည့်ရင်တော့ ထူး ဝင်စားတဲ့ လူဟာ ဟိုတုန်းကအဖြစ်တစ်ခုကို မှတ်မိနိုင်ပါတယ်"

ဖြိုးအိသွယ်က ဓာတ်ပုံများကို ထပ်ရက်မဟုတ်ဘဲ စားပွဲပေါ်တွင် တစ်ပုံချင်းဖြန့်ချပြလိုက်သည်။

"ဟင်…"

"ဟာ…"

နှစ်ယောက်စလုံးထံမှ အာမေဋိတ်သံထွက်ပေါ်လာပြီး ဓာတ်ပုံ များကို ငုံ့ကြည့်လိုက်သည်။

တစ်ယောက်က ဓာတ်ပုံတစ်ချို့ကို ကောက်ကိုင်ကာကြည့်လိုက် ၏။ တစ်ယောက်ကတော့ စိတ်ပျက်အားလျော့သည့်ပုံစံဖြင့် စားပွဲပေါ်မှ ဓာတ်ပုံများကို ငုံ့ရုံငုံ့ကြည့်နေလေသည်။

"ဒါ…ဒါ ဟိုတုန်းက ပြင်ဦးလွင်အသွားမှာ ရိုက်ထားတဲ့ ပုံ တွေပဲ"

ဓာတ်ပုံကိုကိုင်ကြည့်သူက ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ထူးတကယ်ဝင်စားတဲ့လူဟာ ဒီဓာတ်ပုံတွေ ထဲက တစ်ပုံကိုကြည့်ရုံနဲ့ အရင်ဘဝက ဖြိုးနဲ့အတူတူလုပ်ခဲ့တဲ့မြှုပ်ကွက် တစ်ခုကို မှတ်မိပါလိမ့်မယ်"

"မြှုပ်ကွက် …"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ထူးနဲ့ဖြိုးနဲ့ နှစ်ယောက်တည်းသိတဲ့ မြုပ်ကွက်တစ်ခုကို ပြင်ဦးလွင်မှာလုပ်ခဲ့ကြတယ်လေ"

ဖြိုးက စကားကိုဖြတ်ကာ ရှေ့မှနှစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။ နှစ်ယောက်စလုံးက စိတ်ပျက်အားလျော့သည့်ပုံစံများပေါ်လွင်နေသည်။

"ထူးဝင်စားတဲ့လူဟာ ဒီမြုပ်ကွက်ကို အလွယ် တကူပဲ ဖော်ထုတ်နိုင်မှာပါ၊ ဖြိုးကို ထူးလူဝင်စား အစစ်ဆိုတာသိသာအောင် အဲဒီမြုပ်ကွက်ကို ဖော်ပေးပါ၊ မြုပ်ကွက်ကို ဖော်နိုင်တဲ့သူဟာ ကျော်ဇင်ထူး လူဝင်စားပါပဲ"

ဖြိုးက ရှေ့မှအမြွှာညီအစ်ကိုနှစ်ယောက်ကို အကဲခတ်လိုက်ပြန်သည်။

"ဓာတ်ပုံတွေကိုကြည့်ပြီးပြန်စဉ်းစားရင် ပေါ်နိုင်ပါတယ်လေ၊ အဲဒီတော့…ကိုကနဲ့ကိုခ ဒီဓာတ်ပုံတွေကို ယူသွားကြပါ၊ ဒီတစ်ည ပြန်စဉ်းစားကြည့်ပေါ့၊ လွန်ခဲ့တဲ့ ၂၃-နှစ်ကလုပ်ခဲ့တဲ့ မြုပ်ကွက်ရဲ့အဖြေကို မနက်ဖြန် ဖြိုးသိချင်ပါတယ်၊ ဟောဒီမှာ သက်သေအနေနဲ့ အောင်မြင့်မြတ်နဲ့အကြည်လည်း ရှိတယ်၊ ကဲ- ကိုကနဲ့ကိုခ၊ ဓာတ်ပုံတွေကိုယူပြီးပြန်နိုင်ပါပြီ၊ မနက်ဖြန်မှာ မြုပ်ကွက်ရဲ့အဖြေနဲ့အတူတူရောက်လာမယ့် လူကို ကျော်ဇင်ထူးလူဝင်စားအနေနဲ့ ဖြိုး ကြိုနေပါ့မယ်"

တစ်ယောက်က ဓာတ်ပုံများကို သိမ်းကျုံးယူလိုက်သည်။

နောက်တစ်ယောက်ကလည်း ဓာတ်ပုံတစ်ဝက်ကို အားကျမခံယူ၍ထပ်လိုက်လေသည်။

ပြီးတော့…နှစ်ယောက်သား ဆိုင်ထဲမှအတူထွက်ခွာသွားကြလေတော့၏။ ဆိုင်ထဲမှာကျန်ရစ်ခဲ့သော သူငယ်ချင်းသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေ၏။

"လူဝင်စားဘယ်သူဆိုတာ ဖော်ထုတ်ဖို့ထက် ဒီနှစ်ယောက် ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ကိုက၊ ဘယ်သူက ကိုခဆိုတာ ဖော်ထုတ်ဖို့ကို မလွယ်ဘူး နော်ဖြိုး''

အောင်မြင့်မြတ်က ပြောလိုက်သည်။

''ဟုတ်တယ်၊ ယူနီဖောင်းဆင်တူဝတ်ထားတော့ နေ့တိုင်းမြင်တွေ့နေရတဲ့ငါကိုယ်တိုင်တောင် ကိုကနဲ့ကိုခကို မခွဲတတ်ဘူးဟာ''

ဒေါက်တာအေးမြင့်ကြည်က ထောက်ခံလိုက်လေသည်။

''ဒါပေမယ့်...လူဝင်စားကတော့ တစ်ယောက်ပဲဖြစ်နိုင်တယ်လေ၊ မနက်ဖြန်မှာ တူးဝင်စားတဲ့လူဟာ အဖြေနဲ့အတူတူ ဖြိုးဆီကို ရောက်လာပါလိမ့်မယ်''

''လူဝင်စားအစစ်က ကိုကဆိုတာ ဒေါက်တာမြတ်သူပြောလို့ သိပြီးပြီလေဖြိုး၊ နင်ဘာတွေလျှောက်လုပ်နေတာလဲ''

''လက်ဆုပ်လက်ကိုင် သက်သေနဲ့တကွ ဖော်ထုတ်ချင်လို့ပါ အကြည်''

''နင်ဖော်ခိုင်းတဲ့မြုပ်ကွက်က ဘာလဲဖြိုး''

ဖြိုးက အသိရခက်စွာ ပြုံးလိုက်၏။

''အဲဒါတော့ နင်တို့နှစ်ယောက်စလုံးကိုပါ မြုပ်ကွက်လုပ်ထားဦးမယ်၊ မပြောသေးဘူး၊ မနက်ဖြန်ကျမှပြောပြတော့မယ်ဟာ''

''ပဟေဠိဆန်လှချည်လား ဖြိုးရယ်''

''ပဟေဠိပုစ္ဆာက အဖြေထွက်တော့မှာပါ၊ မနက်ဖြန်ဆို ဒီ ဇာတ်လမ်း ...က်သိမ်းပါပြီလေ၊ စိတ်ရှည်လက်ရှည် စောင့်ကြည့်ကြပါဦး''

အောင်မြင့်မြတ်နှင့်အေးမြင့်ကြည်က ပြိုင်တူသက်ပြင်းချလိုက်ကြလေသည်။

အဒိဂ်ဂ်အညာ်းလည်း

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၈)

ကသည် ဆေးခန်းသို့ပြန်ရောက်ရောက်ချင်း ဖြိုးဆီမှယူလာသော ဓာတ်ပုံများကိုကြည့်ကာ စဉ်းစားနေသည်။ ဓာတ်ပုံများကိုကြည့်၍ ယခင်ဘဝက ကျော်ဇင်ထူးအဖြစ်နှင့် ပြင်ဦးလွင်ကိုသွားခဲ့သည့် ခရီးစဉ်ကို မှတ်မိလာပါသည်။

သို့သော်...ဖြိုးပြောလိုက်သော မြှုပ်ကွက်ဆိုသည်ကို သူ စဉ်းစားလို့ မရခဲ့ချေ။ ဘယ်လိုပင် စဉ်းစား,စဉ်းစား ပေါ်မလာခဲ့ပါချေ။

ဘာမြှုပ်ကွက်လဲ၊ ဖြိုးနဲ့ကျော်ဇင်ထူးနဲ့ နှစ်ယောက်တည်းသိတဲ့ မြှုပ်ကွက်ဆိုတာဘာလဲ။ ကိုကသည် ကျော်ဇင်ထူးဝင်စားသည်မှာ မှန်သော်လည်း တစ်ဘဝခြားသွားပြီ ဖြစ်သော အဖြစ်များကို အသေးစိတ် တစ်ခုချင်းတော့မမှတ်မိနိုင်ပေ။ သူ မမှတ်မိတော့သောအဖြစ်များထဲတွင် ဖြိုး ပဟေဋ္ဌိလုပ်လိုက်သော "မြှုပ်ကွက်"လည်း ပါနေသည်။

ကိုကသည် တစ်နေ့လုံး ရုံးခန်းထဲတွင်ထိုင်ကာ ဓာတ်ပုံများကိုကြည့်ရင်း မြှုပ်ကွက်ကိုစဉ်းစားနေခဲ့၏။ အခြားအလုပ်များကိုပင် မလုပ်နိုင်တော့ပါ။ ထမင်းကိုလည်း ဖြောင့်အောင်မစားနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကနားချိန်မှာ တိုက်အိမ်လေးဆီပြန်လာပြီး ဆက်စဉ်းစားသည်။

ညသန်းခေါင်တိုင်အောင်စဉ်းစားသော်လည်း "မြုပ်ကွက်"သည် သူ့ဦးနှောက်ထဲတွင်ပေါ်မလာခဲ့ပါ။

ကိုကသည် အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်နှင့် မြုပ်ကွက်ကိုပေါ်လာနိုးစဉ်းစားနေခဲ့သည်။

ဖြိုးပေးလိုက်သောအချိန်က ၂၄နာရီသာဖြစ်သည်။ မနက်ဖြန်မှာ မြုပ်ကွက်အဖြေကို ယူလာခဲ့ပါတဲ့။ ဒီမြုပ်ကွက်ကိုမဖော်နိုင်တာနဲ့ပဲ ကိုယ့်ကို ကျော်ဇင်ထူးလူဝင်စားမဟုတ်ဘူးလို့ သတ်မှတ်လိုက်တော့မှာလား ဖြိုးရယ်...။

ကိုက,က သူ့လက်ထဲမှဓာတ်ပုံများကို မရေတွက်နိုင်သော အကြိမ်မြောက်အဖြစ် ကြည့်လိုက်ပြန်သည်။

သူနှင့်ဖြိုးတို့ နှစ်ယောက်တည်းပါသောဓာတ်ပုံက တစ်ပုံတည်းသာ။ ဖြိုးနှင့်သူ ရေတံခွန်ကြီးထိပ်မှာရပ်နေပုံဖြစ်သည်။ ထိုပုံကို အောင်မြင့်မြတ်က တစ်ဖက်ကမ်းကနေ သူတို့နာမည်ကိုလှမ်းခေါ်ရင်း သူတို့လှည့်အကြည့်တွင် ရိုက်ထားခြင်းဖြစ်သည်။ ဓာတ်ပုံထဲတွင် ကျော်ဇင်ထူးရော ဖြိုးပါ ပြုံးရယ်နေကြသည်။ နောက်ခံတိမ်တိုက်များက ရောင်စုံပြေးနေသည်။ သိပ်လှတဲ့ ဓာတ်ပုံကလေး။

ခရီးစဉ်တစ်လျှောက်လုံးမှတ်မိနေပါလျက် မြုပ်ကွက်ဆိုသည်ကို ဘာလို့ သတိမရတာပါလိမ့်။

ချမ်းအေးကသည် ခုတင်ပေါ်တွင် လှဲလိုက်ထိုင်လိုက်ဖြင့် ဗျာများကာ မြုပ်ကွက်ပေါ်လာနိုးစဉ်းစားနေလေသည်။

စေ့ထားသောတံခါးမှ လှာချောင်းကြည့်နေသောခ,ကို က, သတိမထားမိပါ။

ခ,သည် အခန်းထဲမှ က,ကို မကြာခဏလာချောင်းကြည့်နေလေ၏။

အိပ်ဆည်းလည်း

www.burmeseclassic.com



ကိုခ(ခေါ်)ချမ်းငြိမ်းခ စိတ်ပျက်လက်ပျက်ဖြစ်နေရပါသည်။

ဒီပွဲမှာ သူရှုံးတော့မယ်ထင်ပါရဲ့။ သူသည် ကျော်ဇင်ထူးဝင်စား သူအဖြစ် ဟန်ဆောင်နေသူသာဖြစ်သည်။ ကျော်ဇင်ထူးနှင့်ရုပ်ချင်းတူသည် ကို အကြောင်းပြုကာ လူဝင်စားဟန်ဆောင်ခဲ့သည်။

ကိုခဟန်ဆောင်ခဲ့ခြင်းမှာ ဖြိုးအိသွယ်ကိုချစ်တာတစ်ခုတည်း ကြောင့်ဖြစ်ပါသည်။ ဖြိုးအိသွယ်ကို မစွန့်လွှတ်နိုင်သောကြောင့်ဖြစ်ပါသည်။ ဖြိုးအိသွယ်အချစ်ကို ရလိုဇောကြောင့်သာဖြစ်ပါသည်။

ထို့ကြောင့်. . .ကိုကရောက်လာသည့်အချိန်တွင်လည်း သူသာ လူဝင်စားဖြစ်သယောင် ဆက်ပြီးဟန်ဆောင်နေခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ယောက်ကို လူဝင်စားအစစ်ဘယ်သူဆိုတာ မည်သူမှ ခွဲခြားမသိနိုင်ခဲ့ပါ။ ဦးကျော်ဇေယျနှင့်ဒေါ်နှင်းဆီတို့သိသွားသော်လည်း သူတို့၏လျှို့ဝှက်ချက်ပေါ်မည်စိုး၍ ထိုအကြောင်းကို အခြားသူများသိ အောင် ပြောမည်မဟုတ်ပေ။

ကိုခအတွက် ဟန်ဆောင်လို့ ရနေခဲ့ပါသေးသည်။

ခုတော့. . .အပွဲပွဲနွှဲလာသမျှ ကိုခတို့ ခံရတော့မည်ထင်သည်။

ဖြိုးဆီကဓာတ်ပုံတွေကို ဟန်မပျက်ယူလာသော်လည်း ဓာတ်ပုံ တွေကိုကြည့်ရုံနှင့် အတိတ်ဘဝကိုပြန်မှတ်မိစရာအကြောင်းမရှိတာကို သူ ကိုယ်တိုင်ပင် အသိဆုံးဖြစ်သည်။

ကျော်ဇင်ထူးနဲ့ဖြိုး နှစ်ယောက်တည်းသိတဲ့ "မြပ်ကွက်" တဲ့။

ဒီတစ်ခါတော့ က,ကို သူအရှုံးပေးလိုက်ရတော့မည်။ လူဝင်စား အစစ်ဖြစ်တဲ့ က,ဟာ မြပ်ကွက်ကိုဖော်နိုင်မှာအမှန်ပဲလေ။

ကိုခသည် ကိုကကို တစ်နေ့လုံး တစ်စေ့တစောင်းအကဲခတ် ခဲ့သည်။ စောင့်ကြည့်နေခဲ့သည်။ ထိုအခါ ကိုကကိုယ်တိုင် စိတ် စိတ်ရှုပ်ထွေးနေသည့်အမူအရာကို မြင်တွေ့နေရလေသည်။

ကိုကလည်း မြပ်ကွက်ကို ဖော်လို့မရသေးတာသေချာပါသည်။

ကိုခက ညပိုင်းတွင် ကိုကအခန်းထဲကို ချောင်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကသည် ခုတင်ပေါ်တွင် တလူးလူးတလိမ့်လိမ့်နှင့် ထလိုက် ထိုင်လိုက် ဖြစ်နေသည်။ စာတ်ပုံများကိုကြည့်ရင်းသက်ပြင်းတချချဖြစ်နေသည်။

ဒီပုံအတိုင်းဆိုရင် ကိုကလည်း မြှုပ်ကွက်ကိုမဖော်နိုင်သေးပါလား။ ကိုခ ဝမ်းသာသွားမိသည်။

ကိုက မြှုပ်ကွက်ကို သတိမရပါစေနဲ့။

ဒါမှသာ သူလည်း ဆက်ပြီးဟန်ဆောင်နိုင်မည်။ သူတို့နှစ်ယောက်ကို လူဝင်စားဘယ်သူဆိုတာမသိတဲ့ပတ်ဝန်းကျင်ကို ဆက်ပြီးလှည့်ဖြားနိုင်မည်။

ကိုခသည် ကိုကကိုချောင်းကြည့်နေရာမှလှည့်ထွက်ခဲ့ကာ သူ့အခန်းသူပြန်လာရင်း အိပ်ပစ်လိုက်လေသည်။

ညတစ်နာရီပင်ထိုးနေပါပြီ။

■

ကိုကသည် နောက်တစ်နေ့မနက်တွင် ၈နာရီထိုးမှ အိပ်ရာကနိုးလာသည်။

ညက ဘယ်အချိန်အိပ်ပျော်သွားသည်ပင်မသိလိုက်။

မြှုပ်ကွက်ကိုစဉ်းစားရင်းမှ တော်တော်နှင့်အိပ်မပျော်နိုင်ခဲ့။ နာရီကိုနောက်ဆုံးကြည့်မိသည့်အခါက်တွင် သုံးနာရီထိုးနေတာကို မှတ်မိသည်။ ဘယ်အချိန်မှာအိပ်ပျော်သွားသလဲတော့ မသိတော့ပါ။

ကိုက၊ ကိုခ အိပ်ရာမှထကာ မျက်နှာသစ်၊ ရေချိုးလိုက်သည်။

အိမ်လေးထဲမှာ ကိုခကိုမတွေ့ရတော့ပါ။ ကိုခ ဆေးခန်းထဲရောက်နေပြီ ထင်သည်။

ကိုကသည် ရေချိုးပြီး ဆေးရုံယူနီဖောင်းကိုလဲဝတ်လိုက်သည်။

သူတို့ညီအစ်ကိုနှစ်ယောက်အတွက် အစားအသောက်ကို ဆေးရုံဝင်းထဲမှဆိုင်မှာပင် လပေးဖြင့်စားပါသည်။ မနက်စာဘာရှိလဲဖတ်စ်ကအစ

www.burmeseclassic.com



နေ့လယ်စာ၊ ညနေစာ၊ လက်ဖက်ရည်သောက်သည်အဆုံး ဆေးရုံ ကန့်တင်းကဆိုင်မှာပင်စားသည်။

ကိုကသည် ယူနီဖောင်းလဲဝတ်ပြီးနောက် အိမ်လေးကိုသော့ခတ်ကာ ထွက်လာခဲ့သည်။

မလှမ်းမကမ်းမုန့်စားသောက်ဆိုင်ထဲတွင်ထိုင်နေသော ကိုခကို လှမ်းမြင်လိုက်ရသည်။

ကိုခသည်လည်း ယူနီဖောင်းလဲဝတ်ပြီးဖြစ်ကာ လက်ဖက်ရည်ထိုင်သောက်နေခြင်းဖြစ်ပါသည်။

ကိုခကလည်း အိမ်ထဲမှ ကိုကထွက်လာသည်ကို လက်ဖက်ရည်ဆိုင်ထဲမှ လှမ်းမြင်လိုက်ရသည်။

ကိုကသည် ဘရိတ်ဖတ်စ်စားရန် ကိုခထိုင်နေသော စားသောက်ဆိုင်ကိုပင် ဦးတည်၍ လမ်းလျှောက်လာခဲ့ပါသည်။

ကိုကခေါင်းထဲမှာ အစဉ်မပြတ်တွေးနေမိသည်က "မြှုပ်ကွက်" ပဲဖြစ်သည်။ မြှုပ်ကွက်ကို ဘာလို့စဉ်းစားလို့မရတာပါလိမ့်။ ဖြူးကိုအဖြေပေးရမည့်နေ့က ဒီနေ့ဖြစ်သည်။

မြှုပ်ကွက်...မြှုပ်ကွက်...ဘာပါလိမ့်။

ကိုကသည် စားသောက်ဆိုင်ကို လမ်းလျှောက်လာရင်းမှ မြှုပ်ကွက်ကိုပင် စဉ်းစားလာခဲ့သည်။

ထိုစဉ်တွင်...ဆေးရုံမှဆင်းခွင့်ရသောလူနာတစ်ယောက် ဆေးရုံထဲမှထွက်လာသည်ကိုတွေ့လိုက်ရသည်။ လူနာမှာ ကလေးလူနာ ဖြစ်ပါ၏။ လူနာကလေး၏အဖေက ကလေးကိုပွေ့ချီလျက် ဆေးရုံထဲမှ ထွက်လာသည်။ ကလေးအမေက နောက်မှပါလာသည်။ သူတို့ကိုစောင့်နေသော ကားက ဆေးရုံပေါ်တီကိုအောက်မှာ အသင့်စောင့်ဆိုင်းလျက်ရှိသည်။

ကလေးလူနာဖြစ်သည့်အားလျော်စွာ ကလေးအတွက်ကစားစရာများပါ ပြန်သယ်လာကြသည်။ ကစားစရာအရုပ်တွေကို ကလေးအဖေက သယ်လာ၏။ ကလေး၏ရင်ခွင်ထဲတွင်တော့ အရုပ်တစ်ခုပိုက်ထားလေသည်။

ကလေးပိုက်ထားသောအရုပ်က ဓီးကွက်ရုပ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကသည် ဘာရယ်မဟုတ်ပဲ ဆေးရုံမှဆင်းလာသည့် ကလေးလူနာမိသားစုကို လှည့်ကြည့်လိုက်မိသည်။

ကိုကမျက်လုံးထဲသို့ ကလေးပိုက်ထားသောဓီးကွက်ရုပ် ဝင်လာလေသည်။

မြှုပ်ကွက်;..မြှုပ်ကွက်...ဘာပါလိမ့်။

ကလေးလက်ထဲမှ ဓီးကွက်ရုပ်ကိုအမြင်တွင် ကိုက,ဦးနှောက်ထဲ၌ အသိတစ်ခု လက်ခနဲ ဝင်သွားလေသည်။

ဓီးကွက်...ဓီးကွက်...။

မြှုပ်ကွက်...မြှုပ်ကွက်...။

ဟာ...ဟုတ်ပြီ...ငါ သတိရပြီ။

ယခင်ဘဝက...ဖြိုးနှင့်အတူလုပ်ဆောင်ခဲ့သောလုပ်ရပ်ကို ကိုက သတိရသွားပါလေပြီ။

ဓီးကွက်-မြှုပ်ကွက်။

မြှုပ်ကွက်-ဓီးကွက်။

ဟုတ်ပြီ...။

ငါ သေချာသတိရပြီ။

ကိုကသည် စားသောက်ဆိုင်သို့ဦးတည်နေရာမှ ကားပါကင် ဆီသို့ မပြေးရုံတစ်မည် လျှောက်သွားလေတော့သည်။

ကားပါကင်တွင် အငှားကားသုံးစီးရပ်ထားသည်။ လူနာများနှင့်ဧည့်သည်များအတွက် အချိန်မရွေးအဆင်ပြေစေရန် ဆေးရုံမှ စီစဉ်ပေးထားသော ကားရပ်နားရန်နေရာဖြစ်ပါသည်။

အငှားကားသုံးစီးအဆင်သင့်ရှိနေ၏။ ဒရိုင်ဘာသုံးယောက်က ကားနားတွင် ရပ်စကားပြောနေကြသည်။

ကိုက အလျင်စလိုရောက်လာကာ ကားသမားများကိုလှမ်းမေးလိုက်သည်။

"ကား အားသလား"

"အားပါတယ်ဆရာ"

"အားရင် ကျွန်တော့်ကို ပြင်ဦးလွင်လိုက်ပို့စမ်းပါဗျာ"

www.burmeseclassic.com



"ဗျာ..."

"မြန်မြန်လုပ်ဗျ။ ကျွန်တော်ဘယ်ကားပေါ်တက်ရမှာလဲ၊ ဒီကားလား"

"ဟုတ်ကဲ့၊ အဲဒါကျွန်တော့်ကားပါ"

"ပြင်ဦးလွင်ကိုမောင်းဗျာ၊ ပိတ်ချင်းမြောင်အထိရောက်အောင် တစ်ခါတည်းမောင်း"

ကိုက,က ဒရိုင်ဘာထက်ဦးအောင် ကားတံခါးကိုဖွင့်၍ဝင်ထိုင်လိုက်ရင်း ပြောလိုက်သည်။

ဒရိုင်ဘာကိုစန်းအောင်သည် အလောတကြီးဖြစ်နေသည့် ကိုကကိုကြည့်ရင်း အံ့သြနေ၏။ ကားထဲဝင်ထိုင်ကာ ကားစက်ကို နှိုးလိုက်သည်။

သူ့သူငယ်ချင်း ဒရိုင်ဘာနှစ်ယောက်ကိုလက်ပြကာ ကားကို မောင်းထွက်ခဲ့လေ၏။

"အဲဒါ...အမြွာညီအစ်ကိုနှစ်ယောက်ထဲက ဘယ်သူလဲဗျ၊ အရင် ရောက်နေတဲ့ ကိုခဆိုတာလား၊ နောက်မှရောက်လာတဲ့တစ်ယောက်လား"

"ဘယ်သိမလဲကွ၊ သူတို့ညီအစ်ကိုနှစ်ယောက်က ဒါလောက်ရုပ်ချင်းတူနေတာ၊ မခွဲတတ်ပါဘူး"

"ဟုတ်တယ်နော်၊ တော်တော်တူတာပဲ"

ကျန်ခဲ့သောဒရိုင်ဘာနှစ်ယောက် ပြောဆိုနေကြခြင်းဖြစ်သည်။

"ကိုစန်းအောင်ကားကိုငှားသွားတာ အရင်ရောက်တဲ့ ကိုခ ဆိုတဲ့လူ မဖြစ်နိုင်ဘူးကွ၊ ကိုခက ငါတို့ကို သိနေခင်နေပြီလေ၊ ငါတို့ နာမည်ပါသိနေတာပဲ၊ ကိုစန်းအောင်ကို နာမည်ခေါ်ပြီး ကားငှားမှာပေါ့၊ တို့ကိုမသိသလိုဆက်ဆံသွားပုံထောက်တော့ နောက်ရောက်လာတဲ့တစ်ယောက်ပဲဖြစ်မှာပဲ"

"အေး...ဟုတ်တယ်"

"ဟော...ပြောရင်းဆိုရင်း...ဟိုမှာ နောက်ထပ်အမြွာ တစ်ယောက် လာနေပြီ၊ ကြည့်ပါဦးကွာ၊ နှစ်ယောက်စလုံး ယူနီဖောင်း အင်္ကျီတွေဝတ်ထားတော့ ဘယ်လိုလုပ်ခွဲလို့ ရတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာနှစ်ယောက်က သူတို့ဆီလျှောက်လာနေသော ကိုခကို ကြည့်ကာ ပြောနေကြခြင်းဖြစ်သည်။

သူတို့စကားပြောနေစဉ်မှာပင် ကိုခ သူတို့အနားသို့ရောက်လာလေ၏။

■

ကိုခသည် စားသောက်ဆိုင်ထဲတွင် ထိုင်နေရင်းမှ ကိုက ကားပါကင်ဆီသို့ပြေးသွားကာ အငှားကားတစ်စီးငှား၍ ထွက်သွားသည်ကို မြင်လိုက်ရသည်။ သူလည်း ဆိုင်ထဲမှအမြန်ထလာခဲ့ခြင်းဖြစ်ပါ၏။

အငှားကားများရပ်ထားရာနေရာရောက်တော့ အသင့်ရှိနေသည့် ဒရိုင်ဘာနှစ်ယောက်ကို မေးလိုက်သည်။

"ဟေ့...ခုနက ကျွန်တော့်အစ်ကို...ကိုစန်းအောင် ကားကို ငှားသွားတာမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"သူဘယ်ကိုငှားသွားတာလဲ၊ ခင်ဗျားတို့ကြားလိုက်သလား ကိုညီညီ"

"ကြားလိုက်တယ်ဗျ၊ ပြင်ဦးလွင်ကိုတဲ့"

"ဟင်..."

"ပြင်ဦးလွင်အထိတွင်မဟုတ်ဘူး၊ ပိတ်ချင်းမြောင်ရောက်အောင် အမြန်မောင်းဖို့ပါ ပြောသံကြားလိုက်တယ်"

"ဩော်...ဒီလိုကိုး၊ ကိုညီညီ၊ သူတို့ကားနောက်ကို ကျွန်တော်လိုက်မယ်ဗျာ၊ ခင်ဗျားပဲလိုက်ပို့ပေတော့၊ လာ-သွားမယ်၊ ကိုစန်းအောင်ကားကို မီအောင်သာမောင်းပေတော့ ကိုညီညီရေ"

ကိုညီညီကား ထွက်သွားသည့်အခါ ကားစတဲင်းတွင် ကိုသီဟာ၏ အငှားကားတစ်စီးသာကျန်ခဲ့ပေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



•

မနက်ပိုင်းဂျူတီဝင်ရန် ဒေါက်တာအေးမြင့်ကြည် သုခစံအိမ်သို့ ရောက်လာသည်။ ဒေါက်တာသာလွန်ဦးက လိုက်ပို့ခြင်းဖြစ်သည်။ ဒေါက်တာသာလွန်ဦးဂျူတီချိန်မှာ ဒီနေ့အတွက် ညပိုင်းကျမှ ဝင်ရမည် ဖြစ်သည်။ ဒေါက်တာသာလွန်ဦးက ဒေါက်တာအေးမြင့်ကြည်ကို လိုက်ပို့ရုံ လိုက်ပို့ခြင်းဖြစ်ပါသည်။

ဒေါက်တာအေးမြင့်ကြည်တို့ကားကလေး ဆေးရုံဝင်းထဲသို့ ဝင်အလာတွင် ကိုက ကားတစ်စီးငှား၍ထွက်သွားပုံ၊ ကိုခ နောက်မှလိုက်လာကာ အခြားကားတစ်စီးငှား၍ လိုက်သွားပုံများကို မြင်လိုက်ရလေသည်။

ကားပါကင်၌ ကားအရပ်တွင် ဒေါက်တာအေးမြင့်ကြည်က ကျန်နေသောဒရိုင်ဘာကိုသီဟကို မေးကြည့်လိုက်သည်။

"အမြဲညီအစ်ကိုနှစ်ယောက် ကားတစ်စီးစီငှားသွားတာ တွေ့လိုက်ပါတယ်၊ သူတို့ဘယ်ကိုသွားကြမယ်ပြောသွားကြသလဲ၊ ကြား လိုက်သေးလားကိုသီဟ"

"ကြားလိုက်တယ်ဆရာမ၊ ပထမတစ်ယောက်က ပြင်ဦးလွင်က ပိတ်ချင်းမြောင်အထိသွားဖို့ ကိုစန်းအောင်ကားကိုငှားတာ၊ နောက်တစ်ယောက်က ကိုညီညီကားကိုငှားပြီး ကိုစန်းအောင်ကားနောက်ကို လိုက်ခိုင်းတာ"

"ဟင်..."

ဒေါက်တာအေးမြင့်ကြည်က ဒေါက်တာသာလွန်ဦးကိုလှည့်ကြည့်ရင်းပြောလိုက်သည်။

"ဒီအတိုင်းဆို မလွယ်ဘူးထင်တယ့်ကို၊ ဟိုကိစ္စပဲထင်တယ်ကို မမြန်နဲ့ဦး၊ အကြည်...ဖြိုးဆီကို ဖုန်းဆက်ပြောလိုက်ဦးမယ်"

ဒေါက်တာအေးမြင့်ကြည်က လက်ကိုင်ဖုန်းဖြင့် ဖြိုးဖုန်းကို လှမ်းခေါ်လိုက်သည်။

"ဖြိုးလား...အကြည်ပါ၊ ငါ သုခစံအိမ်ကဆက်တာ ကိုက



www.burmeseclassic.com

www.burmeseclassic.com



ကိုခ တက်စီတစ်စီးစီငှားပြီး ပြင်ဦးလွင်ကိုသွားကြတယ် ဖြူး၊ နှစ်ယောက် အတူတူမဟုတ်ဘူး၊ တစ်ယောက်တစ်စီးစီ ငှားသွားတာ၊ ငါ မေးကြည့်တော့ နောက်တစ်ယောက်က ရှေ့တစ်ယောက်နောက်ကို လိုက်သွားတာတဲ့"

"ဒါဖြင့် အရင်ထွက်သွားတဲ့လူက ကိုကဖြစ်လိမ့်မယ် အကြည်"

"အေး…အရင်လူက ပိတ်ချင်းမြောင်အထိသွားမယ်ဆိုပြီး ငှားတာတဲ့၊ နောက်တစ်ယောက်က ရှေ့ကကားကိုမှီအောင်လိုက်ခိုင်း တာလို့ ပြောတယ်"

"ကိုကသွားတာ…ငါဖော်ခိုင်းတဲ့မြုပ်ကွက်ကိစ္စအတွက်ပဲ အကြည်၊ ကိုခ နောက်ကလိုက်သွားရင်တော့ ရှုပ်ကုန်တော့မှာပဲ"

"ဘာဖြစ်လို့လဲ"

"ငါစိုးရိမ်လို့၊ ငါ ပိတ်ချင်းမြောင်ကိုလိုက်သွားမှဖြစ်မယ် အကြည်"

"အို…နင်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"နင်လိုက်နိုင်မလားအကြည်"

"ငါ့မှာဂျူတီရှိတယ်၊ နေဦး…သူငယ်ချင်းတစ်ယောက်နဲ့ ဂျူတီ ချိန်းကြည့်ဦးမယ်၊ နင်တစ်ယောက်တည်းလိုက်သွားမှာကို ငါ စိတ်မချဘူး၊ ဂျူတီချိန်းလို့ရရင် ငါတို့ကားနဲ့ပဲသွားတာပေါ့၊ ကိုသာလွန်ဦးက ညပိုင်း မှဂျူတီဝင်ရမှာ၊ အခု အားနေတယ်"

"ဒါဖြင့်…စီစဉ်ကြည့်ပါဦး၊ နင်မလိုက်နိုင်ရင်လည်း အောင် မြင့်မြတ်ကို အကူအညီတောင်းပြီး ခေါ်သွားရမှာပဲ၊ ကားကတော့ ငါ့ကားကို သုံးရင်လည်းဖြစ်ပါတယ်၊ ငါ့ဆီကို ချက်ချင်းဖုန်းပြန်ဆက်နော်"

"အိုကေ…ဖြူး"

■



www.burmeseclassic.com

www.burmeseclassic.com



■

## အပိုင်း(၉)

■

မန္တလေးမှပြင်ဦးလွင်သို့အတက်ကားလမ်းမပေါ်တွင် ကားပေါင်း ... သွားလာလျက်ရှိပါသည်။

အမျိုးအစားစုံသော ကားကြီးကားငယ်များထဲတွင် ထူးခြားသောကားသုံးစီးပါဝင်လျက်ရှိသည်။

ရှေ့ဆုံးမှပြေးနေသောကားမှာ ဒရိုင်ဘာကိုစန်းအောင်မောင်းသော အငှားကားလေးဖြစ်ပြီး ကားပေါ်၌ ချမ်းအေးက(ခေါ်) ကိုက စီးနင်း လိုက်ပါလျက်ရှိသည်။

ကိုကသည် ပိတ်ချင်းမြောင်သို့ ရောက်လိုဇောအားကြီးလျက်ရှိသည်။ သူသည် မြှုပ်ကွက်ကိုဖော်ထုတ်လိုက်နိုင်သည့်အတွက် ကျေနပ်နေပေသည်။

ပိတ်ချင်းမြောင်ရေတံခွန်ကြီး၏ ကမ်းပါးယံပေါ်မှ ညောင်ပင်ကြီးအောက်တွင် လွန်ခဲ့သော၂၃-နှစ်ကမြှုပ်ထားခဲ့သော စီးကွက်ရုပ်ကလေး နှစ်ခုရှိနေပါစေလို့ ဆုတောင်းနေမိလေသည်။

ကိုစန်းအောင်ကားနောက်မှ ငါးမိုင်ခန့်အကွာတွင် လိုက်ပါလာသောကားမှာ ဒရိုင်ဘာကိုညီညီမောင်းသောကားဖြစ်ပါသည်။ ကားပေါ်တွင် ကိုခ(ခေါ်)ချမ်းငြိမ်းခ လိုက်ပါလာသည်။

www.burmeseclassic.com



ကိုခသည် ကိုက သွားသောနောက်ကိုလိုက်လာရသော်လည်း ဘာမျှရေရာမှုမရှိပါ။

ကိုကသွားနေတာ ဖြိုးဖော်ထုတ်ခိုင်းသော မြုပ်ကွက်ကိုစူဖြစ်မှာ ကတော့ သေချာသည်။ ဓာတ်ပုံများအရ ကိုကသည် ယခင်ဘဝက ဖြိုးနှင့် အတူ ပိတ်ချင်းမြောင်ကိုရောက်ခဲ့ဖူးသည်။ ပိတ်ချင်းမြောင်မှာ သူတို့ဘာတွေ လုပ်ခဲ့သလဲ ကိုခ မသိနိုင်ပါပေ။

ကိုခလိုက်လာခြင်းမှာ သူ၏ဟန်ဆောင်ဘဝကိုအာကွယ်ရန် အတွက်ဖြစ်ပါသည်။ ဘာလုပ်မယ်လို့ ရည်ရွယ်ချက်မည်မည်ရရမရှိဘဲ ကြုံသလိုကြည့်လုပ်ရန် ကိုကနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်ပါ၏။

"ကိုစန်းအောင်ကားကို မီအောင်မောင်းစမ်းပါ ကိုညီညီ၊ သူတို့ ကားနဲ့ ကျွန်တော်တို့ကား ပိတ်ချင်းမြောင်ကို အတူတူရောက်သွားမှဖြစ် မယ်"

ကိုခက ကိုညီညီကို လောဆော်လိုက်လေသည်။

နောက်ဆုံးမှလိုက်ပါလာသောကားလေးမှာ ရှေ့ကကားနှစ်စီး နောက်တွင် မိုင်နှစ်ဆယ်ခန့်နောက်ကျကျန်ရင်း လိုက်ပါလာခဲ့လေ၏။

ကားကို ဒေါက်တာသာလွန်ဦးက မောင်းလာသည်။ ဒေါက်တာ သာလွန်ဦးဘေးတွင် အောင်မြင့်မြတ်လိုက်ပါလာသည်။ ကားနောက်ခန်း မှာတော့ ဖြိုးအိသွယ်နှင့်ဒေါက်တာအေးမြင့်ကြည် ပါလာပါသည်။

ဒေါက်တာအေးမြင့်ကြည်သည် အမျိုးသမီးဆရာဝန်တစ်ယောက် နှင့်ဂျူတီချင်းချိန်းကာ ဖြိုးနောက်ကိုလိုက်လာခဲ့ခြင်းဖြစ်သည်။ ဒေါက်တာ အေးမြင့်ကြည်တို့ကားနှင့်ပဲ ပြင်ဦးလွင်ကိုတက်ခဲ့ကြသည်။ အလာလမ်းတွင် အောင်မြင့်မြတ်၏ဓာတ်ပုံဆိုင်ကိုဝင်ကာ အကျိုးအကြောင်းပြောပြပြီး အောင် မြင့်မြတ်ကိုပါ ခေါ်ခဲ့ကြခြင်းဖြစ်ပါ၏။

"နင်ဖော်ခိုင်းတဲ့မြုပ်ကွက်က ဘာလဲဖြိုး၊ ငါတို့မှာ လိုက်သာ လိုက်လာရတယ်၊ ဘာအတွက်မှန်းလဲမသိရဘူး ဖြိုးရယ်"

ဒေါက်တာအေးမြင့်ကြည်ကမေးလိုက်သည်။

"ဟုတ်သားပဲဖြိုး၊ ခုလို အရေးတကြီးလိုက်လာရအောင် နင်တို့ မြုပ်ကွက်က ဘာလုပ်ထားတာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မြတ်ကလည်း နောက်ဘက်သို့လှည့်ကာ မေးလိုက်သည်။

"အေး...နင်တို့သိအောင် ငါပြောပြပါမယ်"

ဖြိုးအိသွယ် ပြန်ပြောပြသောအကြောင်းကို နားထောင်ရင်း အောင်မြင့်မြတ်နှင့်အေးမြင့်ကြည်တို့ဝိညာဉ်များက လွန်ခဲ့သည့် ၂၃-နှစ်ကာလသို့ ရောက်ရှိသွားလေသည်။

■

ပိတ်ချင်းမြောင်လိုဏ်ဂူထဲအရောက်တွင် သူငယ်ချင်း ၇-ယောက်အုပ်စုမှာ တစ်ကွဲတပြားစီ ဖြစ်သွားကြလေသည်။

"တို့အပြင်ပြန်ထွက်ရအောင် ဖြိုး"

ထူးက ဖြိုးကို လိုဏ်ဂူထဲမှ ခေါ်ထုတ်ခဲ့လေသည်။

"ခုမှပဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရတော့တယ်၊ ဟိုဘက်က ရေတံခွန်ကြီးကို သွားကြည့်ရအောင်ဖြိုး"

"ဒါပဲနော်...နှစ်ယောက်တည်းဆိုပြီး မကဲရဘူး၊ ဒီက သူ့ကို သနားလို့လိုက်လာတာ"

"လာပါဖြိုးရယ်...မကဲပါဘူး၊ မပြန်ခင် နာရီဝက်လောက်လေးမှာ ဖြိုးနဲ့ စကားအေးအေး ဆေးဆေး ပြောချင်လို့ပါ"

ထူးနှင့်ဖြိုးတို့ လိုဏ်ဂူထဲမှထွက်လာကြသည်။

အပြင်တွင် အမှတ်တရပစ္စည်းရောင်းသော ဆိုင်ရှေ့အရောက်...



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး ထူး၊ ဖြိုး အရုပ်ကလေးတွေ ဝယ်လိုက်ဦးမယ်"

ဖြိုးက အရုပ်ဆိုင်ရှေ့တွင် ခင်းကျင်းထားသော အရုပ်ကလေးများကိုကြည့်နေသည်။

"လာပါဖြိုးရယ် အပြန်မှဝယ်ပါ၊ အခုဝယ်ရင် အရုပ်တွေကို သယ်နေရမှာပေါ့"

"ဒီအရုပ်ကလေးတစ်ခုတော့ ဝယ်ပါရစေဦး၊ သေးသေးလေးပါ"

ဖြိုးက ဇီးကွက်ရုပ်ကလေးတစ်ခုကိုကိုင်ရင်း ပြောလိုက်သည်။

"ဇီးကွက်လေးက ချစ်စရာလေးနော် ထူး၊ ဒါ ဘယ်လောက်လဲဟင်"

ဆိုင်ရှင်အမျိုးသမီးကြီးက ဈေးနှုန်းကိုပြောရင်း…

"ဇီးကွက်ရုပ်ကိုဝယ်ရင် အဖိုနဲ့အမ အတွဲလိုက်ဝယ်ရတယ်ကွယ့်၊ မှိန်းကလေးကိုင်ထားတဲ့ ဇီးကွက်ရုပ်က အမ,လေ၊ ဟောဒီမှာ…အဖိုရုပ် ရှိသေးတယ်"

"အဲဒီ ဇီးကွက်ဖိုအရုပ်ကလေးကိုတော့ ကျွန်တော် ဝယ်မယ် ဒေါ်ကြီး၊ ကျွန်တော့်ကိုပေး"

ဇီးကွက်ဖိုရုပ်ကလေးကို ကျော်ဇင်ထူးက ဝယ်လိုက်သည်။

ထို့နောက်…သူတို့နှစ်ယောက် ရေတံခွန်ကြီးဘက်ကိုလမ်းလျှောက်ထွက်ခဲ့ကြလေ၏။

ချောက်ကမ်းပါးကြီးကိုဖြတ်သွားလိုက်သည့်အခါ ရေတံခွန်၏ တစ်ဘက်ထိပ်ကို ရောက်သွားကြလေသည်။

တစ်ဘက်ကမ်းမှ ညောင်ပင်ကြီးအောက်တွင် ထိုင်ပြီးစကားပြောကြသည်။

ဖြိုးက သူဝယ်လာသောဇီးကွက်မ အရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထိပ်တွင်ချည်ထားသော ကြိုးကလေးမှ ကိုင်လှုပ်ရင်းကစားနေသည်။

"ဖြိုးရဲ့ဓါးကွက်မလေးနဲ့ ထူးရဲ့ဓါးကွက်ဖိုလေး ကို ပေးစားရအောင်ဖြိုး"

"အို…ထူးကလဲ၊ ကြံကြံဖန်ဖန်"

"ဟုတ်တယ်လေ…၊ အဲဒါမှ ထူးနဲ့ဖြိုးလည်း ကုသိုလ်ရပြီး သူတို့လိုမြန်မြန်ပေါင်းကြရမှာ"

"အို…မြန်မြန်မပေါင်းချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"မြန်မြန်ပေါင်းရရင် ထူးရော ဖြိုးရော…ပညာမစုံပဲဖြစ်သွားမှာပေါ့၊ ဘွဲ့ရတဲ့အထိ စောင့်ရဦးမှာလေ၊ ထူးက ဆေးကျောင်းတက်ရမှာဆိုတော့ ခုနစ်နှစ်လောင် စောင့်ရဦးမှာ"

"ဒါဖြင့်…ဓါးကွက်ကလေးနှစ်ကောင်ကိုပဲ ပေးစား ထားရအောင်၊ ဖြိုး ဓါးကွက်မလေးကို ပေး"

ထူးက ဖြိုးလက်ထဲမှဓါးကွက်ရုပ်ကလေးကို ယူကာ ဓါးကွက်ရုပ်ကလေးများ၏ထိပ်တွင် တွဲလောင်းချိတ်ဆွဲရန်လုပ်ထားသောကြိုးစလေးနှစ်ခုကို ဆက်လိုက်သည်။ ဓါးကွက်ဖိုနှင့်ဓါးကွက်မ အရုပ်ကလေးနှစ်ခုမှာ ပူးတွဲမိရက်သားဖြစ်သွားလေ၏။

"ထူး…ဒီလိုလုပ်ပါလား၊ အဲဒီဓါးကွက်ရုပ်လေးနှစ်ခုကို ဒီနေရာမှာပဲ ထားပစ်ခဲ့မယ်လေ၊ ထူးနဲ့ဖြိုးတို့ မင်္ဂလာဆောင်ပြီးမှ ဒီနေရာမှာလာပြီး ယူကြမယ်လေ"

"အမယ်…ဖြိုးအကြံက တယ်ဟုတ်ပါလား၊ မြေကြီးထဲမှာ မြှုပ်ပစ်ခဲ့မယ်လေ၊ ဒီတိုင်း မြှုပ်ခဲ့ရင်တော့ မြေကြီးဖြစ်သွားမှာပဲ"

ထူးက ဘေးပတ်ဝန်းကျင်တွင် ရှာဖွေကြည့်လိုက်ရာ ပုလင်းအလွတ်တစ်လုံးကို တွေ့လိုက်ရလေ၏။

အိမ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းမှာ ဖန်အကြည်ငှက်ပျောဖူးပုလင်း ဖြစ်ပြီး ဝိုင် ထည့်သောပုလင်းဖြစ်ပုံရသည်။ ဝိုင် သောက်ပြီး ပစ် ထားခဲ့ကြခြင်းဖြစ်ပေမည်။

ထူးက ဓီးကွက်ရုပ်ကလေးနှစ်ရုပ်ကို ပုလင်း အဝမှ ကပ်ကပ်သပ်သပ် သွတ်လိုက်၏။

ဓီးကွက်လေးနှစ်ကောင် ပုလင်းထဲဝင်သွားလေ သည်။

ထို့နောက်…ထူးက သစ်ကိုင်းစတစ်ခုကို ချိုး ကာ ပုလင်းအဝကို ကျပ်နေအောင်ပိတ်လိုက်လေ၏။

"ကဲ…မင်းတို့နှစ်ကောင် ပုလင်းထဲမှာ ညား သွားပြီ၊ ဒီနေရာမှာ အေးအေးဆေးဆေးနေခဲ့ကြနော်၊ ငါတို့မင်္ဂလာဆောင်ပြီးမှ မင်းတို့ကို လာခေါ်မယ်"

ထူးပြောသည်ကို ဖြိုးက သဘောကျကာ ရယ် မောနေလေ၏။

ထူးက ပုလင်းကိုလှုပ်ရင်း ပုလင်းထဲက ဓီးကွက် လေး နှစ်ကောင်ကိုစကားပြောနေသည်။

ပြီးတော့…ညောင်ပင်ကြီး၏ အမြစ် ဘေးမှာပင် သစ်ကိုင်းခြောက်တစ်ခုဖြင့် မြေကိုတူးဆွကာ ပုလင်း ကို မြေကြီးထဲသို့ မြှုပ်လိုက်ကြလေသည်။

ပုလင်းမြှုပ်ပြီးသည်နှင့် သူတို့နှစ်ယောက်ကို အော်ခေါ်သောအသံများကိုကြားလိုက်ရလေ၏။

"ထူးရေ…ကျော်ဇင်ထူး"

"ဖြိုးအိသွယ်…ဖြိုးတို့ ဘယ်ရောက်နေလဲဟေ့၊ ပြန်ကြတော့မယ်၊ လာကြတော့"

"ကျော်ဇင်ထူး"

"ဖြိုးအိသွယ်"

"ဟော…ဖြိုးတို့ကို ခေါ်နေကြပြီ၊ သွားကြစို့"

သူတို့နှစ်ယောက်လက်တွဲ၍ ကမ်းပါးထိပ်သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်အလာ တစ်ဖက်ကမ်းမှ သူငယ်ချင်းများကို တွေ့လိုက်ရခြင်းဖြစ်ပါသည်။

"ဟေး…ငါတို့ဒီမှာကွ"

သူတို့နာမည်များကိုအော်ခေါ်ရင်း လိုက်ရှာနေကြသည့်သူငယ်ချင်းများကို ကျော်ဇင်ထူးက သည်ဘက်ကမ်းထိပ်မှလှမ်းအော်ရင်း အသံပေးလိုက်သည်။

အောင်မြင့်မြတ်က ထိုမြင်ကွင်းကို အလွတ်မခံဘဲ တစ်ဖက်ကမ်းမှလှမ်း၍ဓာတ်ပုံရိုက်လိုက်ခြင်း ဖြစ်လေသည်။

"အဲဒါပါပဲဟယ်…"

ဖြိုးအိသွယ်က သူမ၏နောက်ကြောင်းပြန်ဇာတ်လမ်းကို နိဂုံးချုပ်လိုက်လေသည်။

"အဲဒီတုန်းကတော့ အမှတ်မထင်လုပ်ခဲ့မိတာပဲ၊ ငါလည်း အဲဒီအကြောင်းကို လုံးလုံးမေ့နေတယ်၊ မနေ့က အောင်မြင့်မြတ်က ဟိုတုန်းကဓာတ်ပုံတွေယူလာပြမှ ရေတံခွန်ထိပ်မှာရိုက်ထားတဲ့ဓာတ်ပုံကို ကြည့်ပြီး အဲဒီအကြောင်းကို သတိရလာတာ"

"ဒီလိုဆို…မြှုပ်ကွက်ဆိုတာ ဗီးကွက်ရုပ်မြှုပ်ခဲ့တဲ့ အကြောင်းကို ပြောတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီအကြောင်းကို ငါနဲ့ထူးနဲ့နှစ်ယောက်ပဲ သိတယ်၊ ဓာတ်ပုံကြည့်ပြီး ငါမှတ်မိသလို ထူးဝင်စားတဲ့လူကလည်း မှတ်မိရမယ်လေ၊ ကိုခက သူ့ကိုယ်သူ ထူးလူဝင်စားပါလို့ ဟန်ဆောင်နေမှန်းသိလို့ အဲဒီမြှုပ်ကွက်ကို ဖော်ခိုင်းလိုက်တာ"

"ကိုက,က ပြန်မှတ်မိသွားလို့ ဗီးကွက်ရုပ်ကိုသွားဖော်တာ မြ… မှာပေါ့နော်၊ ကိုခ,က နောက်ကနေ ဘာလို့လိုက်သွားတာပါလိမ့်"

"အဲဒါကြောင့်…ကိုခ မဟုတ်တာတစ်ခုခုကြံစည်မှာကို စိုး… မိတာပဲ အကြည်"

"ဟုတ်တယ်၊ ကိုခဟာ နင့်ကိုရလိုဇောနဲ့ မကြံအပ်မစည်ရာ…



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာစိုးရတယ်၊ အို···ခုလောက်ဆို ကိုက ပိတ်ချင်းမြောင်ကို ရောက်နေလောက်ပြီပေါ့၊ ကို ···ကားကိုမြန်မြန်မောင်းစမ်းပါ ကိုရယ်"

ဒေါက်တာအေးမြင့်ကြည်က ဒေါက်တာသာလွန်ဦးကို ပြောလိုက်လေသည်။

■

ကိုကပါလာသော ကိုစန်းအောင်၏ကားက ပိတ်ချင်းမြောင်ကားရပ်စခန်းတွင် ထိုးရပ်လိုက်လေသည်။

ကားရပ်သည်နှင့် ကိုကသည် ချောက်ကမ်းပါးကြီးရှိရာဆီသို့ ပြေးသွားလေ၏။

ဆယ်မိနစ်ခန့်ကွာခြားပြီးနောက်···ကိုညီညီမောင်းလာသော ကားလေးက ကိုစန်းအောင်ကားဘေးတွင် ယှဉ်ရပ်လိုက်လေသည်။

"ကိုစန်းအောင်···ကိုက ဘယ်ကိုသွားသလဲ"

ကိုခက ကားပေါ်မှအမြန်ဆင်းရင်း ကိုစန်းအောင်ကို မေးလိုက်သည်။

"ဆရာညီလား အစ်ကိုလား၊ အဲ···ချောက်ကမ်းပါးကြီးဘက်ကို ထွက်သွားတာပဲဗျ"

ကိုခသည် ချောက်ကမ်းပါးကြီးရှိရာသို့ အပြေးလိုက်သွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ကိုကသည် တစ်ဖက်ချောက်ကမ်းပါးထိပ်ရောက်အောင် ဘေးမှ ပတ်သွားလိုက်သည်။

တစ်ဖက်ထိပ်ရောက်တော့ ညောင်ပင်ကြီးကိုရှာကြည့်လိုက်သည်။

ညောင်ပင်ကြီးကိုတွေ့ပါသည်။ သို့သော်. . .မြင်ကွင်းများက ပြောင်းလဲနေသည်။ ညောင်ပင်ကလည်း တစ်ပင်မက အများကြီး ဖြစ်နေ တာတွေ့လိုက်သည်။

သူ့အနေဖြင့်လည်း နှစ်ပေါင်းနှစ်ဆယ်ကျော်ကွာခြားပြီးဖြစ် သည့်အပြင်. . .ဘဝချင်းခြားသွားပြီဖြစ်၍ ဇဝေဇဝါဖြစ်နေရလေသည်။

ကိုကသည် မျက်လုံးကိုစုံမှိတ်ရင်း ယခင်ဘဝကအဖြစ်များ ကို ပြန်မြင်ယောင်ကြည့်လိုက်သည်။

ဓီးကွက်ရှပ်မြှုပ်ခဲ့တဲ့ညောင်ပင်ဟာ ဘယ်အပင်ဖြစ်မလဲ။

ချောက်နှင့်အနီးဆုံးအပင်သာဖြစ်နိုင်ပါသည်။

ကိုကသည် အချိန်ဆွဲမနေတော့ပဲ သစ်ကိုင်းမာမာတစ်ခုကို ရှာကာ ချောက်ကမ်းပါးနှင့်အနီးဆုံးမှ ညောင်ပင်ကြီးအောက်တွင် တူးဆွ ကြည့် လိုက်သည်။

ညောင်ပင်၏ပင်စည်တစ်ဝိုက် တူးဆွကြည့်သော်လည်း ဓီးကွက် ရှပ် ထည့်ထားသောပုလင်းကို မတွေ့ရချေ။

ကိုက,က ခဏအနားယူလိုက်ပြီး စဉ်းစားကြည့်လိုက်သည်။ ညောင်ပင်၏အမြစ်များသည် ပွားမလာနိုင်ဘူးလား။ အမြစ်တွေ ပွားများ ပြန့်ကားလာလျှင် အပင်ခြေတွင်မြှုပ်ခဲ့သောပုလင်းသည် အတွင်းဘက် သို့ရောက်သွားနိုင်ပါသည်။

ကိုက,က အမြစ်များကြားသို့ဝင်ကာ တူးဆွကြည့်ပြန်သည်။

တစ်နေရာတွင် ဒုတ်ခနဲမြည်သံကြားလိုက်ရသည်။

ကိုကသည် ထိုနေရာမှမြေကြီးများကိုလက်ဖြင့်ဖယ်လိုက်သည်။ ဖန်အကြည်သားတစ်ခုက နေရောင်တွင် လင်းလက်သွားလေ၏။

အိမ်ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုက,က မြေကြီးထဲမှ အရာကို ဆွဲထုတ်ယူလိုက်လေသည်။ ပုလင်းတစ်လုံးသူ့လက်ထဲတွင်ပါလာလေ၏။

ပုလင်းမှာကပ်နေသောမြေကြီးများကို လက်ဖြင့်ပွတ်သပ်တာ ဖယ်ရှားလိုက်သည်။

"ဟာ..."

ကိုကသည် ဝမ်းသာအားရ အသံထွက်ရေရွတ်လိုက်လေသည်။

ပုလင်းထဲမှာ-ဓိုးကွက်ရုပ်ကလေးနှစ်ရုပ်။ ပုလင်းအဝကို ကျစ်နေအောင်ဆို့ထားသောကြောင့် အတွင်းသို့ရေမဝင်ဘဲ အကောင်း အတိုင်း ပင်ရှိနေပါသေးသည်။

ကိုက,က ပုလင်းကိုလှုပ်ကြည့်လိုက်သည်။ ဓိုးကွက်ရုပ်ကလေး နှစ်ခုက ပုလင်းထဲတွင်လှုပ်သွားလေသည်။

"တွေ့ပြီ၊ ဖြိုးလိုချင်တဲ့မြုပ်ကွက်ကို ငါ ဖော်နိုင်ပြီ"

ကိုက,က တစ်ကိုယ်တည်း အသံထွက်ရေရွတ်လိုက်သည်။

ထိုအချိန်မှာပင် သူ့နောက်သို့ ကိုခရောက်လာခြင်းဖြစ်ပါ၏။

■

"က..."

နောက်မှခေါ်သံကြောင့် ကိုက တအံ့တသြလှည့်ကြည့်လိုက်ရာ ခ,ကို တွေ့လိုက်ရလေသည်။

"ဟင်...ခ...မင်း ဘာလာလုပ်တာလဲ"

"မင်းနောက်ကိုလိုက်လာတာပေါ့"

"ဩော်...ဟုတ်လား"

ကိုက,က ထရပ်လိုက်သည်။ သူသည် ကိုခကိုလှောင်ပြောင် သရော်ချင်စိတ် ပေါက်လာ၏။

"ခ...ဟောဒီမှာကြည့်စမ်း"

ကိုက,က လက်ထဲမှဖန်ပုလင်းကိုမြှောက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ဓါးကွက်ရုပ်ကလေးများကို မြင်သာအောင်လည်း လှုပ်ပြလိုက်လေသည်။

"တွေ့လား ခါ၊ ဖြိုးသိချင်တဲ့မြှုပ်ကွက်ဆိုတာ…ဒါပဲကွ၊ တွေ့လား၊ ပုလင်းထဲမှာ ဓါးကွက်ရုပ်ကလေးနှစ်ရုပ်၊ ဒါ…အရင်ဘဝတုန်းက ငါနဲ့ဖြိုးနဲ့ ဟောဒီညောင်ပင်ကြီးအောက်မှာ မြှုပ်ထားခဲ့တာလေ"

ကိုခ,က ဓါးကွက်ရုပ်ကလေးများပါသောပုလင်းကိုစိုက်ကြည့်ရင်း ရှေ့ကိုတစ်လှမ်းချင်းတိုးလာသည်။

"ဖြိုးကိုဒီပုလင်းပြလိုက်တာနဲ့ ငါဟာ ကျော်ဇင်ထူးဝင်စားတဲ့လူဆိုတာ အတည်ပြုပြီးသားဖြစ်သွားပြီ"

ကိုက,က အောင်နိုင်သူအပြုံးဖြင့် ကိုခကို ပြုံးဖြဲဖြဲကြည့်ရင်း ပြောလိုက်ခြင်းဖြစ်၏။

ကိုခ,က ကိုကနှင့်နီးအောင် တစ်လှမ်းချင်းတိုးကပ်လာလေ၏။ သူ့ မျက်လုံးများက ပုလင်းဆီမှမခွာပေ။

"ဟုတ်တယ်နော်၊ ဒီပုလင်းကိုပြနိုင်တဲ့လူဟာ ကျော်ဇင်ထူး လူဝင်စားပဲ"

"ဒါပေါ့ကွ…"

"အေး…အဲဒီတော့ ဒီပုလင်းကို ငါယူတယ်ကွာ"

ကိုခ,က ကိုကလက်ထဲမှပုလင်းကို သွက်လက်စွာ ဆွဲယူလိုက်လေသည်။

ကိုခ ဒီလိုလုပ်မယ်လို့ မျှော်လင့်မထားသော ကိုကသည် အလစ်တွင် အငိုက်မိသွားခဲ့လေ၏။ ဖန်ပုလင်းက ကိုခ လက်ထဲသို့ လျှောခနဲ ဝင်သွားလေသည်။

"ဟေ့ကောင်…မင်းဘာလုပ်တာလဲ"

ပုလင်းလက်ထဲရောက်သည်နှင့် ကိုခ,က နောက်ကြောင်းပြန်လှည့်ကာ ပြေးလေတော့သည်။

ကိုကသည် ကိုခနောက်သို့အပြေးလိုက်ရင်း ကိုခ၏အင်္ကျီ လည်ကုပ် ကိုဆွဲထားလိုက်သည်။ ကိုခ နောက်ကိုလန်ကာ ဟန်ချက်ပျက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုက,က ကိုခလက်ထဲမှပုလင်းကို ပြန်ဆွဲယူလိုက်သည်။

ကိုခကလည်း ကိုကလက်ထဲပါသွားသောပုလင်းကို ပုတ်ထုတ်လိုက်ပြန်သည်။

ပုလင်းသည် မြေကြီးပေါ်သို့ကျကာ ချောက်ကမ်းပါးအစွန်းသို့ တလိမ့်လိမ့် လိမ့်သွားလေ၏။

နှစ်ယောက်သား ပုလင်းဆီသို့ ပြေးလိုက်ကြပြန်သည်။

ရှေ့မှရောက်နှင့်သောကိုက,က ပုလင်းကိုခုန်အုပ်ကာ ဖမ်းထားလိုက်သည်။ ကိုခ,က မြေပေါ်တွင်ကုန်းကွကွဖြစ်နေသော ကိုက ကိုယ်ပေါ်ကို ခုန်အုပ်လိုက်ပြန်၏။ ထို့နောက် ပုလင်းကိုလုယူလိုက်သည်။

ပုလင်းက နှစ်ယောက်စလုံးလက်ထဲမှချော်ထွက်ကာ ချောက်ကမ်းပါးဘက်ဆီသို့လိမ့်သွားပြန်လေသည်။

သည်တစ်ခါတော့ ကိုကသည် ပုလင်းရှိရာသို့မလိုက်တော့ဘဲ မြေကြီးပေါ်မှထကာ ကိုခ မေးရိုးကို လက်သီးဖြင့်ထိုးလိုက်သည်။ ကိုခ ယိုင်လဲသွားသည်တွင် ကိုက,က ပုလင်းဆီသို့ပြေးလေသည်။

ပုလင်း ကိုက လက်ထဲပြန်အရောက်တွင် ကိုခ,က လဲနေရာမှထလာကာ ကိုကကို ဝင်လုံးလိုက်လေသည်။

နှစ်ယောက်စလုံး မြေပေါ်တွင်လဲကျကာ လုံးလားထွေးလားဖြစ်နေတော့သည်။

လုံးရင်းထွေးရင်း ပုလင်းကို သူတစ်ပြန်ကိုယ်တစ်ပြန်လုရင်းမှ နှစ်ယောက်စလုံး ချောက်ကမ်းပါးအစွန်းသို့ရောက်သွားကြလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသာလွန်ဦးမောင်းလာသောကားလေးသည် ပိတ်ချင်းမြောင်ကားရပ်စခန်းသို့ နောက်နာရီဝက်ကြာမှ ရောက်လာလေ၏။

ကိုစန်းအောင်ကားနှင့်ကိုညီညီကား ယှဉ်ရပ်ထားသည်ကို တွေ့လိုက်ကြရသည်။ ကိုစန်းအောင်နှင့်ကိုညီညီကိုလည်း ကားဘေးတွင် စကားပြောနေသည်ကိုတွေ့လိုက်ရသည်။

ဒေါက်တာသာလွန်ဦးက ကားပေါ်မှဆင်းပြီး ကိုစန်းအောင်နှင့်ကိုညီညီထံ လျှောက်သွားလိုက်သည်။

"ဟင် …ဒေါက်တာတို့ပါလား၊ ဟိုဆရာနှစ်ယောက်နောက်ကို လိုက်လာတာလားဒေါက်တာ"

ကိုစန်းအောင်က မေးလိုက်သည်။

"ဟုတ်တယ်၊ သူတို့ဘယ်သွားကြလဲ"

"ချောက်ဘက်ကိုထွက်သွားတာပဲ ဒေါက်တာ"

"ဒါဖြင့်…သူတို့ ဟိုဘက်ကမ်းကညောင်ပင်ကြီးကိုရောက်နေကြပြီ ကိုသာလွန်ဦး၊ ဖြိုးတို့ လိုက်သွားရအောင်"

ဖြိုး၊အကြည်၊ဒေါက်တာသာလွန်ဦးနှင့် အောင်မြင့်မြတ်တို့ လေးယောက်သား ရေတံခွန်ချောက်ရှိရာဖက်သို့ ခပ်သွက်သွက်ထွက် လာခဲ့ကြလေ၏။

သည်ဖက်ကမ်းချောက်ကမ်းပါးဘေးသို့ရောက်သည်နှင့် တစ်ဖက်ကမ်းထိပ်တွင် လုံးထွေးသတ်ပုတ်နေကြသော အမြွာညီအစ်ကိုနှစ်ဦးကို မြင်လိုက်ကြရလေတော့သည်။

"ဟင်…သတ်နေကြပြီ၊ သတ်နေကြပြီ၊ ဒုက္ခပါပဲ"

အဝတ်ဆင်တူဝတ်ဆင်ထားသော ရုပ်ချင်းခွဲမရအောင်တူသည့် လူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အနိုင်မခံပဲ ထိုးကြိတ်နေကြလေသည်။ ပုလင်းတစ်လုံးသည်လည်း တစ်ယောက်လက်မှ တစ်ယောက်လက်သို့ပြောင်းကာ ဝဲလည်နေလေသည်။ နေရောင်အောက်တွင် ပုလင်းလေးက ရောင်ပြန်ဟပ်ကာ တလက်လက်ဖြစ်၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြယက်ကြရင်းမှ ပုလင်းသည်မြေပေါ်သို့ ကျသွားပြန်သည်။

နှစ်ယောက်စလုံး ပုလင်းရှိရာပြေးသွားသည်ကို မြင်လိုက်ကြရသည်။ သူတို့နှစ်ယောက်အချင်းဖြစ်ပွားနေသောနေရာက ချောက်ကမ်းပါး အစွန်နှင့် အလွန်ပင်နီးကပ်နေလေပြီ။

တစ်ယောက်ကပုလင်းကိုကောက်လိုက်သည်။

နောက်တစ်ယောက်က ပုလင်းကိုဆွဲလုလိုက်ပြန်သည်။

သည်ဖက်မှကြည့်နေသူလေးယောက်က သူတို့မြင်ကွင်းကို ကြည့်ရင်း အသည်းတယားယားဖြစ်နေရလေသည်။ အဝတ်အစား ဆင်တူဝတ်ထားကြ၍ ဘယ်သူက က, ဘယ်သူက ခ,ဆိုတာကိုလည်း ခွဲခြားလို့ မရတော့ပါပေ။

ပုလင်းကို တစ်ယောက်က ကောက်ယူလိုက်သည်။ နောက်တစ်ယောက်က ပုလင်းရသွားသောသူကို ခုန်အုပ်လိုက်သည်။

နှစ်ယောက်သား မြေကြီးပေါ်တွင်လုံးထွေးနေကြပြန်သည်။

လုံးရင်းထွေးရင်း သတ်ပုတ်ကြရင်းမှ နှစ်ယောက်စလုံး ချောက်အစွန်သို့ရောက်လာကြလေ၏။

နောက်တစ်လိမ့် လိမ့်လိုက်သည်တွင် လုံးထွေးနေသော နှစ်ယောက်လုံးသည် ချောက်ကမ်းပါးအစွန်မှနေ၍ ချောက်အောက်ဖက် ဆီသို့ လိမ့်ကျသွားကြလေတော့၏။ ပုလင်းသည်လည်း ဘယ်သူ့လက်ထဲက လွတ်ကျသွားမှန်း မသိ။ လူတွေနှင့်တခြားစီဖြစ်ကာ အောက်ခြေ ရေအိုင်ထဲသို့ကျသွားလေတော့သည်။ ရေထဲကျရောက်သွားသောပုလင်းမှာ မကွဲမရှပဲ ရေထဲ၌ပေါလော ပေါ်နေလေ၏။

လူနှစ်ယောက်ကတော့ ပေတစ်ရာကျော်မြင့်သောချောက်ထိပ်မှ ချောက်အောက်ခြေရှိ ကျောက်ဆောင်များပေါ်သို့ အရှိန်ပြင်းစွာ ထိုးကျသွားလေတော့သည်။

မိန်းမသားနှစ်ယောက်၏ ထိတ်လန့်တကြား စူးစူးဝါးဝါး အော် သံက ပတ်ဝန်းကျင်တစ်ခုလုံးသို့ပျံ့လွင့်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတို့လေးယောက် ချောက်အောက်ဘက်ကိုရောက်သည့်အချိန်တွင် အမြွာညီအစ်ကိုနှစ်ယောက်လုံးသည် ကျောက်ဆောင်ဖြင့်ရိုက်မိကာ သတိလစ်မေ့မျောနေကြလေပြီ။ တစ်ယောက်နှင့်တစ်ယောက်လည်း တစ်ကွဲတပြားစီဖြစ်နေကြ၏။

တစ်ယောက်က ကျောက်ဆောင်ပေါ်တွင် သွေးသံရဲရဲဖြင့် မှောက်ရက်လဲကျနေသည်။

တစ်ယောက်က ကျောက်ဆောင်ပေါ်မှလိမ့်ဆင်းသွားပြီး ရေစပ်မှာ ပက်လက်လဲနေသည်။ ဦးခေါင်းမှလည်း သွေးများထွက်နေသည်။

လဲကျသတိလစ်နေသောနှစ်ယောက်ကို ဘယ်သူက ဘယ်သူဆိုတာ မခွဲခြားနိုင်တော့ပါ။

ဒေါက်တာသာလွန်ဦးနှင့်အောင်မြင့်မြတ်က ကျောက်ဆောင်ပေါ်မှောက်ခုံလဲကျနေသူထံ ပြေးသွားကြသည်။ အောင်မြင့်မြတ်က မှောက်ရက်လဲနေသူကို ပက်လက်လှန်လိုက်ကာ ရင်ခွင်ထဲပွေ့ထားလိုက်သည်။ ဒေါက်တာသာလွန်ဦးက စမ်းသပ်ကြည့်နေ၏။

ဖြိုးနှင့်အေးမြင့်ကြည်က ရေစပ်တွင်လဲကျနေသူထံပြေးသွားလိုက်သည်။ အေးမြင့်ကြည်က လဲကျနေသူကို စမ်းသပ်ကြည့်လိုက်သည်။

"သူ သတိလစ်နေတာပါ၊ အခြေအနေမဆိုးပါဘူး"

ဒေါက်တာအေးမြင့်ကြည်က ပြောလိုက်သည်။

"အကြည်"

ဒေါက်တာသာလွန်ဦးက ကျောက်ဆောင်ပေါ်မှလူကိုစမ်းသပ်ကြည့်အပြီးတွင်…အေးမြင့်ကြည်ကိုလှမ်းခေါ်လိုက်သည်။

အေးမြင့်ကြည်နှင့်ဖြိုး လှည့်ကြည့်လိုက်ကြ၏။

"ဒီတစ်ယောက်ကတော့ အသက်မရှိတော့ဘူး အကြည်"

"အို…အမယ်လေး"

ဖြိုးက ဒေါက်တာသာလွန်ဦးတို့ဆီ ပြေးသွားလိုက်သည်။ အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်ရင်ခွင်ထဲတွင်ပွေ့ပိုက်ထားသူကို ငုံ့ကြည့်လိုက်သည်။ သူ သေသွားပြီတဲ့။

သေသွားတာ ဘယ်သူလဲ။ သတိလစ်နေတာက ဘယ်သူလဲ။ နှစ် ယောက်စလုံး ယူနီဖောင်းဝတ်စုံကိုဝတ်ထားကြ၍ ကွဲပြားမှုတစ်ခု တစ်လေမျှပင် မရှိပါပေ။

သေသွားတာက က,လား … ခ,လား …။

သတိလစ်နေတာက က,လား … ခ,လား …။

သူတို့ကို ဘယ်သူက ခွဲခြားပေးမှာလဲ။

ဇီးကွက်ရုပ်ကလေးများထည့်ထားသောပုလင်းလေးက ရေထဲ တွင် ပေါ်လောမျောလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



■

# ဇာတ်သိမ်းခန်း

■

အမြွာညီအစ်ကိုနှစ်ယောက်ကို ပြင်ဦးလွင်ဆေးရုံကြီးသို့ သယ်ဆောင်လာခဲ့ကြလေသည်။

သေဆုံးသူ၏အလောင်းမှာ သေဆုံးကြောင်းအတည်ပြုပြီးနောက် ဆေးရုံကြီးရေခဲတိုက်ထဲသို့ ရောက်သွားလေ၏။

သတိလစ်နေသူကို အရေးပေါ်အခန်းတွင် ကုသထားရလေသည်။

"သေသွားတာ ဘယ်သူဖြစ်မလဲ၊ ငါတို့ ဘယ်လိုသိနိုင်တော့မှာလဲ အကြည်ရယ်"

"သတိလစ်နေတဲ့တစ်ယောက် သတိရလာရင် သူဘယ်သူလဲဆိုတာ မေးကြည့်ရမှာပေါ့ဖြိုး၊ ဒါဆို သေတဲ့လူဘယ်သူဆိုတာ အဖြေထွက်လာမှာပေါ့ ဖြိုးရယ်"

"အို...ဘုရား...ဘုရား...သူမှတ်မိပါစေ၊ သူ့ ခေါင်းထိခိုက်ရာကြောင့် သူဘယ်သူဆိုတာ မမှတ်မိရင်ကော၊ အို..ဘုရား...ဘုရား အဲဒီလိုမဖြစ်ပါစေနဲ့"

"သတိလစ်နေတဲ့လူက အတိတ်မေ့လောက်အောင် အခြေအနေမဆိုးပါဘူး ဖြိုး၊ ဖြိုးက ဘယ်သူ့ကို မသေပဲကျန်ခဲ့စေချင်တာလဲ"

"အကြည်ရယ်...အဲဒီလိုမပြောကောင်းပါဘူး၊ လှိုင်ငြိမ်းစား အား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကိုက,ကို အသက်ရှင်စေချင်ရင်···ကိုခသေတာ ကောင်းတယ်လို့ ပြောသလိုဖြစ်သွားမှာပေါ့၊ ကံကြမ္မာက ဘယ်လိုဆုံးဖြတ် ပေးမယ်ဆိုတာသာ စောင့်ကြည့်ရုံပေါ့ အကြည်ရယ်"

တစ်ညလွန်မြောက်သည်အထိ သတိလစ်နေသူမှာ သတိလည်း မလာခဲ့ချေ။

ဖြိုးတို့အားလုံးလည်း ပြင်ဦးလွင်မှာပင် ညအိပ်ကာ လူနာကို စောင့်ကြည့်နေရတော့သည်။

ရန်ကုန်ရှိ ဒေါက်တာမြတ်သူထံ ချက်ချင်းအကြောင်းကြား လိုက်သည့်အတွက် နောက်တစ်နေ့မနက်တွင် ဒေါက်တာမြတ်သူနှင့် ဒေါက်တာသက်သက်ခိုင်တို့ ပြင်ဦးလွင်သို့ရောက်လာကြလေ၏။

"ဆရာကြီး၊ ရေခဲတိုက်ထဲကအလောင်းက ဘယ်သူလဲ၊ သတိလစ်နေတာက ဘယ်သူလဲ၊ ဆရာကြီး ပြောနိုင်ပါသလားခင်ဗျာ"

ဒေါက်တာသာလွန်ဦးက ဒေါက်တာမြတ်သူကို မေးကြည့်လိုက်လေသည်။

ဒေါက်တာမြတ်သူက ခေါင်းကိုရမ်းပြလိုက်သည်။

"ဆရာကြီးမသိပါဘူး မောင်သာလွန်၊ စကတည်းက သူတို့ ညီအစ်ကိုနှစ်ယောက်ကို ဆရာကြီးမခွဲတတ်ခဲ့ပါဘူး၊ သူတို့ကိုခွဲခြားသိနိုင်တဲ့လူဆိုလို့ လောကမှာ တစ်ယောက်ပဲရှိပါတယ်၊ သူတို့အမေ အေးအေးလွင်လေ၊ သူတို့အမေဆုံးပြီးနောက်မှာ သူတို့အမြွှာညီအစ်ကို နှစ်ယောက်ကို ဘယ်သူက ချမ်းအေးက၊ ဘယ်သူက ချမ်းငြိမ်းခဆိုတာ ခွဲခြားသိနိုင်တဲ့လူ မရှိတော့ပါဘူးကွယ်"

"ဗျာ..."

"ဒါပေမယ့် ဘာခက်လို့လဲမောင်သာလွန်၊ သတိလစ်နေတဲ့ ဆရာကြီးသားတစ်ယောက် သတိရလာတဲ့အခါ သူဘယ်သူလဲလို့ မေးလိုက်ရင် ရှင်းရောမဟုတ်လားကွယ်၊ သူ သတိရလာအောင် စောင့်ကြည့်ကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါဆရာကြီး"

■



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ခင်းတွင် သတိလစ်နေသူသည် အနည်းငယ်လှုပ်ရှားလာခဲ့သည်။ နှုတ်မှ ဗလုံးဗထွေးနှင့် စကားတချို့ကိုပြောသည်။

"ဟော…သူ သတိရတော့မယ်"

သတိလစ်ပြီး ၂၄-နာရီကြာမှ သတိပြန်လည်လာခြင်းဖြစ်ပါ၏။

သူသည် မျက်လုံးကိုဖြည်းညင်းစွာဖွင့်ကြည့်လိုက်သည်။

"သား…သား…သတိရပြီလား၊ ဖေဖေလေ၊ ဖေဖေ့ကို မှတ်မိလားသား"

ဒေါက်တာမြွတ်သူက သူ့ လက်ကိုယုယစွာကိုင်ရင်း မေးလိုက်သည်။

"ဟင်…ဖေဖေ"

သူက ခုတင်ဘေးမှလူများကိုကြည့်လိုက်လေသည်။ ဖြိုးထံသို့အကြည့်အရောက်တွင် သူ့မျက်လုံးများက ရပ်တန့်သွားလေသည်။ ဖြိုး တို သူ စိုက်ကြည့်နေသည်။ .

သူ ဘယ်သူလဲ၊ သူဟာ ဘယ်သူပါလဲ။

ဖြိုးသည် နှုတ်မှထုတ်ဖော်မေးလိုက်ချင်ပါသော်လည်း စကား သံထွက်မလာဘဲဖြစ်နေသည်။ သူ့ဆီကအဖြေကိုလည်း မကြားရဲသ ဖြစ်နေသည်။

"သား…အားလုံးကို မင်းမှတ်မိတယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

"မင်း ဘယ်သူလဲ၊ မင်းဘယ်သူလဲသား၊ မင်းဟာ က ခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါက်တာမြတ်သူမျက်နှာကိုကြည့်ရင်းမှ ပြန်မေးလိုက်လေသည်။

"သားတို့ ကမ်းပါးထိပ်ကလိမ့်ကျတာ မှတ်မိပါတယ်ဖေဖေ"

"အေး…မင်းသတိလစ်နေတာ တစ်ရက်ကြာသွားတယ်၊ သတင်းကြားကြားချင်း ဖေဖေလိုက်လာတာ၊ မင်းတို့နှစ်ယောက်ထဲမှာ တစ်ယောက်ကတော့…"

"ဟင်…ဖေဖေ"

"တစ်ယောက်ကတော့…ဆုံးသွားပြီငါ့သားရယ်"

"ဟာ…ဖေဖေရယ်…ဖြစ်ရလေ ဖေဖေရယ်"

သူသည်ကြားလိုက်ရသောသတင်းစကားကြောင့် ငေးကြောင်သွားလေသည်။

"ဒါဆို…ခ…ခ,မရှိတော့ဘူးပေါ့၊ ခ,ဆုံးသွားပြီ၊ ဟုတ်လားဖေဖေ"

သူ့စကားက သူ့ကိုယ်သူ က(ခေါ်)ချမ်းအေးကဖြစ်ကြောင်း အဖြေပေးလိုက်ပြီးသားဖြစ်သွားလေသည်။

ဖြိုးက သက်ပြင်းကိုချလိုက်သည်။

"ဖြိုး…"

သူက ဖြိုးကိုကြည့်ရင်းခေါ်လိုက်သည်။

"ကိုက"

"ဖြိုး ပြောလိုက်တဲ့မြှုပ်ကွက်ကို ထူးသတိရသွားလို့ ညောင်ပင်ကြီးအောက်ကပုလင်းကို လာဖော်တာပါဖြိုး၊ ကိုခရောက်လာပြီး ထူးလက်ထဲကပုလင်းကို ဝင်လုတာပါပဲ၊ ထူးတို့နှစ်ယောက် လုံးထွေးသတ်နေတုန်းက ချောက်ထဲကိုလိမ့်ကျသွားတာပါ"

"ဒါတွေကို ဖြိုးတို့မြင်လိုက်ကြရပါတယ် ထူးရယ်၊ ဖြိုးတို့ ထူးတို့နောက်က လိုက်လာကြတာလေ"

"ဩော်…ဖြိုးရယ် ပုလင်းလေးဟာ အကောင်းအတိုင်းရှိနေတုန်းပါပဲ၊ ပုလင်းထဲမှာ ဓီးကွက်ရုပ်ကလေးနှစ်ရုပ်ဟာလည်း ထူးတို့ထားခဲ့တဲ့အတိုင်းရှိနေတုန်းပါပဲ ဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို…ဖြိုးသိပြီးပါပြီထူး၊ ရေထဲကျသွားတဲ့ပုလင်းလေးကို ဖြိုး ဆယ်ထားပါတယ်၊ ဖြိုးလက်ထဲမှာရောက်နေပါပြီ ထူး"

"ဒါဖြင့်…ကျော်ဇင်ထူးဝင်စားတဲ့ လူဝင်စားအစစ်ဟာ ကျွန်တော် ချမ်းအေးကဆိုတာ ဖြိုး ယုံပြီပေါ့နော်"

"ယုံပါတယ်ဖြိုး၊ ကိုကဟာ ထူးဝင်စားတဲ့လူအစစ်ဆိုတာ ဖြိုး အရင်ကတည်းက သိခဲ့ပြီးသားပါ၊ မြုပ်ကွက်ကိုဖော်ခိုင်းတာက သက်သေ အတိအကျရအောင်လို့ပါ၊ ကိုကဟာ ထူးဆိုတာ ဖြိုးသိပါတယ်၊ ဖြိုး သိပါတယ် ကိုကရယ်…"



www.burmeseclassic.com

www.burmeseclassic.com



■

သုံးလ ကြာမြင့်ပြီးသည့်နောက်. . .

■

မန္တလေးမြို့အရှေ့ဘက်ရှိ OH ဟုအတိုကောက်ခေါ်ကြသော Oriental House မင်္ဂလာခန်းမကြီးထဲတွင် ထိမ်းမြားမင်္ဂလာပွဲတစ်ခု ခမ်းနားစွာ ကျင်းပနေပါသည်။

မင်္ဂလာစင်မြင့်ထက်တွင် မင်္ဂလာဆောင်နှင်းသည့် ဧနီးမောင်နှံ ထိုင်လျက်ရှိသည်။ သူတို့နောက်ဖက်မှ ပန်းနရောင်ဖဲသားစပေါ်တွင်တော့ သတို့သားနှင့်သတို့သမီးအမည်ကို ပန်းစာလုံးဖြင့် ရေးချယ်ဖော်ပြ ထားလေသည်။

မောင်ချမ်းအေးက နှင့် မဖြိုးအိသွယ်

တို့၏

ထိမ်းမြားမင်္ဂလာအခမ်းအနား

ဟူ၍ဖြစ်ပါသည်။

မင်္ဂလာစင်မြင့်ထက်မှ သတို့သားနှင့်သတို့သမီးတို့မှာ အပြုံးပန်းများပွင့်လန်းနေကြသည်။

မင်္ဂလာစင်မြင့်၏ရှေ့တည့်တည့် စင်မြင့်နှင့် အနီးဆုံးမှ စားပွဲဝိုင်းနှစ်ခုတွင် သတို့သားနှင့်သတို့သမီးတို့၏ အရင်းနှီးဆုံးဆွေမျိုးများနှင့် မိတ်ဆွေများဝိုင်းထိုင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းတစ်ခုတွင် ကိုဇာ၏ အဘိုးအဘွားများဖြစ်သော ဦးခင်မြတ်နှင့်ဒေါ်သိန်းရင်၊ ဖခင်ဖြစ်သူ ဒေါက်တာမြတ်သူနှင့် ဒေါက်တာ သက်သက်ခိုင်တို့ ဇနီးမောင်နှံ၊ မြို့မိဘများဖြစ်သော ဦးကိုအိနှင့် ဒေါ်သက်ထားတို့ ထိုင်နေကြသည်။

နောက်စားပွဲဝိုင်းတစ်လုံးတွင်တော့ လူ ၇-ယောက် ဝိုင်းထိုင်နေကြပါသည်။ ဒေါက်တာသာလွန်ဦးနှင့် ဒေါက်တာအေးမြင့်ကြည်တို့ လင်မယား၊ ကိုအောင်မြင့်မြတ်နှင့် ဇနီးမူမူအောင်၊ ကျော်ဇင်ထူး၏ မိဘများဖြစ်သော ဦးကျော်ဇေယျနှင့်ဒေါ်နှင်းဆီ၊ ပြီးတော့ ကျော်ဇင်ထူး ၏ညီမ ဉမ္မာကျော်တို့ ထိုင်နေကြသည်။ ဦးကျော်ဇေယျသည် လူတွဲနှင့် မင်္ဂလာအခန်းအနားကို တက်ရောက်လာခြင်းဖြစ်ပါ၏။

အားလုံး၏မျက်နှာများမှာ ပြုံးနေကြသည်။

မြို့မတီးဝိုင်း၏ မင်္ဂလာရှိသောသီချင်းသံများကလည်း ခန်းမအတွင်း ပျံ့လွင့်နေသည်။

ဒေါက်တာအေးမြင့်ကြည်က မင်္ဂလာစင်မြင့်ပေါ်မှစုံတွဲကို ကြည့်ကာ အားလုံးကြားအောင်ပြောလိုက်လေသည်။

"အင်း...ခုမှပဲ၊ ပြဿနာအားလုံး ငြိမ်းသွားတော့တယ်နော်၊ ကိုခရော ကိုကရော နှစ်ယောက်စလုံးအသက်ရှင်ရက်ရှိနေမယ်ဆိုရင် ဒီပြဿနာဟာ ဇာတ်တော်နဲ့ပြီးဆုံးမှာမဟုတ်ဘူး"

"နင်က ကိုခသေသွားတာ ကောင်းတယ်လို့ပြောတာလား အကြည်"

ကိုအောင်မြင့်မြတ်က ဝင်မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုတော့ မပြောကောင်းပါဘူးအောင်မြင့်မြတ်ရယ်၊ ကိုခက သူသာ ကျော်ဇင်ထူးလူဝင်စားဆိုပြီး ဇွတ်ဟန်ဆောင်နေတာမဟုတ်လား ကိုက သက်သေပြမယ့် ဓါးကွက်ရုပ်ကိုတောင် ဝိတ်ချင်းမြေခင်ကိုရောက်တဲ့အထိ လိုက်ရှာသေးတာကိုး၊ ကိုခ သေသွားတာ ဝမ်းမသာပေမယ့် ပြဿနာအေးသွားတာတော့ အမှန်ပဲမဟုတ်လား"

ဒေါက်တာသာလွန်ဦးက လည်ချောင်းရှင်းရင်း စကားဖြတ်ဝင်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြည်က မသေပဲကျန်နေတဲ့လူဟာ ချမ်းအေးကအစစ်ပဲ လို့ ထင်နေသလား အကြည်"

ဒေါက်တာသာလွန်ဦး စကားကြောင့် လူအားလုံး၏အကြည့်က ဒေါက်တာသာလွန်ဦးထံ စုဆုံသွားကြလေသည်။

"ဘာကိုဆိုလိုတာလဲ ကို၊ မသေပဲ အသက်ရှင်ကျန်နေတာ ကိုက,ပဲလေ၊ ဒါကို အားလုံးသိနေကြတာပဲ"

"အကြည်ရော၊ ကိုအောင်မြင့်မြတ်ရော…အခု ကျွန်တော် ပြောမယ့် စကားကို စဉ်းစားကြည့်စမ်းပါ၊ ကျွန်တော်စဉ်းစားမိတဲ့အချက်ကလေးတစ်ခုကို တင်ပြချင်လို့ပါ"

ဒေါက်တာသာလွန်ဦးက စကားကိုနိဒါန်းပျိုးလိုက်ပြီးမှ…

"အမြွာညီအစ်ကိုနှစ်ယောက်စလုံးက ဖြိုးရဲ့အချစ်ကို လိုချင်နေကြတယ်၊ ဒီအထဲမှာ တစ်ယောက်က အခြေအနေမကောင်းဘူး၊ အခြေအနေမကောင်းတဲ့သူက ကိုခ,ပဲ၊ ဒီကြားထဲမှာ အမြွာတစ်ယောက်ဟာ သေသွားခဲ့တယ်၊ သေသွားတဲ့သူဟာ ကိုခမဟုတ်ပဲ ကိုက,လို့ ကျွန်တော်တို့ စဉ်းစားကြည့်ရအောင်"

ဒေါက်တာသာလွန်ဦးက သူ့စကားကို စိတ်ဝင်စားမှုရှိ,မရှိ လူအားလုံးကို အကဲခတ်ကြည့်လိုက်သည်။

အားလုံးက ဒေါက်တာ သာလွန်ဦးပြောမည့်စကားကို စိတ်ဝင်စားစွာင့်လင့်နေကြလေ၏။

"သေသွားတဲ့လူဟာ ကိုကဆိုပါတော့၊ အသက်ရှင်ကျန်နေတဲ့လူကို ကိုခ,လို့ ထားလိုက်မယ်၊ ကိုခဟာ သတိပြန်လည်လာတဲ့အချိန်မှာ အမြွာတစ်ယောက်သေသွားတယ်ဆိုတာ သိလိုက်မယ်၊ အဲဒီအချိန်မှာ သူဟာ သူ့ကိုယ်သူ ဘယ်သူပါလို့ ပြောမယ် ထင်သလဲ"

*ဒေါက်တာသာလွန်ဦးစကားအဆုံးတွင်* ကိုအောင်မြင့်မြတ်က လက်ဖျောက်တီးလိုက်သည်။

"ဟုတ်တာပေါ့ဒေါက်တာ၊ ဒေါက်တာစဉ်းစားတာ သိပ်သဘာဝကျပါတယ်၊ ကိုခဟာ ဖြိုးအချစ်ကိုရဖို့ မျှော်လင့်ချက်မဲ့နေတဲ့အချိန်၊ ကိုက သေသွားပြီး သူမသေဘဲကျန်နေရင် သူ့ကိုယ်သူ ကိုခဖြစ်တယ် ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပြောမှာမဟုတ်ဘူး၊ ကိုက အဖြစ်နဲ့ ဆက်ပြီးဟန်ဆောင်နေမှာပဲ၊ သူ့ကိုယ်သူ ကိုက,ပါလို့ ပြောမှာပဲပေါ့ ဒေါက်တာ"

"အို…"

"ဘုရား…ဘုရား…"

ဒေါ်နှင်းဆီက ရင်ဘတ်ကိုဖိ၍ ဘုရားတလိုက်သည်။

"ကျွန်တော်က အဲဒီအတိုင်းဖြစ်တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး၊ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ စဉ်းစားကြည့်တာပါ၊ **သေတဲ့လူဟာ ကိုကဖြစ်ပြီး မသေဘဲကျန်တဲ့လူက ကိုခဖြစ်နေရင်**…ကိုခဟာ ကိုက အဖြစ်ပဲ ဆက်ပြီးလုပ်ရှားတော့မှာပဲ၊ ကိုကအဖြစ်ရှိနေမှသာ ဖြိုး အချစ်ကို ရတော့မှာကိုး၊ သူ့အတွက် အခြေအနေကလည်း ပေးနေတယ်လေ၊ သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ ဘယ်သူကမှခွဲခြားလို့မရတဲ့ အမြွှာညီအစ်ကို မဟုတ်လား၊ သူတို့ကိုခွဲခြားသိနိုင်တဲ့ သူတို့ အမေကလည်း သေသွားခဲ့ပြီကိုး"

စားပွဲဝိုင်းမှ လူ ၇-ယောက်လုံး၏မျက်နှာများက မင်္ဂလာစင်မြင့်ဆီကို ပြိုင်တူလှည့်သွားကြလေသည်။ ဖြိုးအိသွယ်နှင့်ယှဉ်တွဲထိုင်နေသော သတို့သားဖြစ်သူကို လှမ်းကြည့်လိုက်မိကြသည်။

သူတို့အကြည့်တွင် စင်ပေါ်မှသတို့သားက သူတို့အားလုံးကို ရယ်ပြလိုက်လေ၏။

"ဒါပေမယ့်…ဒါပေမယ့်…တစ်ခုရှိသေးတယ်လေ၊ ကိုက ပြောဖူးတဲ့အချက်တစ်ခုရှိသေးတယ်၊ အန်ကယ်ဦးကျော်ဇေယျနဲ့ အန်တီဒေါ်နှင်းဆီတို့ကတော့ ကိုကနဲ့ကိုခကို ခွဲနိုင်တယ်တဲ့၊ ကျော်ဇင်ထူး လူဝင်စားအစစ်ဟာ ဘယ်သူဆိုတာ သိတယ်လို့ ပြောဖူးတယ်၊ ဟုတ်လား အန်တီ"

ဒေါ်နှင်းဆီက သက်ပြင်းချလိုက်သည်။

"ဒါက…ဒီလိုပါအကြည်၊ အန်တီတို့လျှို့ဝှက်ထားတဲ့မိသားစုကိစ္စတစ်ခုကို ကိုက,က ပြောပြနိုင်ခဲ့တယ်၊ အဲဒါကြောင့်…ကိုကဟာ အန်တီတို့သား ဝင်စားသူဆိုတာ သိလိုက်ရတာပါ၊ ဒါပေမယ့်… ကိုက,က အဲဒီလျှို့ဝှက်ချက်ကို ကိုခရှေ့မှာပဲပြောပြပြီး ကိုခကိုရှင်းပြခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အို…"

"အဲဒါကြောင့်…လျှို့ဝှက်ချက်ကို ကိုခက သိပြီးသားဖြစ်နေပါပြီ အကြည်"

"ဟင်…ဒါဖြင့် အသက်ရှင်ကျန်နေတဲ့လူဟာ ကိုကအစစ်လား၊ ကိုခက ကိုကအနေနဲ့ ဟန်ဆောင်နေတာလားဆိုတာ မသိနိုင်တော့ဘူးပေါ့"

"ဟုတ်တာပေါ့၊ အဖြစ်မှန်ကိုသိနိုင်တဲ့သူ…ဒီကမ္ဘာပေါ်မှာ တစ်ယောက်မှမရှိတော့ဘူးနော်"

"မဟုတ်ပါဘူး၊ အဖြစ်မှန်ကိုသိတဲ့လူ တစ်ယောက်တော့ ရှိပါသေးတယ်"

"ဘယ်သူလဲဟင်…"

"ဟိုလူလေ…မင်္ဂလာစင်မြင့်ပေါ်မှာ ဖြူးအိသွယ်ဘေးက ထိုင်နေတဲ့လူပေါ့၊ သတို့သမီးဖြူးအိသွယ်ဘေးမှာထိုင်နေတဲ့ သတို့သားကြီးကတော့ သူဘယ်သူဆိုတာ…သူ့ကိုယ်သူ အသိဆုံးပေါ့ဗျာ"

"အို…"

နွေတာမာန်



www.burmeseclassic.com